BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

ပြည်သူ့လွှတ်တော်
ကိုယ်စားပြုကော်မတီကို
ထောက်ခံကြ

The Lightning Newsletter

( ၁၅–၁–၉၉ )ရက်နေ့တွင် စတင်တည်ထောင်သည် | မြန်မာသက္ကရာဇ် ၁၃၆၃ ခုနှစ် * ခရစ်နှစ် ၂၀၀၂ ခုနှစ် | အမှတ် (၂၈)

## ယနေ့အချိန်ထိ "ပင်လုံပြည်ထောင်စုစိတ်ဓာတ်" ရှင်သန်ဖွံ့ဖြိုးမှုမရှိသေး ဒီမိုကရေစီထွန်းကားမှုမရှိလျှင် တိုင်းရင်းသားအခွင့်အရေးများမပြည့်စုံနိုင် လူမျိုးကြီးဝါဒနှင့် ကျဉ်းမြောင်းသောအမျိုးသားရေးဝါဒတို့ကိုဖယ်ရှား၍ ဒီမိုကရေစီပြည်ထောင်စုကြီး တည်ဆောက်သွားရမည်ဖြစ်ကြောင်း NLD မှ ပြည်ထောင်စုနေ့ကြေညာချက်ထုတ်ပြန်



တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်သည့်နိုင်ငံများတွင် ဆန္ဒသဘောထားမတူညီဘဲ၊ အင်အားဖြင့်အတင်းအကျပ် သွတ်သွင်းထိန်းချုပ်ကာ လူနည်းစုလူမျိုးများ၏ရပိုင်ခွင့်နှင့်ဒီမိုကရေစီအခွင့်အရေးများကို မတည်ဆောက်ပါက ပြည်ထောင်စုကြီး ပြိုကွဲသွားတတ်ကြောင်း သာဓကများဖော်ပြပါရှိသည့် ကြေညာချက်စာတမ်းတစောင်ကို (၅၅)ကြိမ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ထုတ်ပြန်ခဲ့သည်။

၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၂)ရက်နေ့က ရန်ကုန်မြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင်(၅၅)ကြိမ်မြောက်ပြည်ထောင်စုနေ့အခမ်းအနားကိုကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရသည်။ အခမ်းအနားသို့ နေအိမ်တွင် အကျယ်ချုပ်ချထားခြင်းခံနေရသည့် မြန်မာ့ဒီမိုကရေစီရေးခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ပါဝင်တက်ရောက်နိုင်ခြင်း မရှိခဲ့သော်လည်း NLD ဥက္ကဋ္ဌဦးအောင်ရွှေ၊ ဒု–ဥက္ကဋ္ဌ ဦးတင်ဦး တို့နှင့် NLD ထိပ်တန်းခေါင်းဆောင်များ၊ အဖွဲ့ဝင်များ၊ တိုင်းရင်းသားပါတီအဖွဲ့အစည်း များမှခေါင်းဆောင်များ၊ စစ်အုပ်စုနှင့် ယာယီအပစ်အခတ်ရပ်စဲထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံခြားသံတမန်များ၊ သတင်းဌာနများနှင့် ပြည်သူ လူထုများ စုစုပေါင်းပရိသတ် ၅၀၀ ကျော်တက်ရောက်ခဲ့ကြသည်။

ထိုအခမ်းအနား၌ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ရွှေက "ယနေ့ရင်ဆိုင်ကြုံတွေ့နေရသည့် မြန်မာနိုင်ငံရေး အခြေအနေကို နိုင်ငံရေးနည်းလမ်းနှင့်သာ တွေ့ဆုံဖြေရှင်းရန်လိုအပ်ကြောင်း" ပြောကြားသွားခဲ့ပြီး စာမျက်နှာ(၉)မျက်နှာပါဝင်သည့် ကြေညာချက်စာတမ်းတစောင်လည်း ထုတ်ပြန်ခဲ့သည်။

အဆိုပါ ကြေညာချက်စာတမ်း၌ မြန်မာပြည်လွတ်လပ်ရေး ရရှိရေးအတွက် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် တိုင်းရင်းသားကိုယ်စားလှယ်ကြီးများ ပြည်နယ်ပြည်မ မခွဲခြားဘဲစည်းလုံးညီညွတ်ကြရန် သံန္နိဋ္ဌာန်ပြုခဲ့သည့် ပင်လုံသဘောတူစာချုပ်ကြီးချုပ်ဆိုခဲ့သည်မှာ (၅၅)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း၊ ထိုစာချုပ်ကြီး၌ "နယ်စပ်ဒေသများ၏ နယ်သူနယ်သားတို့သည် ဒီမိုကရေစီနိုင်ငံများတွင် အခြေခံများအဖြစ် အသိအမှတ်ပြုထားသော အခွင့်အရေးများတို့ကို ခံစားနိုင်ခွင့်ရှိစေရမည်" ဟုဖော်ပြထားကြောင်း၊ ယနေ့ဆိုလျှင် ပင်လုံစာချုပ်ကြီးချုပ်ဆိုနိုင်ခဲ့သည်မှာ (၅၅)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သော်လည်း ပင်လုံစိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်သည် ရှင်သန်ဖွံ့ဖြိုးနေခြင်း မရှိသေးကြောင်း၊ မြန်မာနိုင်ငံတွင် လက်ငင်းအရေးတကြီး ဖြေရှင်းရန်လိုအပ်နေသော ပြဿနာမှာ ဒီမိုကရေစီထွန်းကားရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အရေးများဖြစ်ကြောင်း၊ ဒီမိုကရေစီထွန်းကားမှုမရှိဘဲ တိုင်းရင်းသားအခွင့်အရေးများ မပြည့်စုံနိုင်သကဲ့သို့ တိုင်းရင်းသားအားလုံးအကြား စည်းလုံးညီညွတ်မှုကို မတည်ဆောက်နိုင်ပါက ပြည်ထောင်စုတည်တံ့ခိုင်မြဲရေးကိုလည်း တည်ဆောက်နိုင်မည် မဟုတ်ကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်သော နိုင်ငံဖြစ်သည်နှင့်အညီ တိုင်းရင်းသားလူမျိုးစုအားလုံး ချစ်ကြည်ရင်းနှီးသွေးစည်းညီညွတ်ရေးသည် အလွန်အရေးကြီးပါကြောင်း၊ သွေးစည်းညီညွတ်ရေးကိုဦးတည်သည့် လူမျိုးစုအမျိုးသားရေးဝါဒကို ချမှတ်ပြီး ဒီမိုကရေစီစနစ်ကျင့်သုံးမှသာလျှင် ဖွံ့ဖြိုးတိုးတက်သော၊ ငြိမ်းချမ်းသာယာသောစစ်မှန်သည့် ပြည်ထောင်စုနိုင်ငံတော်ကြီးဖြစ်ပေါ်လာနိုင်မည် ဖြစ်ကြောင်း၊ ဆန္ဒသဘောမတူညီဘဲ အင်အားဖြင့်အတင်းအကျပ် သွတ်သွင်းထိန်းချုပ်ကာ လူနည်းစု၊ လူမျိုးစုရပိုင်ခွင့်များနှင့်ဒီမိုကရေစီအခွင့်အရေးများကို မတည်ဆောက်ခဲ့သဖြင့် ပြည်ထောင်စုကြီးများပြိုကွဲခဲ့ရသည်ကို ကမ္ဘာ့သမိုင်းတွင် အထင်အရှားမြင်နိုင်ကြောင်း….၊ ထို့ကြောင့် လွန်ခဲ့သည့် (၅၅)နှစ်တာကာလ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရန် ပူးပေါင်းဆောင်ရွက်ခဲ့သည့် တိုင်းရင်းသားညီအကိုမောင်နှမများသည် ယခုအခါ၌လည်း စစ်မှန်သောဒီမိုကရေစီပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအတွက် လက်တွဲမဖြုတ်စတမ်းကြိုးပမ်းသွားကြပါရန် သံန္နိဋ္ဌာန်ချကြပါစို့ဟု ဖော်ပြပါရှိသည်။

အလားတူ နအဖ စစ်အုပ်စုဦးဆောင်သည့် ပြည်ထောင်စုနေ့အခမ်းအနားတရပ်ကိုလည်း ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပသွားခဲ့ရာ စစ်အုပ်စုထိပ်သီးခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့ချိန်ကစ၍ (၂)နှစ်နီးပါး ထုတ်ဖော်မပြောဆိုတော့သည့် ပြည်တွင်းပြည်ပအဖျက်သမားများအား ပြည်သူလူထုကြီးတရပ်လုံးကချေမှုန်းကြရန် ပြန်လည်သုံးစွဲပြောဆို သွားခဲ့ကြောင်းသိရပြီး ယခုနှစ်ပြည်ထောင်စုနေ့ အထိမ်းအမှတ်အခမ်းအနားများကို တိုင်းရင်းသားအဖွဲ့အစည်းများအား ကျင်းပပြုလုပ်ခွင့်ပိတ်ပင်တားဆီးခဲ့သည်ဟုသိရသည်။ ■

## မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂလူ့အခွင့်အရေးအထူးသံတမန်၏ တတိယအကြိမ်မြောက် မြန်မာနိုင်ငံခရီးစဉ်ပြီးဆုံး *NLD* ထိပ်တန်းခေါင်းဆောင်များနှင့်တွေ့ဆုံခဲ့

ရန်ကုန်မြို့သို့ (၁၀)ရက်ကြာ ခရီးစဉ်အဖြစ် ရောက်ရှိနေသည့် ကုလသမဂ္ဂလူ့အခွင့်အရေးသံတမန် မစ္စတာပေါ်လိုဆာဂီယိုပင်ဟေးရိုသည် ၎င်း၏ခရီးစဉ်များပြီးဆုံးသွားပြီဖြစ်၍ ဖေဖော်ဝါရီ(၁၉)ရက်နေ့က မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာသွားကြောင်းသတင်းရရှိသည်။

လွန်ခဲ့သည့်နှစ် ဧပြီလက မြန်မာပြည်ဆိုင်ရာလူ့အခွင့်အရေးအထူးသံတမန်အဖြစ် တာဝန်ပေးအပ်ခြင်းခံခဲ့ရသူ မစ္စတာပင်ဟေးရိုသည် ၎င်း၏ တတိယမြောက်ခရီးစဉ်အဖြစ် မြန်မာနိုင်ငံသို့ ဖေဖော်ဝါရီ(၁၀)ရက်နေ့က ရောက်ရှိလာခဲ့ရာ မလာရောက်မီအတွင်း မြန်မာ့အရေး အထူးကြားဝင်စေ့စပ်ပေးနေသူ မလေးရှားနိုင်ငံသား မစ္စတာရာဇာလီနှင့်လည်း ဝင်ရောက်တွေ့ဆုံဆွေးနွေးခဲ့သည်ဟု သိရသည်။

ယခုခရီးစဉ်အတွင်း၌ မစ္စတာပင်ဟေးရိုသည် မြန်မာစစ်အုပ်စုထိပ်တန်းခေါင်းဆောင်များနှင့်သာမက မြန်မာ့ဒီမိုကရေစီရေးခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်၊ တိုင်းရင်းသားပါတီများမှခေါင်းဆောင်ကြီးများ၊ စစ်အုပ်စုနှင့်အပစ်အခတ်ရပ်စဲထားသည့် အဖွဲ့အစည်းများအပါအဝင် စစ်အကျဉ်းထောင်များ၌ ကျရောက်နေသောနိုင်ငံရေးအကျဉ်းသားများနှင့်လည်းတွေ့ဆုံနိုင်ခဲ့သည်ဟု သိရသည်။

ဖေဖော်ဝါရီ(၁၈)ရက်နေ့က အင်းစိန်အကျဉ်းထောင်သို့သွားရောက်ခဲ့ပြီး နိုင်ငံရေးအကျဉ်းသားများနှင့် ၉ နာရီကျော်ကြာအောင် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် နေအိမ်တွင်အကျဉ်းချထားခြင်းခံနေရသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်သို့သွားရောက်တွေ့ဆုံခွင့် ရခဲ့ကြောင်းသိရသည်။ အဆိုပါနေ့က ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ NLD ထိပ်တန်းခေါင်းဆောင်များဖြစ်ကြသည့် ဥက္ကဋ္ဌဦးအောင်ရွှေ၊ ဒုဥက္ကဋ္ဌဦးတင်ဦး အတွင်းရေးမှူးဦးလွင်တို့နှင့် ဆွေးနွေးနိုင်ခဲ့သည်ဟုသိရသည်။

အဆိုပါဆွေးနွေးပွဲနှင့်ပတ်သက်၍ NLD ၏ ပြောရေးဆိုခွင့်ရှိသူ ဦးလွင်ကပြောကြားခဲ့ရာတွင် မစ္စတာပင်ဟေးရိုသည် ၎င်း၏စိတ်ရင်းစေတနာမှန်ဖြင့် မြန်မာပြည်အရေးကို ဆောင်ရွက်နိုင်ရန် တာဝန်ယူခဲ့ခြင်းဖြစ်သည်ဟု ပြောကြားကြောင်း၊ မိမိအနေဖြင့်လည်း သူသည်သူ၏တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်နိုင်လိမ့်မည်ဟုယုံကြည်ကြောင်း၊ ဆွေးနွေးခဲ့သည့် ကိစ္စရပ်များအပေါ်မိမိအနေဖြင့်အသေးစိတ် ရှင်းမပြနိုင်သော်လည်း ၎င်းနှင့်ဆွေးနွေးရသည်မှာ အလွန်အားတတ်ကျေနပ်ဖွယ်ရာရှိခဲ့ကြောင်းဖြင့် ထုတ်ဖော်ပြောကြားသွားခဲ့သည်။

မစ္စတာပင်ဟေးရိုသည် ယခုခရီးစဉ်အတွင်းနိုင်ငံရေးအကျဉ်းသားများပြန်လည်လွတ်မြောက်လာရေးအတွက် အာရုံထားကြိုးပမ်းခဲ့ပုံရပြီး ၎င်းရောက်ရှိနေစဉ်ကာလအတွင်း စစ်အုပ်စုကပြုလုပ်မြဲဖြစ်သည့် မူလအတိုင်း နိုင်ငံရေးအကျဉ်းသား ၁၁ ဦးတို့ကို နှစ်ကြိမ်ခွဲ၍ ပြန်လည်လွှတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မြန်မာပြည်ခရီးနှင့်ပတ်သက်၍ ၎င်း၏လေ့လာစုံစမ်းခဲ့မှု အစီရင်ခံစာကိုလည်းလာမည့်ဧပြီလတွင် ကုလသမဂ္ဂလူ့အခွင့်ရေးဆိုင်ရာညီလာခံ၌တင်သွင်းမည်ဖြစ်ကြောင်းသိရသည်။

မင်းဆိုးကို "မိုးကြိုး" ပစ်ပြီ

# အယ်ဒီတာ့အာဘော်

## အကောင်းဆုံးကိုမျှော်လင့်၊ အဆိုးဆုံးအတွက်ပြင်ဆင်

ယခုဆိုလျှင် စစ်အစိုးရနှင့်အဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံစကားပြောဆိုနေမှုသည် (၁)နှစ်ခွဲမျှ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း အကောင်အထည် မယ်မယ်ရရရှိသည့် မည်သည့်ရလာဒ်မျှ ထွက်ပေါ်လာခြင်းမရှိသေးကြောင်း တွေ့မြင်ရပေသည်။ နအဖ၏ တရားဝင်ပြောရေးဆိုခွင့်ရှိသူ တပ်မတော်ထောက်လှမ်းရေးဌာနချုပ်မှ ဗိုလ်မှူးကြီးလှမင်းက သက္ကရာဇ်(၂၀၀၁)ခုနှစ်၊ ဒီဇင်ဘာလ(၂၈)ရက်နေ့တွင် ကျင်းပသော သတင်းစာရှင်းလင်းပွဲ၌ စစ်အစိုးရ၏ အနာဂတ်နိုင်ငံရေးရည်မှန်းချက် သဘောထားများကို အတိအလင်းထုတ်ဖော်ပြောကြားခဲ့ခြင်းနှင့် ဒီဇင်ဘာလကုန်ပိုင်းမှစ၍ တပြည်လုံးတွင် ကြံ့/ဖွတ်ခေါင်းဆောင်သည့် လူထုစုဝေးပွဲကြီးများကျင်းပစေပြီး စစ်အစိုးရ၏ (၁၃)နှစ်ကျော် အုပ်ချုပ်မှုကိုကြိုဆိုထောက်ခံကြောင်း အင်အားပြသခဲ့ခြင်းတို့သည် စစ်အစိုးရအနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဆွေးနွေးတောင်းဆိုမှုများကို လုံးဝလိုက်လျောမည်မဟုတ်ပဲ ၎င်းတို့မူလချမှတ်ထားသည့် "မူ"များအတိုင်း ကျင်းပဆဲ အမျိုးသားညီလာခံမှတဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြီးဆုံးအောင်ဆက်လက်ရေးဆွဲပြီး ရွေးကောက်ပွဲအသစ် ပြန်လည်ပြုလုပ်ရေးကိုသာ တရားသေဆုပ်ကိုင်လျက်ရှိကြောင်း ဖော်ပြလိုက်ခြင်းဖြစ်ပေသည်။ တနည်းအားဖြင့် အနာဂတ်မြန်မာနိုင်ငံရေးတွင် စစ်တပ်၏ ဦးဆောင်မှုအခန်းကဏ္ဍရယူရေးဟူသော ၎င်းတို့၏အစ္စိမရည်မှန်းချက် အကောင်အထည်ဖော်ရေးသည်သာ ၎င်းတို့၏မဟာဗျူဟာရည်မှန်းချက်ဖြစ်ဆဲဖြစ်ပြီး၊ နိုင်ငံတကာဖိအားကို ရှောင်လွှဲရန်အတွက်သာ ဒေါ်စုနှင့်နည်းပရိယာယ်အရ အယောင်ပြဆွေးနွေးခြင်းသာ ဖြစ်သည်ဟု ယူဆရမည်ဖြစ်ပေသည်။ စစ်အစိုးရအနေဖြင့် အနှစ်သာရရှိသော အပြောင်းအလဲတစုံတရာ ပြုလုပ်ခဲ့ခြင်း မရှိသေးပါ။

စစ်အစိုးရအနေဖြင့် ယခုကဲ့သို့တုံ့ပြန်လာမှုသည် စစ်အာဏာရှင်တို့၏ မူလဇာတိစိတ်အရတုံ့ပြန်လာခြင်းဖြစ်ပေသည်။ နအဖ စစ်အစိုးရသည် စစ်အာဏာရှင်စနစ်သက်ဆိုးရှည်ရေးအတွက် နည်းမျိုးစုံဖြင့်ကြိုးပမ်းလျက်ရှိသည်မှာ အထင်အရှားပင်ဖြစ်သည်။ ၎င်းတို့ဖွဲ့စည်းထားသော မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် (UMHE)သည် ပြည်သူ့ဘဏ္ဍာထဲမှ ကျပ်ကုဋေ(၆၀၀)၊ စစ်မှုထမ်းများထဲမှ ကျပ်ကုဋေ(၄၀၀)ထည့်ဝင်၍ စစ်တပ်လက်ဝါးကြီးအုပ်စီးပွားရေးစနစ်ကို ဖော်ဆောင်နေသည်။ သိရသ၍ ၁၉၉၅ ခုနှစ်တွင် ဦးပိုင်လီမိတက်သည် ရင်းနှီးမြှုပ်နှံငွေ အမေရိကန်ဒေါ်လာ(၅၇၀.၇)သန်း၊ မြန်မာငွေ(၄၄၀.၅)သန်း၊ အမြတ်ငွေ အမေရိကန်ဒေါ်လာ(၉.၆)သန်းနှင့် မြန်မာကျပ်ငွေ (၇၀.၂)သန်း ရှိသည်။ နဝတ အစည်းအဝေး(၇-၄-၉၅)က ဦးပိုင်လီမိတက်အား ကူးသန်းရောင်းဝယ်ခွန်နှင့်ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုခဲ့သည်။ ရသည့်အမြတ်ငွေများကို ပြည်သူလူထုလက်သို့ တပြားတချပ်မျှမရောက်၊ စစ်ဗိုလ်ကြီးများနှင့်စစ်တပ်မိသားစုများသာ ချမ်းသာကြွယ်ဝစေသော စစ်ဗိုလ်လက်ဝါးကြီးအုပ်စီးပွားရေးစနစ်ဖြစ်သည်ကို အထင်အရှားတွေ့မြင်နိုင်သည်။ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်သည် အနာဂတ်မြန်မာ့နိုင်ငံရေးတွင် စစ်တပ်မှလက်ဝါးကြီးအုပ်ဗိုလ်လုပ်ရန် ကြံရွယ်ကြိုးပမ်းလျက်ရှိသည့် သင်္ကေတပင်ဖြစ်သည်။

ပိုမို၍ဆိုးဝါးသည်မှာ ယနေ့မြန်မာ့လူ့အဖွဲ့အစည်းသည် စစ်တပ်လူတန်းစားနှင့် သာမန်အရပ်သားလူတန်းစားဟူ၍ နှစ်မျိုးခွဲခြားဆက်ဆံခံနေရခြင်းဖြစ်သည်။ စစ်တပ်လူတန်းစားကို သခင်လူတန်းစားအဖြစ်လည်းကောင်း၊ သာမန်အရပ်သားလူတန်းစားကို ကျွန်လူတန်းစားအဖြစ်လည်းကောင်း ဖန်တီးနေပေသည်။ ပညာရေးဘက်တွင်လည်း သင်ကြားမှုအထောက်အကူပြုပစ္စည်းအစုံအလင်ဖြင့် စစ်ဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ စစ်ဘက်ဆိုင်ရာအင်ဂျင်နီယာတက္ကသိုလ်၊ စစ်ဘက်ဆိုင်ရာသူနာပြုတက္ကသိုလ် စသည်ဖြင့် ဖွင့်လှစ်ပြီး စစ်တပ်အကျိုးပြု သခင်လူတန်းစားကို မွေးထုတ်နေသကဲ့သို့ အခြားတဘက်တွင်လည်း ကမ္ဘာပေါ်တွင်တာဝန်အမဲ့ဆုံးသော အစမ်းသပ်ခံပညာရေးစနစ်ဖြင့် အရပ်သားများကို စစ်၏ကျေးကျွန်အဖြစ် နွံနစ်စေရန်လုပ်ဆောင်နေပေသည်။

ခြုံငုံ၍သုံးသပ်ရပါလျှင် စစ်အာဏာရှင်တို့သည် အနာဂတ်မြန်မာနိုင်ငံရေးတွင် စစ်တပ်လွှမ်းမိုးရေးတည်းဟူသော ၎င်းတို့၏မူလသဘောထားအတိုင်း ဆက်လက်အကောင်အထည်ဖော်ရန် ဘက်ပေါင်းစုံမှ ကြံစည်လုပ်ဆောင်နေဆဲဖြစ်သည်။ ကြက်ဥသည် လိုအပ်သော အပူချိန်မရလျှင် ဥမပေါက်နိုင်။ ရေသည်လည်း (၁၀၀)ဒီဂရီစင်တီဂရိတ်သို့ မရောက်မချင်း မဆူသလို သုညဒီဂရီစင်တီဂရိတ်သို့ မရောက်မချင်း ရေမခဲသကဲ့သို့ စစ်အစိုးရသည်လည်း ပြည်သူလူထုမှသင့်လျော်သောဖိအားသက်ရောက်မှုမပေးမချင်း ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်မည် မဟုတ်သည်မှာသေချာလှပေသည်။ သို့ဖြစ်ပါ၍ မကုန်မခန်းနိုင်သော ပြည်သူ့စွမ်းအားများကို တစုတစည်းတည်းဖြစ်အောင် ပေါင်းစပ်ပြီး ရာဇဝင်တွင်လောက်သောဖိအားတရပ် စစ်အာဏာရှင်တို့အပေါ်ကျရောက်စေရန်မှာ ယနေ့ပြည်သူတရပ်လုံး၏တာဝန်ဖြစ်ပေသည်။ သို့ပါ၍ ဤကာလသည် တွေ့ဆုံဆွေးနွေးပွဲများမှတဆင့် စစ်မှန်သောအမျိုးသားပြန်လည်သင့်မြတ်ရေး ပေါ်ပေါက်လာခြင်းတည်းဟူသော အကောင်းဆုံးကိုမျှော်လင့်၍ စစ်အာဏာရှင်မင်းဆိုးအား ပြည်သူ့ခွန်အားဖြင့် လုံလောက်သောဖိအားပေးနိုင်ရန် အဆိုးဆုံးအတွက် ပြင်ဆင်ရမည့်အချိန်အခါ ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်အပ်ပေသည်။

# ကမ္ဘာလွှမ်းခြုံ ဖြန့်ကြက်မှု (၇)

၁၅၊ ၃၊ ၂၀၀၁ နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရန်ကုန်မြို့၌ ကျင်းပခဲ့သည့် "လူငယ်ပညာပေးဟောပြောပွဲ"အစီအစဉ်မှ ဦးလွင်ဟောပြောခဲ့သည့် "ကမ္ဘာလွှမ်းခြုံ ဖြန့်ကြက်မှု" (Globalization) ဟောပြောချက် အပိုင်း (၇) ဖြစ်ပါသည်။



အတွင်းရေးမှူး ဦးလွင်

**အသွင်ကူးပြောင်းရေးကာလမှာ အာဏာရှင်လက်အောက်ကာလကြာရှည်စွာနေခဲ့ပြီး ထွက်ရပ်ပေါက်ဖြစ်ပေါ်တဲ့နိုင်ငံတွေ၊ တိုင်းပြည်တွေမှာ ခေတ်ဟောင်းကို ခင်တွယ်ပြီး တမ်းတနေသူတွေရယ်၊ Globalization ခေတ်မှာသူများနည်းတူ အမှီလိုက်ချင်တဲ့သူတွေရယ် ဆိုပြီး ရှိတတ်ပါတယ်။**

Globalization အောက်မှာ Electronic Herds နဲ့ Super Market တွေဟာ နိုင်ငံတကာမှာ အလွန်အရေးပါတဲ့ဇာတ်လိုက်ဇာတ်ကောင်တွေဖြစ်ကြတယ်ဆိုတာ ရှင်းပါတယ်။

Electronic Herds တွေဟာ စစ်အေးခေတ်မှာမွေးဖွားခဲ့ပြီး ပြုစုပျိုးထောင်လာခဲ့ရတာဖြစ်ပါတယ်။ အချိန်တိုတိုနဲ့ ဖြစ်ပေါ်လာတာမဟုတ်ပါဘူး။ အချိန်ယူပြီး ကြီးပြင်းရတဲ့သဘောပါ။ အတ္တလန်တိတ်သမုဒ္ဒရာကိုဖြတ်ပြီး မြေအောက်တယ်လီဖုန်းကြိုးချခဲ့တဲ့ အချိန်ကစလို့ Electronic Herds တွေဟာအလုပ်အများကြီး စတင်လုပ်ခဲ့ရတာ ဖြစ်ပါတယ်။ စစ်အေးခေတ်မှာလည်း Electronic Herds တွေဟာ အရေးပါခဲ့တာပါပဲ။ ဒါပေမယ့် ဒီနေ့ လောက်တော့အရေးမပါခဲ့ပါဘူး။ စစ်အေးခေတ်ကိုကျော်ပြီး ယနေ့ခေတ်ကို ရောက်တဲ့ အခါကျတော့ Short Horn, Long Horn လို့တင်စားရတဲ့ အဖွဲ့အစည်းတွေရဲ့ပူးပေါင်းတဲ့ ပမာဏဟာ အရွယ်အစားကြီးမားလာတယ်။ Berlin တံတိုင်းပြိုလဲပြီးတဲ့နောက်မှာ တမဟုတ်ချင်းကြီးထွားလာခဲ့တယ်။ လှုပ်ရှားမှုဟာ အင်မတန်မြန်လာတယ်။ ကြီးထွားလှုပ်ရှားတဲ့နှုန်းဟာ ကမ္ဘာ့သမိုင်းတလျှောက်မှာ မကြုံစဖူးအလွန်ကြီးထွားလာတာကို တွေ့ရပါတယ်။

Electronic Herds တွေ ကြောက်စရာကောင်းပုံကို ပုံခိုင်းပြောချင်ပါတယ်။ ဘယ်လိုပုံခိုင်းမလဲဆိုရင်ကြွက်နဲ့တာရာနိုဆောရပ်(စ်) (Tyronnosaurus) နှစ်ကောင်ကို ပုံခိုင်းချင်တယ်။ ကြွက်မှာလည်းအမြီးရှိတယ်။ (Tyrannosaurus) (ပုပ်သင်ညိုအကြီးစားမျိုး) မှာလည်း အမြီးရှိတယ်။

Globalization ခေတ်ဦးမှာ အမြီးရမ်းတာဟာ ကြွက်အမြီးရမ်းသလိုပါပဲ။ Tyrannosaurus ရဲ့အမြီးရမ်းတာဟာ အင်အားကြီးမားပြီး အရှိန်အဟုန်လည်း ပြင်းပါတယ်။ ကမ္ဘာတဝှမ်းလုံး မူလလုပ်ကိုင်နေကြပုံစံတွေကို ပြုပြင်ပြောင်းလဲစေတဲ့အပြင် တိုးတက်မှုတွေပါ ဖြစ်ပေါ်လာစေပါတယ်။ သူ့အမြီးရမ်းတာဟာ ဘယ်လောက်ပြင်းသလဲဆိုရင် သမရိုးကျ စီးပွားရေးလုပ်ငန်းတွေမပြောနဲ့ တချို့စီးပွားရေးတွေတောင် ပြုတ်ကျကုန်ပါတယ်။ Globalization ထဲကိုဝင်ကာစအချိန်မှာ နိုင်ငံတော်တော်များများဟာ လှုပ်ရှားရမယ့်ပုံစံ၊ ကိုင်တွယ်ရမယ့်လုပ်ငန်းတွေကို ဆောင်ရွက်ရာမှာ စနစ်တကျမရှိခဲ့ဘူး။ စနစ်တကျရှိအောင် ဂရုမစိုက်ခဲ့ဘူး။ ဒါ့အပြင် စုစုစည်းစည်းလည်းမရှိခဲ့ဘူး။ Globalization ခေတ်မှာ အကောင်းဆုံးနိုင်ငံများမှ အဆိုးဆုံးနိုင်ငံများအထိ ဒီနှစ်ခုရဲ့မတည်ငြိမ်မှုတွေကို လူတိုင်းကိုမြင်အောင်ပြနိုင်တယ်။ ဖုံးကွယ်ထားလို့မရဘူး။ Electronic Herds တွေက ဖွင့်ချနိုင်တယ်။ ဒါကြောင့်အဖွဲ့အစည်းတွေပြိုလဲတယ်။ နိုင်ငံတွေပြိုလဲတယ်။ အစိုးရတွေပြုတ်ကျကုန်တယ်။ အဲဒီလိုဖြစ်ရတာဟာ ကမ္ဘာ့နိုင်ငံရေးကြောင့်ထက် ကမ္ဘာ့ဘဏ္ဍာရေးကြောင့် ဖြစ်ရတာလို့ ဆိုကြပါတယ်။ ဘဏ္ဍာရေးကို မကိုင်တွယ်နိုင်ရင်၊ မကိုင်တွယ်တတ်ရင် မကိုင်တွယ်တတ်သလို ပြိုလဲနိုင်တဲ့သဘောရှိပါတယ်။

အသွင်ကူးပြောင်းရေးကာလအကြောင်းကိုပြောပြမယ်။ သဘောပေါက်အောင်သေချာဂရုစိုက်ပြီးနားထောင်စေချင်ပါတယ်။ အသွင်ကူးပြောင်းရေးကာလမှာ အာဏာရှင်လက်အောက်ကာလကြာရှည်စွာနေခဲ့ပြီး ထွက်ရပ်ပေါက်ဖြစ်ပေါ်တဲ့နိုင်ငံတွေ၊ တိုင်းပြည်တွေမှာ ခေတ်ဟောင်းကိုခင်တွယ်ပြီး တမ်းတနေသူတွေရယ်၊ Globalization ခေတ်မှာ သူများနည်းတူအမှီလိုက်ချင်တဲ့သူတွေရယ်ဆိုပြီး ရှိတတ်ပါတယ်။ မညီမညွတ်ဖြစ်တတ်တယ်။ Electronic Herds နဲ့ အကျွမ်းမဝင်သေးဘူး ဆိုတာကိုပြနေတာဖြစ်တယ်။ အဲ့ဒီထက် ပိုဆိုးတာကအကျင့်ပျက်တာ၊ လာဘ်စားတာ၊ မရိုးမဖြောင့်လုပ်တာ၊ အဂတိလိုက်စားတာ၊ အင်္ဂလိပ်လိုပြောရရင်တော့ Corruption ပေါ့။ အဲ့ဒါမလွှဲမရှောင်သာဖြစ်မယ်။ နိုင်ငံတိုင်းမှာ ဖြစ်တယ်ဆိုတာ သတိထားဖို့လိုအပ်ပါတယ်။ ဥပမာပေးရရင် ဆိုဗီယက်ရုရှားပြိုလဲခဲ့ပြီး နောက်ပိုင်းမှာ နိုင်ငံလေးတနိုင်ငံပေါ်လာပါတယ်။ အယ်လ်ဘေးနီးယားနိုင်ငံ။ နိုင်ငံလေးကငယ်လည်းငယ်တယ်။ ဆင်းလည်းဆင်းရဲတယ်။ Stock Share, Bond တို့ကို သူများနည်းတူ လုပ်ကြည့်တယ်။ မလုပ်တတ်မကိုင်တတ်တော့ မအောင်မြင်ဘူး။ ကမောက်ကမတွေချည်းဘဲ။ Bond ဆိုရင်စက္ကူစုတ်တွေ ဖြစ်သွားတယ်တဲ့။ ကျွန်တော်တို့သင်ခန်းစာယူရမယ့် အဖြစ်အပျက်ပါ။ ဘာနဲ့တူသလဲဆိုတော့ စိုက်ပျိုးရေးလုပ်ငန်းမှာ အပင်ကိုင်းကူးတာနဲ့တူတယ်။ Hybrid လုပ်တယ်လို့ ခေါ်ပါတယ်။ လက်ခံပင်နဲ့ကိုယ်ကြိုက်တဲ့အပင်ကို ကိုင်းကူးတာ။ ဒါပေမယ့်ကိုင်းကူးတိုင်းအောင်မြင်သလားဆိုတော့ မအောင်မြင်ဘူး။ ရေ၊ မြေ၊ ရာသီဥတုနဲ့ကိုက်ညီတဲ့အပင်ကိုရွေးပြီးတော့ ကူးရပါတယ်။ Hybrid လုပ်ရတယ်။ ဒါမှ ကိုင်းဆက်အောင်မြင်တာပါ။

အမေရိကန်၊ ဥရောပအဖွဲ့ဝင်နိုင်ငံတွေအပြင် ကုလသမဂ္ဂအဖွဲ့စည်းတွေ ကမ္ဘာ့ဘဏ်နဲ့ ငွေကြေးအဖွဲ့စည်းတွေက အထောက်အပံ့ပေးတာတွေရှိပါတယ်။ ကျွမ်းကျင်မှု အကူအညီ၊ အကြံပေးတာတွေလည်းရှိပါတယ်။ ဒီလိုပေးသော်လည်း ပေးတဲ့သူကဘယ်လောက်ပေးပေးလုပ်ငန်းတွေအောင်မြင်ဖို့ ပြည်တွင်းမှာရှိတဲ့သူတွေက ပိုအဓိကကျပါတယ်။ ပြည်တွင်းတာဝန်ရှိတဲ့သူတွေက ကြိုးစားမှုစိတ်ဝင်တစားလုပ်သင့်လုပ်ထိုက်တာတွေ လုပ်ကြမှအောင်မြင်မှာဖြစ်တယ်ဆိုတာ အခြားနိုင်ငံတွေရဲ့အတွေ့အကြုံကို သင်ခန်းစာယူရမှာဖြစ်ပါတယ်။

ဆက်လက်ဖော်ပြပါမည်



Burma Independent News Agency
မြန်မာနိုင်ငံ
လွတ်လပ်သည့်သတင်းအေဂျင်စီမှ
ထုတ်ဝေဖြန့်ချိသည်။
အယ်ဒီတာ
ခင်လွန်း၊ မောင်ဇေသက်နိ

P.O. Box (91)
Mae Sod, 63110
Tak, Thailand.
binamojo@cscoms.com

# ဆွေးနွေးပွဲရှေ့သို့ တက်လှမ်းနိုင်လျှင် အမေရိကန်က ပိတ်ပင်တားဆီးမှုများလျှော့ပေါ့ပေးမည်

ယခုသီတင်းပတ်များအတွင်း မြန်မာစစ်အုပ်စုအနေဖြင့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးနေမှုများကို အရှိန်မြှင့်တင်ပေးရန်လိုအပ်နေပြီဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စုနှင့်ဒီမိုကရေစီလိုလားသည့်တိုင်းရင်းသားပြည်သူများ၏ဖိအားပေးမှုကိုခံနေရသည်ဟု ရန်ကုန်မြို့မှလာသည့် AFP သတင်းတပုဒ်တွင်ဖော်ပြပါရှိသည်။

ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးနှင့် အမေရိကန်ဝန်ကြီးဌာနများမှ ကွန်ကရက်လွှတ်တော်သို့ (၆)လတကြိမ်ပုံမှန်တင်သွင်းနေကျအစီရင်ခံစာကို ဖေဖော်ဝါရီ(၁၁)ရက်နေ့ကထုတ်ပြန်ခဲ့ရာတွင် ထိုအစီရင်ခံစာအရ ၂၀၀၀ ခုနှစ်အောက်တိုဘာမှစ၍စစ်အုပ်စုနှင့်ဒေါ်အောင်ဆန်းစုကြည်တို့၏ တွေ့ဆုံဆွေးနွေးမှုများမှအပြန်အလှန်နားလည်မှုကြောင့် နိုင်ငံရေးအကျဉ်းသား ၁၈၀ ခန့်ကို လွှတ်ပေးပြီးဖြစ်ကြောင်း(ယခုထိ ၂၂၀လွှတ်ပြီး)၊ ယခုကဲ့သို့ယုံကြည်မှုတည်ဆောက်နေသည့်အဆင့်ကိုကြိုဆိုသော်လည်း ဆွေးနွေးမှုများမှာ အလွန်ကြာလွန်းနေကြောင်း၊ ဒီမိုကရေစီနည်းလမ်းကျစွာ အရပ်သားအုပ်ချုပ်ရေးစနစ်ပြန်လည်ရောက်ရှိလာရန် စစ်မှန်သည့်နိုင်ငံရေးဆွေးနွေးမှုများအမြန်ဆုံးအကောင်အထည်ဖော်ကြရန်တိုက်တွန်းလိုက်ပါကြောင်းဖော်ပြပါရှိသည်ဟုသိရသည်။

ဆက်လက်၍ အမျိုးသားပြန်လည်သင့်မြတ်ရေးဆွေးနွေးပွဲများမှတဆင့် ဒီမိုကရေစီအတွက် လက်ဆုပ်လက်ကိုင်ပြနိုင်သည့်ညှိနှိုင်းမှုများရရှိ၍ အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လည်လွှတ်ပေးမည်ဆိုပါက မြန်မာနိုင်ငံအပေါ်စီးပွားရေးအရပိတ်ပင်တားဆီးမှုများလျှော့ပေါ့ပေးရန်စဉ်းစားမည်ဖြစ်ကြောင်းလည်းပါဝင်သည်ဟုသိရသည်။

ထို့အပြင် အဆိုပါအစီရင်ခံစာ၌ထည့်သွင်းဖော်ပြထားရာတွင် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ဆွေးနွေးပွဲအပေါ်မျှော်လင့်ချက်အပြည့်အဝထားရှိကြောင်း ထုတ်ဖော်ပြောနေသော်လည်း ဘာတွေဆုံဆွေးနွေးနေကြသည်ကို ထုတ်ဖော်မပြောခဲ့ကြောင်း၊ စစ်အုပ်စုဘက်ကလည်းရေငုံနှုတ်ပိတ်နေရုံသာမက နိုင်ငံတဝှမ်းလုံးတွင်လူ့အခွင့်အရေးချိုးဖောက်မှုများဆိုးဝါးစွာဆက်လက်ဖြစ်နေဆဲဖြစ်ကြောင်း ဖော်ပြထားပြီးဆင်းရဲမွဲတေမှု၊ အစိုးရဘတ်ဂျက်လိုငွေပြမှု၊ ငွေကြေးဖောင်းပွမှု၊ စွမ်းအင်ထောက်ပံ့ရေးကျဆင်းမှုနှင့် နိုင်ငံခြားလိုငွေပြမှု စသည့်အချက်များလည်း ထိုအစီရင်ခံစာ၌ထည့်သွင်းဖော်ပြထားသည်ဟု သိရသည်။

အလားတူ ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှဦးဆောင်သည့်တိုင်းရင်းသားအင်အားစုများကလည်း စစ်အုပ်စုနှင့်ဒေါ်အောင်ဆန်းစုကြည်တို့၏ဆွေးနွေးပွဲအရှိန်အဟုန်ကို ပိုမိုမြှင့်တင်ရေး၊ ဆွေးနွေးပွဲကိုလျှို့ဝှက်စွာပြုလုပ်နေမည့်အစား တိုင်းရင်းသားကိုယ်စားလှယ်များကပါ ပါဝင်ဆွေးနွေးနိုင်ရေး၊ နိုင်ငံရေးအကျဉ်းသားအားလုံးကို လုံဝပြန်လည်လွှတ်ပေးရေးတို့ကိုတိုက်တွန်းပါကြောင်း ဖေဖော်ဝါရီ(၁၂)ရက် ပြည်ထောင်စုနေ့က သဘောထားကြေညာချက်တစောင်ထုတ်ပြန်ခဲ့သည်ဟု သိရသည်။ ■

# စာရေးဆရာမျိုးမြင့်ညိမ်းအပါအဝင် နိုင်ငံရေးအကျဉ်းသားငါးဦး ပြန်လည်လွတ်မြောက်

၂၀၀၁ ခုနှစ်အတွက်သတင်းလွတ်လပ်ခွင့်ဆုရှင်စာရေးဆရာအယ်ဒီတာမျိုးမြင့်ညိမ်းနှင့်အခြားနိုင်ငံရေးအကျဉ်းသား ၄ဦးတို့သည် စစ်အကျဉ်းထောင်များမှ ဖေဖော်ဝါရီ(၁၃)ရက်နေ့တွင်ပြန်လည်လွတ်မြောက်လာပြီဖြစ်ကြောင်း ပြည်တွင်းသတင်းများအရသိရှိရသည်။

စာရေးဆရာမျိုးမြင့်ညိမ်းသည် ၁၉၉၀ ခုနှစ်က "ဘာတွေဖြစ်ကုန်ပြီလဲ" ဆို သည့်လက်ကမ်းစာစောင်ထုတ်ဝေမှုနှင့် ဖမ်းဆီးခြင်းခံခဲ့ရပြီးနောက် ထောင်(၇)နှစ် ချမှတ်ခံခဲ့ရသူဖြစ်သည်။ ထို့နောက် ၁၉၉၅ ခုနှစ်တွင် အင်းစိန်ထောင်အတွင်း မဂ္ဂဇင်းထုတ်ဝေမှုနှင့် ကုလသမဂ္ဂလူ့အခွင့်အရေး စုံစမ်းရေးအဖွဲ့ထံ ထောင်တွင်းသတင်းပေးပို့မှုစသည့်စွဲချက်များနှင့် ၎င်းအပေါ်ထပ်ဆင့်ထောင်ဒဏ်(၇)နှစ်ချမှတ်ခံခဲ့ရသူဖြစ်သည်။ ၁၉၉၆ ခုနှစ်တွင် အင်းစိန်ထောင်မှ သာယာဝတီထောင်သို့ ပြောင်းရွှေ့ခြင်းခံခဲ့ရပြီး ထောင်အတွင်းတွင် (၁၁)နှစ်ကျော်နေခဲ့ရပြီးနောက် ယခုပြန်လည်လွတ်မြောက်လာခြင်းဖြစ်သည်။

ဆရာမျိုးမြင့်ညိမ်းအား ကနေဒါနိုင်ငံအခြေစိုက်သတင်းစာနယ်ဇင်းသမားများကာကွယ်ရေးအဖွဲ့က ၂၀၀၁ ခုနှစ်အတွက် သတင်းလွတ်လပ်ခွင့်ဆု ချီးမြှင့်ပေးအပ်ခဲ့ပြီး ထိုနှစ်အတွင်း၌ပင် ကုလသမဂ္ဂလူ့အခွင့်အရေးစုံစမ်းသူ မစ္စတာပေါ်လိုဆာဂီယိုပင်ဟေရိုး (Paulo Sergio Pinheiro) ကလည်း မြန်မာပြည်ခရီးစဉ်အတွင်း ၎င်းအားပြန်လည်လွှတ်ပေးရန် နအဖ စစ်အုပ်စုကိုတောင်းဆိုခဲ့ကြောင်းသိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ရန်ကုန်ရှိ သံတမန်များ၏ သုံးသပ်ချက်အရ နအဖ စစ်အုပ်စုအနေဖြင့် စာရေးဆရာမျိုးမြင့်ညိမ်းနှင့်အခြားနိုင်ငံရေးသမားများအားယခုကဲ့သို့ပြန်လည်လွှတ်ပေးခြင်းသည် မစ္စတာပင်ဟေရိုး၏ တတိယမြောက် မြန်မာပြည်ခရီးစဉ်ကိုပြကွက်ကောင်းတခုအဖြစ်ရှုမြင်နိုင်ရန် လုပ်ဆောင်မှုတရပ်သာဖြစ်ကြောင်း သုံးသပ်ခဲ့ကြသည်ဟု သိရသည်။

စာရေးဆရာ၊ ပေဖူးလွှာမဂ္ဂဇင်းအယ်ဒီတာဟောင်း မျိုးမြင့်ညိမ်းနှင့်အတူလွတ်မြောက်လာသူများမှာ မြစ်ကြီးနားထောင်မှ ဦးလှထွန်းအောင်၊ ဦးထွန်းလင်း၊ ဦးကြည်ဖေကျော်(လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ) နှင့် အင်းစိန်ထောင်မှ ဦးကံစိန်တို့ဖြစ်ကြောင်း သိရှိရသည်။

နောက်ဆုံးရရှိသည့်သတင်းများအရ ဖေဖော်ဝါရီ(၁၈)ရက်နေ့တွင်NLD ပါတီဝင် ဒေါ်ခင်အေးအေးမာ၊ ဒေါ်ချို၊ ဦးလှကျော်၊ ဦးမောင်လှ၊ ဦးမောင်သန်းနှင့်ဦးမြအေးတို့ ပြန်လည်လွတ်မြောက်လာကြသည်။ ■

# အမျိုးသားများသွေးစည်းညီညွတ်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (ENSCC)သဘာပတိ ပဒိုစောဘသင်နှင့်မိုးကြိုးသတင်းစဉ်နှင့်တွေ့ဆုံမေးမြန်းခြင်း



ကေအဲန်ယူ ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌ ပဒိုစောဘသင်

အမျိုးသားသွေးစည်းညီညွတ်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (Ethnic Nationalities Solidarity Cooperation Committee)ကို မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည် ရင်ကြားစေ့ရေးနှင့်စည်းလုံးညီညွတ်ရေးတည်ဆောက်ရန် ရည်ရွယ်ပြီး ၂၀၀၁ ခုနှစ် ဩဂုတ်(၃၀)ရက်နေ့တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ENSCC နှင့်ပတ်သက်၍ အဆိုပါကော်မတီ၏ သဘာပတိဖြစ်သူ ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌပဒိုစောဘသင်နှင့်တွေ့ဆုံမေးမြန်းခန်းကို မိုးကြိုးသတင်းစဉ်မှ ဖော်ပြလိုက်ပါသည်။

မေး။ ။ ဥက္ကဋ္ဌခင်ဗျား ENSCC ကို ဘယ်လိုရည်ရွယ်ချက်တွေနဲ့ ဖွဲ့စည်းခဲ့ပါသလဲဆိုတာနဲ့ ENSCC ရဲ့ ဖွဲ့စည်းပုံကိုပြောပြပေးပါခင်ဗျား။

ဖြေ။ ။ ENSCC ကိုဖွဲ့စည်းခဲ့တဲ့ ရည်ရွယ်ချက်ကတော့ ဒီနေ့ကျနော်တို့ တိုင်းပြည်မှာ ပြန်လည်ရင်ကြားစေ့ရေးနဲ့စည်းလုံးညီညွတ်ရေး တည်ဆောက်တဲ့နေရာမှာ ကျနော်တို့ တိုင်းရင်းသားလူမျိုးတွေအနေနဲ့ တခန်းတကဏ္ဍကနေ တတ်နိုင်တဲ့ဘက်ကပါဝင်လှုပ်ရှားဖို့နဲ့ ကြိုးပမ်းသွားဖို့ရည်ရွယ်ထားခြင်းကြောင့်ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျနော်တို့တိုင်းပြည်ဟာ ပြည်တွင်းစစ်ဖြစ်နေတာ အနှစ်ငါးဆယ်ကျော်ခဲ့ပြီဖြစ်တယ်။ အဲဒီမှာ ကျနော်တို့က အခြေအနေပေးတိုင်း အမျိုးသားရေးပြဿနာတွေကို နိုင်ငံရေးအရတွေ့ဆုံဖြေရှင်းနိုင်ရေးအတွက် အစဉ်တစိုက်ကြိုးပမ်းခဲ့တယ်။ ဒါပေမယ့် အောင်မြင်ခြင်းမရှိခဲ့ဘူး။ ဒါကြောင့်နဂိုထဲကရှိထားတဲ့ ဦးတည်ချက် ရည်ရွယ်ချက်တွေပေါ်မှာ ဖြစ်ရှိနေတဲ့နိုင်ငံရေးပဋိပက္ခတွေ၊ အမျိုးသားပြဿနာတွေကိုနိုင်ငံရေးအရ ဆွေးနွေးအဖြေရှာနိုင်ဖို့ ကျနော်တို့တိုင်းရင်းသားလူမျိုးအားလုံးရဲ့ အမြင်သဘောထားတွေကို တစုတစည်းထဲဆွေးနွေးထုတ်ဖော် ထင်ဟပ်ပြသနိုင်ဖို့အတွက် ENSCC ကိုစတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်တယ်။ တဆက်တည်းပြောရရင် ဒီနေ့ရောက်ရှိနေတဲ့အနေအထားအရ တိုင်းပြည်မှာစည်းလုံးညီညွတ်ရေးနဲ့ ပြန်လည်ရင်ကြားစေ့ရေး၊ ပြန်လည်ထူထောင်နိုင်ရေးတို့ကို ကြိုးပမ်းနေတဲ့ကာလဖြစ်တယ်လို့ သဘောပေါက်တယ်။ ဘာဖြစ်လို့လဲဆိုရင် ဒီနေ့ဗမာပြည်မှာ ဖြစ်နေတဲ့အခြေအနေ အရပ်ရပ်အားလုံးကိုသုံးသပ်ပြီးတော့ ကုလသမဂ္ဂကထားရှိတဲ့ သဘောထားကလဲ တိုင်းပြည်ရဲ့ပြဿနာတွေကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ဖြေရှင်းတာသာ အမှန်ကန်ဆုံးဖြစ်တယ်လို့မြင်တယ်။ ဒီလိုတွေ့ဆုံဖြေရှင်းတဲ့နေရာမှာလည်း မပါဝင်လို့မဖြစ်တဲ့ အင်အားကြီးသုံးရပ် ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်တဲ့ ဒီမိုကရေစီအင်အားစုကြီးရယ်၊ တိုင်းပြည်ထဲမှာမှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးအင်အားစု အားလုံးရယ်၊ နောက်ဒီနေ့လက်ရှိအုပ်စိုးနေတဲ့ နအဖ စစ်ခေါင်းဆောင်တွေရယ်၊ ဒီအင်အားစုသုံးရပ်တွေ့ဆုံပြီး နိုင်ငံရေးအဖြေရှာပါမှ အဖြေရှာရယူပြီးတဲ့သဘော တူညီချက်အရတိုင်းပြည်ကိုပြန်လည်ထူထောင်ဖို့လုပ်နိုင်ကြပါမှ အဓွန့်ရှည်မယ့်ငြိမ်းချမ်းရေး၊ စည်းလုံးညီညွတ်ရေးကိုရမှာဖြစ်တဲ့အတွက်ကြောင့် ဒီအခြေခံသဘောထားကိုထားတာဖြစ်တယ်။ အဲဒီအခြေခံပေါ်မှာ ကျနော်တို့ကလက်ခံထားပြီးသားဖြစ်တယ်။ ကုလသမဂ္ဂကလည်း ဒီအမြင်သဘောထားအရ ဒီနေ့ဆိုရင် ကုလသမဂ္ဂကိုယ်စားလှယ်အဖွဲ့တွေနဲ့ ကြိုးပမ်းနေတာကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ နအဖစစ်ခေါင်းဆောင်တွေ တွေ့ဆုံဆွေးနွေးနေပြီလို့ ကျနော်တို့သိရတယ်။ ဒီတွေ့ဆုံဆွေးနွေးမှု တနှစ်ကျော်ကာလအတွင်းမှာ ဘယ်လိုမှထူးခြားတဲ့ သတင်းတွေထွက်ပေါ်မလာဘူး။ တိုးတက်မှုက ဘယ်လိုဖြစ်တယ်ဆိုတာလည်းမသိရဘူး။ ဒါကြောင့်ဒီလိုနှေးကွေးတဲ့ အခြေအနေကနေရှေ့အဆင့်ကိုတက်လှမ်းနိုင်ဖို့ ကျနော်တို့မြင်တာက တိုင်းရင်းသားလူမျိုးများအားလုံးအနေနဲ့လည်း တာဝန်ရှိတယ်။ ကုလသမဂ္ဂရဲ့အမြင်သဘောထားအရ သုံးပွင့်ဆိုင်ဆွေးနွေးရေးကို ရောက်ဖို့အတွက်လည်း တိုင်းရင်းသားလူမျိုးတွေအားလုံးမှာ သူတို့ တတ်နိုင်တဲ့ဘက်က ဝင်ရောက်ပြီး ကြိုးပမ်းနိုင်ဖို့လိုအပ်တယ်။ အဲ့ဒါနဲ့ တဆက်တည်း သုံးပွင့်ဆိုင်ဆွေးနွေးရေးဖြစ်ပေါ်လာခဲ့သော် တိုင်းရင်းသားလူမျိုးများအမြင်သဘောထားတွေ တထပ်တည်းဖြစ်ဖို့စုစည်းနိုင်ရေးဆိုတဲ့ အခြေခံသဘောထားပေါ်မှာ ENSCC ကိုဖွဲ့တာဖြစ်တယ်။ တချိန်တည်းမှာ သုံးပွင့်ဆိုင်ဆွေးနွေးပွဲဖြစ်မြောက်ရေးအတွက်တဖက်တလမ်းက ကြိုးပမ်းရေး၊ နောက်ပြီး သုံးပွင့်ဆိုင်ဆွေးနွေးရေးတံခါးကိုလည်းဖြစ်နိုင်တဲ့ဘက်ကတီးခေါက်ပြီးတော့ ဖွင့်နိုင်ရေးအတွက် ကျနော်တို့ကြိုးပမ်းမယ်ဆိုတဲ့ သဘောထားတွေနဲ့ဖွဲ့စည်းထားတာဖြစ်ပါတယ်။

မေး။ ။ ENSCC ရဲ့ ဖွဲ့စည်းပုံကို ပြောပြပေးပါ။

ဖြေ။ ။ ENSCC ကိုဖွဲ့တဲ့အခါ ကျနော်တို့ပြောခဲ့တဲ့ နိုင်ငံရေးဦးတည်ချက် ရည်ရွယ်ချက်ဆိုတဲ့အခြေခံပေါ်မှာ ဒီမှာရှိနေတဲ့ အင်အားစုအားလုံးကိုခေါ်ပြီးတော့ညှိကြတယ်။ ပြီးတဲ့အခါကျနော်တို့စုစုစည်းစည်းနဲ့ ကော်မတီတရပ်ဖွဲ့ချင်တယ်။ အဲ့ဒီကော်မတီတရပ်ကနေ ကြိုးပမ်းလှုပ်ရှားကြဖို့ သဘောထားတွေ ထားရှိတဲ့အတွက်ကြောင့် ဒီနှီးနှောဖလှယ်ပွဲကပဲ အဖွဲ့အစည်းအသီးသီးက တက်ရောက်လာကြတဲ့ တိုင်းရင်းသားလူမျိုးခေါင်းဆောင်တွေက အဖွဲ့အစည်းကိုယ်စားပြုတွေစုကြတယ်။ ပထမဆုံးအဖွဲ့အစည်းနာမည်ကိုရွေးချယ်တယ်။ ENSCC ဆိုတဲ့အမည်ကိုရွေးချယ်တယ်။ ပြီးတော့ကိုယ်စားလှယ်ကိုရွေးချယ်တဲ့အခါမှာကျတော့ သက်ဆိုင်ရာနိုင်ငံရေးအဖွဲ့အစည်းတခုချင်းစီက သင့်လျော်တဲ့ ကိုယ်စားလှယ်ကိုရွေးချယ်ဖို့ ရွေးချယ်ပြီး အများသဘောတူ ဆုံးဖြတ်ဖို့ဆိုတဲ့ အမြင်သဘောထားနဲ့ရွေးချယ်တဲ့အခါကျတော့ တိုင်းရင်းသားလူမျိုးခေါင်းဆောင်ထဲက ဆိုရင်ပထမဆုံး ဦးတယ်ရီဘူးရီတယောက်ပါတယ်။ နောက်ပြီး ကရင်နီခေါင်းဆောင်ဖြစ်တဲ့ ဦးထဲဘူးဖဲပါတယ်။ ပအို့ဝ်ခေါင်းဆောင် ခွန်ဥက္ကာပါတယ်။ UNLD ကို NCUB မှ Daniel Taw ကို ရွေးချယ်ကြပါတယ်။ ရှမ်းဒီမိုကရက်ယူနီယံခေါင်းဆောင်ဖြစ်တဲ့ SDU က ခွန်ကြာနုလဲပါတယ်။ ကျနော်လည်းပါတယ်။ အမှန်အားလုံး(၇)ယောက်ပေါ့။ ပြီးတော့ အတွင်းရေးမှူးလုပ်ငန်းတွေ လုပ်နိုင်ရေးနဲ့ သဘာပတိကို ကူညီနိုင်ရေးအတွက် အတွင်းရေးမှူးတယောက်ထပ်ရွေးတယ်၊ NCUB ကတယောက်ပါတယ်။ အဲ့ဒီလိုခေါင်းဆောင်တွေစုစည်းရွေးချယ်ပြီးနောက် (အားလုံးရွေးကောက်ပွဲရဲ့ဆန္ဒနဲ့ သဘောတူရွေးချယ်ကြတာပါ)ရွေးထားတဲ့ ခေါင်းဆောင်တွေထဲကမှဘယ်သူ့ကို သဘာပတိအဖြစ်ရွေးချယ်မလဲဆိုပြီး ရွေးကြတဲ့အခါကျတော့ ကျနော့်ကိုပဲ သဘာပတိအဖြစ်နဲ့ ပြောရေးဆိုခွင့်ရှိသူခေါင်းဆောင်အဖြစ် လက်ခံသတ်မှတ်ကြတာဖြစ်ပါတယ်။

မေး။ ။ ENSCC ရဲ့ လတ်တလောလုပ်ဆောင်နေချက်များကို ပြောပြပေးပါ။

ဖြေ။ ။ ဒီနေ့တိုင်းပြည်ရဲ့ အနေအထားမှာ တိုင်းရင်းသားလူမျိုးတွေရဲ့ကဏ္ဍတောင်းဆိုချက်၊ နောက် ပြည်ထောင်စု ပြန်လည်ဖွဲ့စည်းတဲ့နေရာမှာ တိုင်းရင်းသားလူမျိုးတွေရဲ့အခြေအနေနဲ့ပတ်သက်လို့ အခုဖွဲ့ထားတဲ့ ENSCC ကော်မတီကပဲ ပြည်တွင်းမှာရှိတဲ့အင်အားစုတွေရော နိုင်ငံတကာမှာရှိနေတဲ့ပြည်သူတွေရောပါရမယ်။ ပြီးတော့ဒီမိုကရေစီနိုင်ငံတွေကိုပါ လှည့်လည်အသိပေးပြီး ကျနော်တို့ရဲ့ အမြင်သဘောထားတွေကို တင်ပြဆွေးနွေးဖို့နဲ့ တိုင်းပြည်ရဲ့စည်းလုံးညီညွတ်ရေး

စာမျက်နှာ(၄) ကော်လံ(၁ )သို့ ▶

▶စာမျက်နှာ(၃) ပဒိုစောဘသင်နှင့်မေးမြန်းခြင်းမှ–

လုပ်ဆောင်တဲ့နေရာမှာ တတပ်တအားပါဝင်ကူညီနိုင်ဖို့ကျနော်တို့စဉ်းစားထားတာရှိတယ်။ ကျနော်တို့စဉ်းစားချက်အတိုင်း နောင်ဆိုရင် အခြေအနေပေးအပ်သလို နိုင်ငံတကာမှာ လှည့်လည်ပြီး ပြည်သူလူထုတရပ်လုံးက သော်၎င်း၊ နိုင်ငံတကာမှာရှိတဲ့ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ စည်းလုံးညီညွတ်ရေးကို ချစ်မြတ်နိုးတဲ့အင်အားစုတွေက ကျနော်တို့ အမြင်သဘောထားတွေကို သဘောပေါက်ပြီး အဖက်ဖက်ကကူညီရိုင်းပင်းနိုင်ရေး နောက်ပြီး စာနာထောက်ထားမှုရရှိရေးတို့ကို ပြုလုပ်သွားမှာဖြစ်ပါတယ်။

မေး။ ။ ENSCC ရဲ့ အနာဂတ် ရည်မှန်းချက်တွေက ဘာတွေရှိပါသလဲ။

ဖြေ။ ။ အဓိကအကျဆုံးက ဒီနေ့ ပြည်တွင်းစစ်က တိုင်းပြည်မှာဖြစ်နေတာ နှစ်ငါးဆယ်ကျော်ခဲ့ပြီဖြစ်တယ်။ ဒီနှစ်ငါးဆယ်အတွင်းမှာ ကျနော်တို့တိုင်းပြည်ဟာမရှုမလှနဲ့ နိုင်ငံတကာမှာ မျက်နှာမပြနိုင်တဲ့အနေအထားမှာရှိတယ်။ သူများတိုင်းပြည်တွေလိုတိုးတက်မှု ဖွံ့ဖြိုးမှုလဲမရှိဘူး။ ဒီအတွက်ခုလို နိမ့်ကျနေရတဲ့ဘဝကနေ နိုင်ငံတကာနဲ့ ရင်ဘောင်တန်းနိုင်ဖို့ စည်းလုံးညီညွတ်ဖို့လိုတယ်။ ရင်ကြားစေ့ရေးဆိုတာလိုတယ်။ ကျနော်တို့ဒီနေ့ရင်ဆိုင်နေရတဲ့အကြပ်အတည်းတွေမှာ ဒီမိုကရေစီပြဿနာ၊ တိုင်းရင်းသားလူမျိုးတွေအရေးပြဿနာ၊ နိုင်ငံရေးပြဿနာတွေကို ဖြေရှင်းဖို့လိုတယ်။ ဒီလိုဖြေရှင်းတဲ့နေရာမှာကျနော်တို့ ဒီမိုကရေစီအင်အားစုတွေ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်သိပ်သည်းကျစ်လစ်မှုနဲ့ ပူးပေါင်းဆောင်ရွက်ဖို့လိုတယ်။ ဒါကြောင့်ကျနော်တို့ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်တယ်။ ဒီလို စုစုစည်းစည်းညီညီညွတ်ညွတ်လုပ်နိုင်ပါမှစည်းလုံးညီညွတ်ရေးကိုတည်ဆောက်နိုင်မယ်လို့ ကျနော်တို့ယုံကြည်တယ်။ တဦးတည်း၊ တဖွဲ့တည်းနဲ့ ဒီနေ့အနေအထားကိုပြုပြင်ပြောင်းလဲလို့ ရနိုင်မှာမဟုတ်ဘူးလို့ ကျနော်တို့ယုံကြည်တယ်။

ကျနော်တို့ ရင်ဆိုင်နေရတဲ့ အမျိုးသားပြဿနာကို မှန်မှန်ကန်ကန်ကိုင်တွယ်ဖြေရှင်းနိုင်ခြင်းမရှိတာဖြစ်တယ်။ ကျနော်တို့လိုလားတာက လူတိုင်းလူတိုင်းဒီမိုကရေစီအခွင့်အရေးကိုအပြည့်အဝခံစားနိုင်ပြီး တိုင်းရင်းသားလူမျိုးတွေရဲ့ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အလေးအနက်အသိအမှတ်ပြုဖို့နဲ့ စစ်မှန်တဲ့ပြည်ထောင်စုတည်ဆောက်ဖို့လိုပါတယ်။ အဲဒီအခြေခံသဘောထားတွေရယူဖို့ ကြိုးစားတဲ့အခါ လွတ်လပ်ရေးမရမီက ကြိုးစားခဲ့ကြတဲ့ကျနော်တို့ ခေါင်းဆောင်ကြီးများရဲ့အမြင် သဘောထားခံယူမှုတွေပါဝင်တဲ့ ပင်လုံစာချုပ်အပေါ်မှာ အခြေခံပြီး စည်းလုံးညီညွတ်ရေး ပြန်လည်တည်ဆောက်ဖို့လိုအပ်တယ်ဆိုတဲ့ သဘောထားရည်ရွယ်ချက်ရှိတယ်။

မေး။ ။ENSCCအနေနဲ့NCUBနဲ့ဆက်စပ်လုပ်ကိုင်မှုအခြေအနေဘယ်လိုရှိပါသလဲ။

ဖြေ။ ။ ENSCC ရဲ့အမြင်သဘောထားက NCUB နဲ့ ဘယ်လိုမှ ကွာခြားမှုမရှိပါဘူး။ NCUB နဲ့ အခြေခံသဘောထားတွေ လုပ်ငန်းတွေ၊ ရည်ရွယ်ချက်တွေက တထပ်တည်းပဲဖြစ်ပါတယ်။ ENSCC ထဲမှာ NCUB မှာလက်ရှိတာဝန်ထမ်းဆောင်နေတဲ့ ခေါင်းဆောင်တွေပါဝင်တဲ့အတွက်ကြောင့် လုပ်ငန်းတွေက ဆက်စပ်မှုရှိနေပါတယ်။ တခုပဲရှိတာက ENSCC အနေနဲ့ကတိုင်းရင်းသားလူမျိုးတွေရဲ့အမြင်သဘောထားဆန္ဒတွေကိုဖော်ထုတ်နိုင်ရေးနဲ့ လိုအပ်ချက်တွေဖြည့်ဆည်းနိုင်ရေးအတွက်ထိထိမိမိနဲ့ သူတို့ကိုယ်တိုင်ပါဝင်ပြီး ထုတ်ဖော်ပြောဆိုနိုင်ရေးဆိုတဲ့ အခြေခံပေါ်မှာဖွဲ့စည်းတာဖြစ်တယ်။ ယေဘုယျသဘောအားလုံးက ဆက်စပ်မှုရှိပြီးသားပါ။

မေး။ ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကြေညာချက်အမှတ်(၉)ထုတ်ပြီး ပင်လုံကဲ့သို့သော ညီလာခံကြီးကိုခေါ်ယူပြီး အမျိုးသားပြဿနာတွေကို ဖြေရှင်းသွားမယ်လို့ ပြောတာပါတယ်။ ဥက္ကဋ္ဌတို့ကလည်း ပင်လုံစိတ်ဓါတ်နဲ့ ပင်လုံကဲ့သို့သောအမျိုးသားညီလာခံသဘောမျိုးပြောထားတဲ့အခါ အတူတူပဲလား။ တကယ်လို့တူခဲ့လို့ရှိရင် ဘယ်လိုတူတာလဲဆိုတာမျိုး အသေးစိတ်သိလို့ရမလားခင်ဗျား။

ဖြေ။ ။ ဟုတ်ကဲ့။ တူတယ်ဆိုတာက ကျနော်တို့တိုင်းပြည်ကို ပြန်လည်ပြီးတော့ စုစည်းမယ်၊ ရင်ကြားစေ့မယ်၊ စည်းလုံးညီညွတ်ရေး ပြန်လည်တည်ဆောက်မယ်ဆိုရင် ပင်လုံညီလာခံရဲ့စိတ်ဓါတ်တွေကို ပြန်လည်အခြေခံပါမယ်။ အဲ့ဒီမှာက တန်းတူရေးနဲ့ ဒီမိုကရေစီရေးကို အခြေခံတယ်။ နောက်ပြီး တိုင်းရင်းသားလူမျိုးတွေရဲ့အရေးကို အလေးအနက်ထားတဲ့ သဘောထားတွေရှိတယ်လို့ ကျနော်တို့သိထားတယ်။ ဒီအခြေခံပေါ်မှာ ကျနော်တို့ပြန်လည်စုစည်းရမယ်လို့ မြင်တဲ့အတွက်ကြောင့် အမြင်တွေချင်းတူညီနေတယ်လို့ပြောရမှာပါပဲ။ အားလုံးတထပ်တည်းဖြစ်နေတယ်လို့မပြောနိုင်စေကာမူ အခြေခံအချက်တွေက အများကြီးတူနေတယ်။ ဒီအခြေခံပေါ်မှာပြောရမယ်ဆိုရင် ကျနော်တို့တိုင်းရင်းသားတွေရဲ့ အမြင်သဘောထားတွေကို မကြာခဏဖော်ထုတ်ခဲ့ပြီးဖြစ်တယ်။ အထူးသဖြင့် မာနယ်ပလောစာချုပ်မှာ ဒီမိုကရေစီအင်အားစုနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) NLD-LA ခေါင်းဆောင်တွေ၊ NCUB ခေါင်းဆောင်တွေက တွေ့ဆုံဆွေးနွေးပြီးသဘောတူညီချက်စာချုပ်ထားတာတွေရှိတယ်။ အလားတူမယ်သရောထစာချုပ်လည်းရှိတယ်။ အဲ့ဒီသဘောထားတွေကို အမျိုးသားဒီမိုကရေစီခေါင်းဆောင်ဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်က မဆန့်ကျင်ဘူး။ ဒီအခြေခံသဘောထားပေါ်မှာ လုပ်ဆောင်ကြရမယ်ဆိုပြီး ထုတ်ပြန်ကြေညာခဲ့တာ ကျနော်တို့ကြားခဲ့ရတယ်။ အဲ့ဒါနဲ့တဆက်တည်းမှာ ကျနော်တို့အမြင်သဘောထားတွေ တူညီနေတာက ပင်လုံညီလာခံကဲ့သို့သော တူညီတဲ့ ညီလာခံအသွင်သဏ္ဍာန်ဆောင်တဲ့ ညီလာခံတခုပေ့ါ။ ဆိုလိုတာက တတိယပင်လုံညီလာခံအသွင်ဆောင်တဲ့ညီလာခံကိုရရှိအောင် လုပ်ဖို့လိုအပ်တယ်ဆိုတာ သတိထားမိပါတယ်။ ဒီသဘောထားတွေက ဒီလမ်းကြောင်းပေးဖို့ ရှိနေတာ ယုံကြည်ပါတယ်။

မေး။ ။ ENSCC မှာ KNPP နဲ့ ရှမ်းကိုယ်စားလှယ်တွေ၊ UNLD ကကိုယ်စားလှယ်တွေပါဝင်တာသိရပါတယ်။ သူတို့နဲ့ လက်တွေ့ကျတဲ့ ပူးပေါင်းဆောင်ရွက်မှုများ ရှိပါသလား။

ဖြေ။ ။ ဥပမာအားဖြင့်ပြောရမယ်ဆိုရင် ENSCC မှာပါတဲ့KNPP ပေ့ါ၊ KNPP အနေနဲ့က ကျနော်တို့သိရသရွေ့ဆိုရင် တိုင်းပြည်လွတ်လပ်ရေးမရခင်က သီးခြားပြည်နယ်တခုပေ့ါ။ ဒါပေမယ့် နောက်ပိုင်းမှာ အမျိုးမျိုးကြောင့် သူတို့အနေနဲ့ရပိုင်ခွင့်တွေ၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေ ဆုံးရှုံးနေတယ်ဆိုတဲ့ အခြေခံမှာ သူတို့ပြည်နယ်ကိုလည်း သူတို့စိတ်ဆန္ဒမပါဘဲ ပြည်မနဲ့မပေါင်းဘူးဆိုတဲ့ သူတို့အမြင်နဲ့သူတို့သီးခြားပြည်နယ်တခုဆိုတာ မကြာခဏ ထုတ်ဖော်ပြောဆိုပါတယ်။ ဒါပေမယ့် တကယ်စစ်မှန်တဲ့ ဖက်ဒရယ်စနစ် ထူထောင်မယ်ဆိုရင် မဆန့်ကျင်ပါဘူးလို့ သူတို့သဘောထားကို အမြဲဖော်ပြပါတယ်။ ဖက်ဒရယ်စနစ်တကယ် စနစ်တကျဖော်ထုတ်ဖွဲ့စည်းမယ်ဆိုရင် သူတို့လည်းပါဝင်မှာဆိုတဲ့ အခြေခံသဘောထားနဲ့ ပါဝင်တာဖြစ်တယ်။ ဒါကဘာကိုပြနေလည်းဆိုတော့ တန်းတူရေး ဒီမိုကရေစီရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိပြီး ကျန်အခွင့်အရေးတွေ အပြည့်အဝရမယ်ဆိုလို့ ရှိရင် သူတို့ပါဝင်မယ်ဆိုတဲ့ အမြင်နဲ့အခုကတည်းကပါဝင်လှုပ်ရှားနေတာဖြစ်တယ်။ ဒါဟာကောင်းတဲ့လက္ခဏာတရပ်ပါ။ အကောင်းဆုံးက စစ်မှန်တဲ့ပြည်ထောင်စုဖွဲ့စည်းမှုကို မဆန့်ကျင်ဘူး၊ ပါဝင်မယ်၊ ပူးပေါင်းဆောင်ရွက်မယ်ဆိုတဲ့ သဘောထားနဲ့ အလားတူပဲ ရှမ်းပြည်ကလည်း ဒီအခြေခံနဲ့ပါဝင်နေတာဖြစ်တယ်။

မေး။ ။ ENSCC သဘာပတိအနေနဲ့ ပြည်သူလူထုကို အသိပေးချင်တာ ပြောချင်တာများရှိရင်ပြောပေးပါ။

ဖြေ။ ။ ကျနော်တို့သဘာပတိအဖွဲ့အနေနဲ့ကတော့ အချိန်အခါရတိုင်း ကျနော်တို့အမြင်သဘောထားကို အမြဲထုတ်ဖော်ပြောဆိုပါတယ်။ ကျနော်တို့ တိုင်းပြည်မှာ လွတ်လပ်ရေးရပြီးတာနဲ့ တဆက်တည်း ပြည်တွင်းစစ်ဖြစ်ပေါ်ခဲ့တာ နှစ်ငါးဆယ်ကျော်ခဲ့ပြီဖြစ်တယ်။ တိုင်းရင်းသားလူမျိုးတွေအနေနဲ့ကတော့ တောမခိုပါဘူး။ ဖဆပလ အစိုးရနဲ့ ကျနော်တို့ KNU ပူးပေါင်းပြီး နေပြည်တော်ကို စုပေါင်းကာကွယ်ခဲ့ကြတာဖြစ်တယ်။ ဒါပေမယ့် တိုင်းရင်းသားလူမျိုးတွေရသင့်တဲ့ အခွင့်အရေးကိုတော့ နိုင်ငံရေးအရတောင်းဆိုမှုအစဉ်အမြဲရှိခဲ့တယ်။ ဒါကလည်းငြိမ်းချမ်းတဲ့နည်းနဲ့တောင်းဆိုခဲ့တာဖြစ်တယ်။ ဒါပေမယ့် ဖြစ်ပေါ်လာတဲ့အခြေအနေက နိုင်ငံရေးအရ တင်းမာမှုတွေကစပြီးတော့ အမြင့်ဆုံးအခြေအနေဖြစ်လာပြီး စစ်ရေးပဋိပက္ခအသွင်ကို ရောက်လာခဲ့တာ ဒီနေ့ဆိုရင်စစ်ဖြစ်လာတာ အနှစ်ငါးဆယ်ကျော်ခဲ့ပြီဖြစ်တယ်။ အဲ့ဒီအနှစ်ငါးဆယ်ကို ကျနော်တို့ပြန်လည်ပြီးတော့ စည်းလုံးညီညွတ်ရေးရအောင် ဆိုတာက တဦးတဖွဲ့တည်း၊ တယောက်တည်း၊ တကိုယ်ကောင်းကြံလို့တော့မရပါဘူး။ ကျန်တဲ့ အဖွဲ့အစည်းတွေနဲ့သဘောထားမှန်မှန်ကန်ကန်ထားပြီး တကယ့်စည်းလုံးညီညွတ်ရေး တည်ဆောက်ရမှာပါ။ စည်းလုံးညီညွတ်ရေးရအောင်တည်ဆောက်ကြမယ်ဆိုရင် ပူးပေါင်းဆောင်ရွက်ကြမှသာဖြစ်တဲ့အတွက်ကြောင့်....

ယခင်ကျနော်တို့ခေါင်းဆောင်ကြီးတွေနဂိုကတည်းက စိုက်ထူပြီးသားဖြစ်တဲ့ အုတ်မြစ်အခြေခံပေါ်မှာရှိပြီးသား ပင်လုံစိတ်ဓါတ်အခြေခံကို ပြန်လည်စုစည်းပြီး လုပ်နိုင်ကြဖို့ အရေးကြီးဆုံးဖြစ်တဲ့အတွက်ကြောင့် ကျနော်တို့အားလုံးစုပေါင်းပြီး ညီညီညွတ်ညွတ်စည်းလုံးညီညွတ်ရေးကို ပြည်လည်တည်ဆောက်ကြပါစို့လို့ ပန်ကြားအပ်ပါတယ်။ ■

# သာမညဆရာတော်ဘုရားကြီး၏ ကျန်းမာရေးနှင့် နအဖ စစ်အုပ်စုကံကြမ္မာ

**ပြည်နယ်သားတဦး**



သာမညဆရာတော်ဘုရားကြီး

ရန်ကုန်ကိုဘယ်တော့မှမကြွဘူးတဲ့ မြန်မာပြည်သူများသိနေကြတဲ့ သာမညတောင်ဆရာတော်ဘုရားကြီးကို နအဖအာဏာပိုင်တို့ကယခုဖေဖေါ်ဝါရီလ(၁၆)ရက် စနေနေ့ ညနေပိုင်းမှာ ရန်ကုန်မြို့ပေါ်ကနာမည်ကြီး အာရှတော်ဝင်ပုဂ္ဂလိကဆေးရုံကြီးသို့ အရောက်ပင့်ဆောင်သွားခဲ့ပါတယ်လို့ သတင်းများ ထွက်ပေါ်လာခဲ့ပါတယ်။

စစ်အာဏာပိုင်တို့က အဲယားမန္တလေးဆိုတဲ့ ပုဂ္ဂလိကလေယာဉ်ကိုစင်းလုံးငှားပြီး ဘားအံမြို့ကနေ ဆရာတော်ကြီးကိုပင့်ဆောင်လာခဲ့တာမှာ ဆီးချိုရောဂါခံစားနေရတဲ့ ဆရာတော်ကြီးဟာ ထမ်းစင်ပေါ်မှာပက်လက်အနေအထားနဲ့ လိုက်ပါလာခဲ့ရတယ်လို့ဆိုပါတယ်။ ယခုတော့ဆရာတော်ကြီးဟာ ရောဂါအတော်ကလေးသက်သာလာပြီး ထိုင်လျက်နဲ့ကောင်းစွာစကားပြောနိုင်ပါပြီ။ဆေးရုံအခန်းထဲက ဆရာတော်ကြီးရဲ့အနေအထားကို အများပြည်သူတို့မြင်တွေ့ဖူးမျှော်နိုင်အောင် အာဏာပိုင်တို့က ဆေးရုံအောက်ထပ်မှာ တီဗွီရုပ်မြင်သံကြားစက်ဖြင့် ထုတ်လွှင့်ပြသပါတယ်။

ဆရာတော်ကြီးထိုင်ရင်းနဲ့ စကားပြောနေတဲ့အမူအရာရုပ်ပုံကိုသာပြပြီး ဆရာတော်ကြီးအမိန့်ရှိတဲ့စကားပြောသံကိုတော့ လုံးဝဖျောက်ထားပါတယ်။ ဒီလိုဆရာတော်ကြီးရဲ့ စကားပြောသံကိုဖျောက်ထားတာဟာ ဘာ့ကြောင့်လဲ....။ ဆရာတော်ကြီးမိန့်ဆိုတဲ့စကားတွေထဲမှာ စစ်အစိုးရသိက္ခာကျဆင်းစေမယ့် စကားလုံးတွေပါလာမှာကို စစ်အစိုးရကစိုးရိမ်နေလို့လား....။ ဒီအချက်ကို အများပြည်သူတွေက ထင်ကြေးအမျိုးမျိုးနဲ့ ပြောဆိုဝေဖန်နေကြပါတယ်။

နောက်ထပ် ပြောဆိုဝေဖန်တာတခုကလည်း ရန်ကုန်ကိုမကြွပါဘူးဆိုတဲ့ဆရာတော်ကြီးကို အတော်ကြီးမကျန်းမမာဖြစ်နေတဲ့အချိန်မှာ မရမကသယ်ပိုးပင့်ဆောင်လာပြီး အများပြည်သူတို့မြင်နိုင်အောင် တီဗွီစက်ဖြင့် ထုတ်လွှင့်ပြသနေတဲ့ အချက်ပါပဲ။

ဒီလိုလုပ်နေတာကကော ဘာ့ကြောင့်လဲ။ စစ်အစိုးရအပေါ် ဆရာတော်ကြီးက ကြည်ကြည်ဖြူဖြူရှိပါတယ်လို့ အများပြည်သူတို့မြင်လာအောင် ပရိယာယ်စစ်ဆင်ရေးလုပ်နေတာလား။ ဗုဒ္ဓရဲ့သားတော်များကိုပါ အသုံးချနေတာလားဆိုတဲ့ အချက်ပါပဲ။

နောက်ထူးခြားတဲ့ အချက်တခုလည်း ရှိနေပါသေးတယ်၊ ဆရာတော်ကြီး ယခုရောက်ရှိသီတင်းသုံးနေရတဲ့ အာရှတော်ဝင်ဆေးရုံကြီးဟာ အာရှဓနဘဏ်နဲ့တော်ဝင်ဆေးကုခန်းတို့ပူးပေါင်းထူထောင်ထားတဲ့ ဆေးရုံဖြစ်ပေမယ့် တကယ်တမ်းကျတော့ ဒုဗိုလ်ချုပ်ကြီးခင်ညွန့်ရဲ့ဇနီးဒေါ်ခင်ဝင်းရွှေဦးစီးတဲ့ မိခင်နှင့်ခလေးစောင့်ရှောက်ရေးအသင်းကြီးရဲ့ သံမဏိသြဇာအောက်မှာပဲရှိနေပြန်လေတော့ ဒီအချက်ဟာလည်း ပြည်သူတွေအတွက် စဉ်းစားစရာတခုဖြစ်နေပါတယ်။

အထူးခြားဆုံးအချက်ကတော့ ဆရာတော်ကြီးကမိန့်ဆိုဖူးသတဲ့ "၂၀၀၂မှာ ငါလည်းရှိတော့မှာမဟုတ်ဘူး၊ စစ်အစိုးရလည်းရှိတော့မှာမဟုတ်ဘူး"တဲ့။ အဲ့ဒါကြောင့် ဆရာတော်ကြီး အသက်ရှည်သထက်ရှည်အောင် စစ်အစိုးရက ရင်မပြီးဆေးကုပေးနေတာများလားလို့ လူထုအကြားမှာ ပွက်လောရိုက်နေတယ်ဆိုတဲ့ အချက်ပါပဲ။ နောက်အထူးခြားဆုံးထက် ပိုပြီးထူးခြားတဲ့အချက်တခုလည်း ရှိနေပါသေးတယ်။ အခြားအခြားသောဆရာတော်ကြီးများကို စစ်အစိုးရက စစ်ဆေးရုံကြီးမှာဆေးကုပေးခဲ့တာကို တီဗွီနဲ့သတင်းစာတွေထဲမှာတွေ့ခဲ့ရပေမယ့် အခုသာမညဆရာတော်ကြီးကိုတော့ ဘာ့ကြောင့်စစ်ဆေးရုံကြီးပေါ်မှာမတွေ့ရသလဲ။ ဘာ့ကြောင့်ပြင်ပပုဂ္ဂလိကဆေးရုံကြီးပေါ်မှာ တွေ့နေရသလဲဆိုတဲ့ အချက်ပါပဲ။

ဆိုခဲ့တဲ့ အထူးခြားဆုံးစကားတို့ထက်ပိုပြီး စိတ်ဝင်စားစရာကောင်းတဲ့ ထူးခြားချက်ကြီးကတော့ ဆရာတော်ကြီးဟာ တချိန်က ဒေါ်အောင်ဆန်းစုကြည်နဲ့အဖွဲ့ကို အထူးအခွင့်အရေးပေးတဲ့အနေနဲ့ အချိန်အများကြီးပေးပြီး ပြုံးပြုံးရွှင်ရွှင် အားရပါးရအဖူးမျှော်ခံပြီး ဆရာတော်ကြီးကိုယ်တိုင် ဒေါ်အောင်ဆန်းစုကြည်ကို သာမညတောင်ပတ်ဝန်းကျင်နေရာတွေကို ဟိုဟိုဒီဒီလိုက်လံပြသခဲ့ပြီး နောက်ဆုံးအောင်ခြင်းရှစ်ပါးဂါထာကို အမြဲရွတ်ဖို့ ဆုံးမသြဝါဒပေးခဲ့တယ်....တဲ့။

အခုစစ်ဗိုလ်ချုပ်ကြီးများကို ဘာသြဝါဒတွေများပေးမလဲ။ ဘယ်လိုဆိုဆုံးမမလဲဆိုတဲ့ အချက်ကို ပြည်သူတွေက အသိချင်ဆုံးဖြစ်နေကြောင်းပါခင်ဗျား။ ■

**သမိုင်းကိုဖတ်နေစဉ်မှာပဲ ကျနော်တို့ဟာ သမိုင်းကိုဖန်တီးနေကြပါတယ်**

ဂျော့ဝီလျံကားတစ်

# ဆွေးနွေးပွဲနှောင့်နှေးနေမှုအပေါ် မစ္စတာရာဇာလီကိုယ်တိုင်စိတ်ပျက်စကားပြော

မြန်မာနိုင်ငံတွင် ပြုလုပ်နေသည့် ဆွေးနွေးပွဲများကိုစိတ်ရှည်ရှည်နှင့်စောင့်ကြည့်ကြပါရန်အမြဲတမ်းအရေးဆိုလေ့ရှိသူ မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂအထူးကိုယ်စားလှယ်မစ္စတာရာဇာလီအစ္စမေးလ်ကိုယ်တိုင်က“အမျိုးသားပြန်လည်သင့်မြတ်ရေးဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်နေဆဲဖြစ်သော်လည်း မျှော်လင့်ထားသလိုမဟုတ်ဘဲ နှောင့်နှေးကြန့်ကြာလျက်ရှိကြောင်း”ဖေဖော်ဝါရီ(၁၁)ရက်နေ့တွင်ထုတ်ဖော်ပြောဆိုလိုက်သည်ဟုသိရသည်။

ရန်ကုန်မြို့သို့မစ္စတာရာဇာလီနောက်ဆုံးရောက်ခဲ့သည့်လွန်ခဲ့သော(၃)လနောက်ပိုင်းအတိုက်အခံများနှင့်ယုံကြည်မှုတည်ဆောက်ရေးလုပ်ငန်းစဉ်၏အစိတ်အပိုင်းတရပ်အဖြစ် မြန်မာစစ်အုပ်စုဗိုလ်ချုပ်ကြီးများဆောင်ရွက်ပေးရမည့်ကိစ္စရပ်များအား အမှန်တကယ်လုပ်ဆောင်မပေးသည့်အတွက် ဆွေးနွေးပွဲကိုရှေ့မဆက်နိုင်ဘဲဖြစ်နေရကြောင်း ၎င်းကပြောခဲ့သည်ဟု ကုလသမဂ္ဂသတင်းရပ်ကွက်၏အဆိုတရပ်အရသိရှိရသည်။

မစ္စတာရာဇာလီသည် အဆိုပါခရီးစဉ်အတွင်း လောလောဆယ်ဖြေရှင်းရခက်ခဲနေသော နိုင်ငံရေးအကျဉ်းသားများပြန်လည်လွှတ်ပေးရေးနှင့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပေါ်ကန့်သတ်ချုပ်ချယ်မှုများ ရုတ်သိမ်းပေးရေးတို့ကိုမြန်မာစစ်ဗိုလ်ချုပ်ကြီးများအားတိုက်တွန်းပြောကြားခဲ့သော်လည်းယနေ့အထိနိုင်ငံရေးအကျဉ်းသားအနည်းအကျဉ်းကိုသာ ပြန်လည်လွှတ်ပေးခြင်းနှင့် မြို့နယ်ရုံးအချို့ကို ပြန်လည်ဖွင့်လှစ်ခွင့်ပြုခဲ့သည်။

ဖော်ပြပါအခြေအနေ အရပ်ရပ်ကြောင့် ဖေဖော်ဝါရီလ(၁၁)ရက်နေ့ကမလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင်အလွတ်သဘောကျင်းပပြုလုပ်ခဲ့သည့်သတင်းစာရှင်းလင်းပွဲ၌ ၎င်းကမြန်မာနိုင်ငံတွင်ပြုလုပ်နေသည့် နအဖစစ်အုပ်စုနှင့်အတိုက်အခံတို့အကြား အမျိုးသားပြန်လည်သင့်မြတ်ရေးဆွေးနွေးပွဲများသည်ဆက်လက်ပြုလုပ်နေဆဲဖြစ်သော်လည်း မျှော်လင့်ထားသလိုမဟုတ်ဘဲ နှောင့်နှေးကြန့်ကြာကြောင်းထုတ်ဖော်ပြောကြားသွားခဲ့ခြင်းဖြစ်သည်။

မစ္စတာရာဇာလီကဆက်လက် ပြောကြားရာတွင် ယခုရက်ပိုင်းများအတွင်းမြန်မာနိုင်ငံသို့ရောက်ရှိနေသည့် ကုလသမဂ္ဂလူ့အခွင့်အရေးစုံစမ်းသူမစ္စတာပင်ဟေးရိုနှင့်မိမိသည်ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုများပြုလုပ်နေကြောင်းလည်းထည့်သွင်းပြောကြားသွားခဲ့သည်ဟုသိရသည်။

မစ္စတာရာဇာလီသည်၎င်း၏သတ္တမမြောက်ခရီးစဉ်အဖြစ်မတ်(၁၉)ရက်နေ့တွင် မြန်မာနိုင်ငံသို့ (၄)ရက်ကြာသွားရောက်မည်ဖြစ်ကြောင်းသိရှိရပြီး တနှစ်ကျော်ကြာမြင့်နေပြီဖြစ်သည့်စစ်အုပ်စုနှင့်အတိုက်အခံတို့အကြားဆွေးနွေးနေမှုများကိုပိုမိုလျှင်မြန်လာစေရန်တွန်းအားပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတကာသတင်းများတွင်ဖော်ပြပါရှိသည်။

# ဒီမိုကရေစီအင်အားစုများ၏ထင်မြင်ချက်များကိုလေးစားရန်လိုအပ်ကြောင်း ဖိလစ်ပိုင်သမတဟောင်းဖီဒယ်ရာမို့စ်ကပြောကြား



သမတဟောင်း ဖီဒယ်ရာမို့စ်

မြန်မာစစ်အုပ်စုနှင့် မြန်မာ့ဒီမိုကရေစီရေးခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်တို့တွေ့ဆုံဆွေးနွေးနေသည့်အပေါ်ချီးကျူးရမည်ဖြစ်သော်လည်းစစ်အုပ်စုအနေဖြင့်ဒီမိုကရေစီအင်အားစုများ၏ထင်မြင်ယူဆချက်များကိုလည်းလေးစားစွာအသိအမှတ်ပြုသင့်ကြောင်းဖိလစ်ပိုင်သမတဟောင်းဖီဒယ်ရာမို့စ်က ဖေဖော်ဝါရီ(၆)ရက်နေ့တွင်ပြောကြားခဲ့သည်ဟုသတင်းဌာန၏အဆိုအရသိရှိရသည်။

ဖေဖော်ဝါရီ(၅)ရက်နေ့ကမြန်မာနိုင်ငံတွင်(၂)ရက်ကြာကျင်းပပြုလုပ်ခဲ့သည့် အရှေ့တောင်အာရှလုပ်ငန်းခွင်နှင့်နည်းပညာညီလာခံတွင်၎င်းကယခုလိုပြောကြားခဲ့ခြင်းဖြစ်ကြောင်းသိရှိရသည်။

ဖိလစ်ပိုင်သမတဟောင်းတဦးဖြစ်သူ မစ္စတာရာမို့စ်ကပြောကြားရာတွင် နိုင်ငံတနိုင်ငံအနေဖြင့်ပြည်တွင်းပြည်ပကလွတ်လပ်သည့်အတွေးအမြင်အကြံပြုချက်များကိုလက်ခံနိုင်ရမည်ဖြစ်ကြောင်း၊နိုင်ငံရေးမှာတိုးတက်သည့်အပြောင်းအလဲများဖြစ်ထွန်းလာစေရေးအတွက်လိုအပ်ချက်တချက်ရှိကြောင်း၊၎င်းလိုအပ်ချက်မှာအတိုက်အခံအဖွဲ့အစည်းများ၏တရားဝင်မှုကိုအသိအမှတ်ပြုရေးပင်ဖြစ်ကြောင်း၊အတိုက်အခံတို့၏ထင်မြင်ချက်များသည်အရေးပါကြောင်း၊၎င်းတို့အနေဖြင့်လူထုနှင့်တိုက်ရိုက်ဆက်သွယ်နိုင်ဖို့လိုအပ်သည်ဆိုသည့်အချက်ကိုအသိအမှတ်ပြုရမည်ဖြစ်ကြောင်း မစ္စတာရာမို့စ်ကပြောကြားသွားခဲ့သည်။

မစ္စတာရာမို့စ်ကဆက်လက်ပြောကြားသွားရာတွင်အပြောင်းအလဲတခုငြိမ်းငြိမ်းချမ်းချမ်းဖြစ်ပေါ်လာရေးတွင် အဖွဲ့တဖွဲ့အနေဖြင့်အားနည်းနည်းနှင့်စတင်ကောင်းစတင်ရမည်ဖြစ်ကြောင်း၊ မည်သည့်အတိုက်အခံမဆိုအချိန်ကာလတခုတွင်အတော်လေးအလျှော့ပေးရတာမျိုးကိုရှောင်လွှဲ၍ရနိုင်မှာမဟုတ်ကြောင်းလည်းမြန်မာနိုင်ငံရေးနှင့်ပတ်သက်၍၎င်းကထည့်သွင်းပြောဆိုသွားခဲ့သည်ဟုသိရသည်။

အဆိုပါ သမတဟောင်းဖီဒယ်ရာမို့စ်သည် ဖိလစ်ပိုင်နိုင်ငံကိုနှစ်ပေါင်းများစွာလွှမ်းမိုးအုပ်စိုးခဲ့သည့် သူ့၏နှစ်ဝမ်းကွဲအကိုအာဏာရှင်မားကို့စ်အား လူထုအင်အားနှင့်ပူးပေါင်း၍ဖြုတ်ချခဲ့သည့် တပ်မတော်မှဗိုလ်ချုပ်ကြီးဟောင်းတဦးဖြစ်ပြီး၊ (၁၉၉၂–၉၇)ခုနှစ်တွင် သမတတာဝန်များကို ထမ်းဆောင်ခဲ့သူဖြစ်သည်။ ■

# အမျိုးသားပြန်လည်သင့်မြတ်ရေး

နိုင်စိန်

စစ်အေးခေတ်ပြီးဆုံးပြီးနောက် နိုင်ငံတကာအခြေအနေအပြောင်းအလဲတွေများပြားတယ်။ မြန်လဲမြန်တယ်။ အရှေ့တောင်အာရှနိုင်ငံတချို့မှာပင် အပြောင်းအလဲတွေဖြစ်ပေါ်ခဲ့တယ်။ မြန်မာနိုင်ငံမှာတော့ အခုအချိန်ထိ ထူးခြားတဲ့အပြောင်းအလဲတွေ မဖြစ်ပေါ်နိုင်သေးဘဲ စစ်အာဏာရှင်စနစ်တည်မြဲဆဲဖြစ်နေတယ်။ နဝတ တဖြစ်လဲ နအဖ အစိုးရဟာ စစ်အေးခေတ်ပြီးဆုံးခြင်းရဲ့ အကျိုးတွေခံစားနေရတယ်လို့ ကွန်မြူနစ်ပါတီက ထောက်ပြထားပါတယ်။

ဒါအမှန်ဖြစ်ပါတယ်။ စစ်အုပ်စုက ဒီအခွင့်ကောင်းကို အသုံးချပြီးစစ်အာဏာရှင်စနစ်သက်ဆိုးရှည်အောင် ကြိုးပမ်းတယ်။ လက်နက်ကိုင်တော်လှန်ရေးအင်အားစုတွေကိုနည်းမျိုးစုံနဲ့ သပ်လျှိုဖြိုခွဲမှုတွေလုပ်နိုင်ခဲ့တယ်။ မြေမသေဒုတ်မကျိုး အပစ်အခတ်ရပ်စဲရေးတွေလုပ်တယ်။ စစ်ရေးအရယာယီအသက်ရှူပေါက်ရသွားပြီး ပြည်တွင်းဖိအားတခုလျော့သွားတယ်။

အခြားတဖက်မှာ စစ်အစိုးရခံစားလိုက်ရတဲ့ ဆိုးကျိုးတွေလဲရှိပါတယ်။ အနောက်နိုင်ငံတွေဘက် ခြေဦးမလှည့်ရဲလောက်အောင် ဝိုင်းကျင်တာခံနေရတယ်။ အဆင်းရဲဆုံးနိုင်ငံ စာရင်းဝင်၊ ဘိန်းအထွက်ဆုံး၊ လူ့အခွင့်အရေးအချိုးဖောက်ဆုံးနိုင်ငံဆိုတဲ့ ဂုဏ်ပုဒ်တသီကြီး ပိုင်ဆိုင်ထားပါတယ်။

ဒီမိုကရေစီပေါ်ထွန်းရေးအပြောင်းအလဲဖြစ်လာဘို့ ပြည်တွင်းပြည်ပသဏ္ဌာန်မျိုးစုံသောဖိအားတွေနဲ့တိုက်ဘို့လိုပါတယ်။ အဓိကအားဖြင့်ပြည်တွင်းဖိအားဖြင့်သာ အဆုံးအဖြတ်ပေးနိုင်မှာဖြစ်ပါတယ်။

နအဖ ဟာ ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကိုလက်နက်နဲ့ အကြမ်းဖက်နှိပ်ကွပ်တက်လာတဲ့ အစိုးရဆိုတာ လူတိုင်းအသိဖြစ်ပါတယ်။ NLD နဲ့ ဥပဒေတွင်းနိုင်ငံရေးပါတီတွေကို ကြိုက်သလိုဖိနှိပ်ပိတ်ပင်ဖမ်းဆီးထောင်ချ ညှင်းပမ်းမှုတွေလုပ်ရင်းတည်ရှိနေတဲ့အစိုးရပါ။ သူတို့အာဏာတည်မြဲရေးအတွက်ဆိုရင် ဘာမဆိုလုပ်ကြသူတွေဖြစ်တယ်။ နိုင်ငံတကာ့အလယ်မှာ ဂုဏ်သိက္ခာ အမဲ့ဆုံးအစိုးရအဖြစ် ထင်ပေါ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို MI နဲ့ ကြံ့ဖွံ့တွေစုပြီး အကြမ်းဖက်ဝိုင်းရိုက်တဲ့ထိ ရမ်းကားပက်စက်သူတွေဆိုတာမမေ့သင့်ပါဘူး။

ဘယ်ခေတ်ကမှ မရရှိဘူးတဲ့ တိုင်းပြည်တည်ငြိမ်အေးချမ်းမှု သူတို့ခေတ်မှာရရှိနေတယ်ဆိုတဲ့လေသံမျိုးစစ်အုပ်စုက မကြာခဏဝါဒဖြန့်လေ့ရှိတယ်။ လက်တွေ့ဖြစ်ရပ်တွေနဲ့ မကိုက်ညီပါ။ ငါ့စကားနွားရပြောဆိုခြင်းသာဖြစ်ပါတယ်။ စစ်အုပ်စုဟာ တိုင်းရင်းသားပြည်သူတွေကို ပိုမိုဆိုးဝါးစွာ ဖိနှိပ်သတ်ဖြတ်မှုတွေဆက်တိုက်လုပ်နေတယ်။ ပြည်တွင်းစစ်မီးလောင်နေဆဲဖြစ်နေတဲ့ပြဿနာ၊ အကျဉ်းထောင်တွေထဲမှာနိုင်ငံရေး အကျဉ်းသားတွေပြည့်နေတဲ့ပြဿနာ၊ ပြည်ပမှာ ဗမာပြည်နိုင်ငံရေးဒုက္ခသည်တွေ နိုင်ငံတကာအနှံ့အပြားရှောက်ရှိနေတဲ့ပြဿနာ၊ အခိုင်အမာတည်ရှိနေတဲ့ ဒီပြဿနာတွေကို ငြင်းပယ်နေရုံနဲ့ ပြဿနာရဲ့ အဖြေထွက်လာမှာမဟုတ်ပါဘူး။ ဘယ်လိုရင်ကြားစေ့ရေးလုပ်မလဲ။ လက်တွေ့ခြေလှမ်းတွေစရလှမ်းရမယ့်အချိန်ဖြစ်ပါတယ်။

> အမျိုးသားပြန်လည်သင့်မြတ်ရေးရဲ့ ပထမဆုံးလုပ်ငန်းဟာ ရွေးကောက်ပွဲရလာဒ်တရားဝင်အသိအမှတ်ပြုရေးဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ အခုတွေ့ဆုံပွဲလုပ်တယ်ဆိုတာ အားလုံးစိတ်ဝင်စားကြတယ်။ မျှော်လင့်ချက်နဲ့စောင့်ကြည့်နေကြပါတယ်။ တနှစ်ကျော်လာသည်ထိတွေ့ဆုံပွဲအခြေအနေ ပြည်သူလူထုကိုတရားဝင်အသိမပေးဘဲထားနေခြင်းဟာသင့်မြတ်လျော်ကန်မှုမရှိတဲ့ လုပ်ရပ်အဖြစ်ယူဆစရာဖြစ်နေပါတယ်….

စစ်အုပ်စုကိုယ်တိုင် ချမှတ်လုပ်ဆောင်တဲ့ နိုင်ငံရေးလုပ်ငန်းတွေ ရွေးကောက်ပွဲ၊ အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးလုပ်ငန်း၊ အမျိုးသားညီလာခံစတဲ့ လုပ်ငန်း(၃)ခု ဖြစ်တယ်။ (၃)ခုစလုံး ဒီနေ့ထိ တခုမှပြီးပြတ်အောင်မလုပ်နိုင်ပါ။ ကိုယ်ဖော်တဲ့ဆေး ကိုယ်မစားရဲဖြစ်နေတယ်။ (၁၀)နှစ်ကျော်နေပါပြီ။ ကြာလေတိုင်းပြည်နာလေ ဖြစ်နေတယ်။ အမှန်ကအမျိုးသားညီလာခံခေါ်ယူခွင့် စစ်အုပ်စုမှာတာဝန်မရှိပါ။ ပြည်သူတွေ ရွေးကောက်ထားတဲ့ ပြည်သူ့လွှတ်တော်ကသာ ခေါ်ယူကျင်းပနိုင်ခွင့်ရှိပါတယ်။

စစ်အုပ်စုက ဖွဲ့စည်းအုပ်ချုပ်ပုံပေါ်ပေါက်ရေးပြောနေခြင်းဟာ ရွေးကောက်ပွဲရလာဒ်ကို တနည်းအားဖြင့် ငြင်းဆန်နေခြင်းသာဖြစ်ပါတယ်။

အမျိုးသားပြန်လည်သင့်မြတ်ရေးရဲ့ ပထမဆုံးလုပ်ငန်းဟာ ရွေးကောက်ပွဲရလာဒ်တရားဝင်အသိအမှတ်ပြုရေး ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ အခုတွေ့ဆုံပွဲလုပ်တယ်ဆိုတာ အားလုံးစိတ်ဝင်စားကြတယ်။ မျှော်လင့်ချက်နဲ့စောင့်ကြည့်နေကြပါတယ်။ တနှစ်ကျော်လာသည်ထိ တွေ့ဆုံပွဲအခြေအနေ ပြည်သူလူထုကိုတရားဝင်အသိမပေးဘဲထားနေခြင်းဟာ သင့်မြတ်လျော်ကန်မှုမရှိတဲ့ လုပ်ရပ်အဖြစ် ယူဆစရာဖြစ်နေပါတယ်။ ဒီထက်အဆင့်တက်အရှိန်ကောင်းလာဘို့ ဆွေးနွေးပွဲနဲ့ တူလာအောင်တွန်းဆော်ကြရမှာဖြစ်ပါတယ်။

ပထမခြေလှမ်းအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးချွင်းချက်မရှိ လွှတ်ပေးရေး၊ ဥပဒေတွင်းမှ ဖျက်သိမ်းခံနိုင်ငံရေးပါတီများ ၎င်းတို့ဆန္ဒရှိပါက တရားဝင်ပါတီနေရာ ပြန်လည်ရရှိရေး၊ ဗိုလ်မှူးအောင်အမှူးပြုတဲ့ နိုင်ငံရေးသမားဟောင်းကြီးများရဲ့ အကြံပေးအဖွဲ့ကို တရားဝင်အသိအမှတ်ပြုရေးစတဲ့ ဒီမိုကရေစီကျကျရှေ့ဦးလိုအပ်ချက်တွေ လက်တွေ့အရင်ဆုံး အကောင်အထည်ဖော်ဘို့လိုပါတယ်။

ဒုတိယခြေလှမ်းစစ်အုပ်စုနဲ့အပစ်အခတ်ရပ်စဲထားတဲ့ ငြိမ်းချမ်းရေးအဖွဲ့များကိစ္စ၊ ငြိမ်းချမ်းရေး ရေရှည်အာမခံချက်ရှိဘို့ တန်းတူဆက်ဆံပြီး နိုင်ငံရေးအရ ဆွေးနွေးအဖြေရှာဘို့လိုပါလိမ့်မယ်။

ဒီနောက် ဗမာ့လွတ်လပ်ရေးနဲ့ ရှေ့နောက်ပေါ်ပေါက်ခဲ့တဲ့ နိုင်ငံရေးပဋိပက္ခများကို စေ့စပ်ဆွေးနွေးအဖြေရှာရေး ဆက်တိုက်လုပ်ဘို့လိုပါလိမ့်မယ်။

ဖော်ပြပါ နိုင်ငံရေးလုပ်ငန်းစဉ်များ အဆင့်ဆင့်လုပ်နိုင်မည်ဆိုပါက ပြည်တွင်းစစ်မီးချုပ်ငြိမ်းပြီး သွေးစည်းညီညွတ်မှုရှိတဲ့အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်း အကောင်အထည်ပေါ်လာမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ■

# စာရေးဆရာကြီး မြသန်းတင့် ကွယ်လွန်ခြင်း(၄)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် “နွေဦးရစ်သမ်” ကဗျာရွတ်ဆိုပွဲကျင်းပပြုလုပ်

စာရေးဆရာကြီးမြသန်းတင့်ကွယ်လွန်ခဲ့သည့် (၄)နှစ်ပြည့်ဝမ်းနည်းခြင်းအထိမ်းအမှတ်နှင့် မကြာမီကမှ နအဖ စစ်အကျဉ်းထောင်မှပြန်လည်လွတ်မြောက်လာခဲ့သည့် နိုင်ငံတကာသတင်းလွတ်လပ်ခွင့်ဆုရှင် သတင်းစာဆရာ အယ်ဒီတာ ဦးမျိုးမြင့်ငြိမ်း (ပေဖူးလွှာမဂ္ဂဇင်း)လွတ်မြောက်လာမှုအထိမ်းအမှတ်အဖြစ် ကဗျာရွတ်ဆိုပွဲတခုကို ထိုင်း–မြန်မာနယ်စပ်တနေရာတွင် ဖေဖော်ဝါရီ(၁၇)ရက်နေ့က ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။

Independent Pen Organization (Burma) ခေါ် မြန်မာနိုင်ငံလွတ်လပ်သည့်ကလောင်ရှင်များ အသင်း(မြန်မာနိုင်ငံ)၏လှုပ်ရှားမှုတရပ်အဖြစ် “နွေဦးရစ်သမ်” ကဗျာရွတ်ဆိုပွဲကို ဦးဆောင်ကျင်းပပြုလုပ်ခဲ့ရာ ကဗျာရွတ်ဆိုပွဲသို့ ကဗျာဆရာ၊ စာရေးဆရာ ၂၀ ဦးခန့်တက်ရောက်ခဲ့ကြကြောင်းသိရှိရပြီး ခံစားရေးသားသီဖွဲ့ခဲ့ရာ ကဗျာများကို လွတ်လပ်ရင်ခုန်စွာရွတ်ဆို သွားခဲ့ကြကြောင်း သတင်းရရှိသည်။



စာရေးဆရာကြီး မြသန်းတင့်



မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

# ရိုးမရိပ်သာညများ

**ကိုထက်မိုး**

**သူငယ်ချင်း ရဲဘော် ဒေါက်တာဇော်မင်း**

အခန်း(၅)

ဒီလိုနှင့်....

ဗမာပြည် ပြည်တွင်းစစ်ဘာကြောင့်ဖြစ်ရသလဲ။ အမျိုးသားတန်းတူရေးနှင့် သွေးစည်းရေး။ နတ်သျှင်နောင် သစ္စာဖောက်–မဖောက်။ အောင်သင်း–အောင်ဝေးတို့ရဲ့ အယူအဆငြင်းခုံမှုများ။ ဗီယက်နမ်စစ်ပွဲ။ 7 July အရေးအခင်း။ ကဝဘတ ၏ဝတ္ထုတိုများ။ ကျောင်းသားသမဂ္ဂအဆောက်အဦး။ LDC၊ သခင်အောင်ကြီး(ပေါင်းတည်)ရဲ့ ကျနော်အညာသားပါခင်ဗျား အခန်းဆက်ဆောင်းပါ။ ဒဂုန်တာရာ။ ဗန်းမော်တင်အောင်။ မြသန်းတင့်ဝတ္ထုများ။ 7 night in Japan ရုပ်ရှင်။ ညီပုလေးရဲ့စပါးကြီးမြွေဝတ္ထုတို။ ဒီရေမြင့်သစ်....

ကိုဇော်မင်းဆီက ကျနော်ရလိုက်တာက စနစ်ကျသောလေ့လာမှု၊ လေးနက်ရေးနှင့် ပုခုံးပေါ်က ခေတ်သမိုင်းတို့ ဖြစ်ပါတယ်။

အခန်း(၆)

သထုံလမ်းပေါ်မှ ဥဩသံလေးသဲ့သဲ့ကြားနေရသောနွေနေ့လည်။ သစ်ရွက်တွေကကြွေ၊ လေပွေတွေကထ။

''ခင်ဗျားမှာ ချစ်သူရှိသလား''

သူက မျက်လုံးကြီးပြူးပြီး ကျနော့်ကိုစိုက်ကြည့်သည်။ ပြီးမှတဟားဟားနှင့်ရယ်ပါသည်။ ရယ်ရင်းကပင် –

''ထက်မိုးက ရယ်ရတယ်ကွ''ပြောရင်း ရယ်ပါသေးသည်။ ပြီးမှ –

''ဘာလို့ ဒီလိုမေးသလဲ''

''ကျနော် သိချင်လို့ပေါ့''

''အင်း....ရှိတာပေါ့ဗျ''

''သူကကောခင်ဗျားကိုပြန်ချစ်သလား''

ကိုဇော်မင်းကရယ်ရင်းနှင့် 'အေးပေါ့ဗျ'ဟု ဖြေသည်။ ပြီးတော့....

''ထက်မိုးရော ချစ်သူရှိလား''

''ကျနော်က ချစ်တဲ့သူတော့ရှိတယ်''

''ကောင်းမလေးကကော''

''ပြန်မချစ်ဘူး ကိုဇော်မင်းရ''

သူကပြုံးလျှက် မှန်သောစကားကိုဆိုပါသည်။

''အင်း....ကောင်မလေးဘက်က မလွန်ဘူးထင်တယ်''

ရယ်မောကြရင်းမှ ကျနော်တို့ စကားဝိုင်းသည် ချစ်သူနှင့်အိမ်ထောင်ရေးဆီရောက်သွားပါသည်။ ဆရာဒဂုန်တာရာရဲ့ဆောင်းပါးတပုဒ်ထဲမှာဖတ်ဖူးတယ်။ ကိုဗဟိန်းကပြောဖူးတယ်တဲ့ ''ချစ်သူဆိုတာ အချစ်ဆုံးအဖော်ဗျ။ ဒုက္ခကိုဝေမျှ ခံစားနိုင်တယ်''မှစကာ –

'မခင်ကြီးလွမ်းတယ်ဗျာ'။ 'ကြည်ရေ....ပဲပြုတ်နဲ့နံပြားရရင်စားချင်တယ်'။ သခင်သန်းထွန်း ငါးရှဉ့်သွေးရောင်ကတ္တီပါအနွေးထည်နှင့်သက်ဝေသီချင်း။ (ဦး)နေဝင်းရဲ့ မယားပြီးမယား။ 'မောင့်–ဂူစတီနာရေ'။ ဆရာဝန်တင်ရွှေ၊ ဒေါက်တာမောင်မောင်ညို–အိမ်ထောင်ရေး။ ပညာရေးစာအုပ်များ။

''ခင်ဗျားက ဆရာဝန်လည်းဖြစ်တယ်၊ မိဘကလည်းချမ်းသာတော့ အိမ်ထောင်ရေးမှာသာယာမှာပေါ့ဗျာ''ကျနော်က အနာ (တဝမ်းတခါးအတွက် ကသီလင်တနိုင်ရခြင်း) အခြေခံနှင့် 'ကလိ'တော့ သူကတည်တည်ကြည်ကြည်နှင့်....

''အိမ်ထောင်ရေးသာယာဘို့ဆိုရင် လင်နဲ့မယား ရဲဘော်ရဲဘက်စိတ်ထား ဆက်ဆံရေးရှိဘို့ကအခြေခံပဲထင်တယ်ဗျာ''

ကျနော်တို့လူဖြစ် ကြီးပျင်းရာ မဆလခေတ်ညံ့ကြီးထဲမှာ မကြားဘူးသောစကားသစ်ပါ။

အဲဒီညရဲ့အိပ်မပျော်မီ ကျနော့်အတွေးဟာ ရဲဘော်ရဲဘက်ထီးရိပ်အေးအောက်မှာ သာယာပြီး ချမ်းမြေ့ကြည်နူးစရာ မိသားစုဘဝဖြစ်ခဲ့ပါတယ်။

အော်....ကြည်နူး....လန်းဆန်း....လေးနက်.... တည်ငြိမ်သောညရယ်ပါ။

အခန်း(၇)

၁၉၈၇ စက်တင်ဘာ(၅)ငွေစက္ကူတချို့ တရားဝင်အဖြစ်မှရုပ်စဲခြင်း။ (ရန်ကုန်စက်မှုတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊ ပျဉ်းမနားရေဆင်းတက္ကသိုလ်များမှ ကျောင်းသားများရဲ့တော်လှန်သောတိုက်ပွဲများ)

စက်တင်ဘာလ(၇)ရက်နေ့ သူနှင့်ကျနော်တွေ့သည်။ မနက်ပိုင်းမြို့ထဲမှာ ခဏဆုံသည်။ သူအလုပ်များနေပုံရသည်။ ညနေဘက်ဆုံဘို့ပြန်ချိန်းသည်။ ညနေဘက်ဆုံကြတော့ (၁၀)နှစ်တာနီးပါး ခင်မင်ရင်းနှီးခဲ့သော သူ့မျက်နှာမှာလေးနက်မှုနှင့် လက်တွေ့ကျမှုတွေကို ပထမဆုံးခံစားဖတ်ရှုရသည်။ ငွေစက္ကူဖျက်သိမ်းခြင်းအတွက် နိုင်ငံရေးအဓိပ္ပာယ်(သူ့အမြင်)ကိုရှင်းပြပြီးနောက် (ကျနော်နားလည်လောက်မည့်အသုံးအနှုံး)နှင့် ....

''ဒီနေ့ ကျနော်တို့တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလမ်းစပေါ်ရောက်ဘို့ ဘာတွေလိုသလဲဗျ။ ဘာတွေအခြေခံကစပြီးလုပ်ရမယ်ထင်သလဲ''(ထုံးစံအတိုင်း ကျနော်ကယောင်နနနှင့်) ''ဒီမိုကရေစီပေါ့ မဟုတ်ဘူးလား'' သူက ခဏစဉ်းစား တိတ်ဆိတ်နေသည်။

''ဟုတ်ပါတယ်၊ တခွန်းတည်းချုပ်ပြောရရင်တော့ ဒီမိုကရေစီပေါ့ဗျာ။ အခိုင်အမာတွေ အနေနဲ့ကတော့''(သူကျနော့်မျက်နှာကိုလှမ်းကြည့်သည်။)

''ပြောပါ....ကိုဇော်မင်း၊ ကျနော်အကြားချင်ဆုံးစကားတွေပါ''

''ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်ရေး၊ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် သွေးစည်းညီညွတ်ရေး....''

ကျနော်တို့ရောက်ရှိနေတဲ့ နာရီ၊ မိနစ်တွေဟာ အဓိပ္ပာယ်မဲ့တွေမဟုတ်တော့မှန်း ကျနော်သတိဝင်လာသည်။ ကျနော်တို့ခေါင်းပေါ်က ဟောဒီမိုးကောင်းကင်ကြီးဟာ တကယ်တော့သိပ်ပြီးမြင့်မားလှတာ မဟုတ်ပါဘူးဆိုတာ ကျနော်တို့မြင်လာ၊ ယုံလာခဲ့ကြပြီ။

''အဲဒီတော့ ခင်ဗျားတို့၊ ကျနော်တို့လိုနိုင်ငံရေးအသိစိတ်ရှိတဲ့ လူငယ်တွေကပိုင်းဖြတ်ချက်ရှိရှိနဲ့စပြီး နိုးထကြရမှာဘဲဗျာ။ အောင်မြင်မယ်ဆိုတာကိုလည်းယုံပါ။ အခက်အခဲကိုလည်း စိတ်ကူးမယဉ်တမ်း ဝိုင်းပြီးကြိုးစားကြရအောင်ဗျာ။ အကြိမ်(၁၀၀)မြောက်အဖြစ် ဟောဒီကျောက်တုံးကြီးကိုထုချေရမှာ ကျနော်တို့အလှည့်ပါလား။

လမ်းခွဲပြီးပြန်လာတော့ ဖြန့်ဝေစပြုထားသောလျှို့ဝှက်ကြေငြာချက်တစောင် ကျနော့်ထံပါလာသည်။

''ငွေစက္ကူဖျက်သိမ်းခြင်းနှင့်ပတ်သက်ပြီး ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂနှင့် မန္တလေးတက္ကသိုလ်ကျောင်းသားများသမဂ္ဂတို့၏ ပူးတွဲကြေငြာချက်''တဲ့။

စာအရေးအသား ''ရသ'' ပါသည်။ လှုံ့ဆော်မှုပါသည်။ တရားခံကိုလက်ညှိုးထိုးပြသည်။ 'တာဝန်'ကို ရှင်းလင်းစေသည်။ 'ကျောင်းသားသမဂ္ဂ'ဆိုသောစာလုံးများပေါ်က မျက်စေ့မခွာနိုင်။ သမဂ္ဂအသက်ဝင်လာသည်။ နိုင်ငံရေးကြေငြာချက်ပေမယ့် အကြိမ်ကြိမ်ဖတ်ဖြစ်သည်။ အရေးအသားက ကျနော်ရင်းနှီးသလိုလို၊ သိသလိုလို။ အားလုံးသိကြပါသည်။

အခန်း(၈)

၁၉၈၈ ခုနှစ်အတွင်းဝင်သည်နှင့် ကျနော်တို့တွေရဲ့နှုတ်ဖျားမှာ ဘာသာစကားတွေ ပြောင်းလဲကုန်ပါသည်။ သူငယ်ချင်းမှ ရဲဘော်ဖြစ်သွားကြပါသည်။

တပါတီအာဏာရှင်စနစ် အလိုမရှိ၊ ဒီမိုကရေစီရရှိရေး၊ အထွေထွေသပိတ်၊ ဗကသများအဖွဲ့ချုပ်၊ မင်းကိုနိုင်၊ မိုးသီးဇွန်၊ အောင်ဆန်းစုကြည်၊ ဗမာပြည်ကွန်မြူနစ်ပါတီ ၄၇၂၈ ဒေသပါတီကော်မတီ၏ ထုတ်ပြန်ကြေငြာချက်၊ ကြားဖြတ်အစိုးရဖွဲ့စည်းရေး....။ မြို့နယ်မှာတာဝန်ယူသော ကျနော်က အထွေထွေသပိတ်ကော်မတီ (G.S.C)နှင့်ဆက်စပ်ရန် G.S.C ရှိသော ရန်ကုန်ပြည်သူ့ဆေးရုံကြီး(RGH)သို့ရောက်လျှင်အလုပ်များနေသော ကိုဇော်မင်းနှင့် ဆုံတတ်သည်။ (GSC မှာတွဲဘက်အထွေထွေအတွင်းရေးမှူးတာဝန်ယူထားသော သူ့ညီဆရာဝန်လောင်းလေးဇော်ထွန်းကိုလည်း တွေ့ရတတ်ပါသည်။) သူက မြို့နယ်အခြေအနေကိုမေးတတ်သည်။ ဂရုတစိုက်နားထောင်သည်။ ပြီးတော့အရေးကြီးသတင်းများ၊ ရှေ့အလားအလာများ၊ လုပ်သင့်သည်များကိုအသေးစိတ်(စိတ်ရှည်လက်ရှည်) ရှင်းပြသည်။

မဆလ ဗဟိုကော်မတီ သဘောထား၊ မဆလပါတီဝင်တွေ အစုလိုက်အပြုံလိုက်နုတ်ထွက်မှု (လူထုဘက်ကူးပြောင်းမှု)၊ စစ်ထောက်လှမ်းရေးရဲ့ခြေလှမ်း၊ စစ်တပ်အခြေအနေ၊ အမေရိကန်လွှတ်တော်အမတ် စတီဗင်ဂျေဆိုလာ့စ်၊ အောင်–စု–နု–တင်၊ အထက်ဗမာပြည်သပိတ်၊ လူထုလက်ထဲက နိုင်ငံအာဏာ ....။

> မဆလ ဗဟိုကော်မတီသဘောထား၊ မဆလပါတီဝင်တွေအစုလိုက်အပြုံလိုက်နုတ်ထွက်မှု (လူထုဘက်ကူးပြောင်းမှု)၊ စစ်ထောက်လှမ်းရေးရဲ့ခြေလှမ်း၊ စစ်တပ်အခြေအနေ၊ အမေရိကန်လွှတ်တော်အမတ် စတီဗင်ဂျေဆိုလာ့စ်၊ အောင်–စု–နု–တင်၊ အထက်ဗမာပြည်သပိတ်၊ လူထုလက်ထဲကနိုင်ငံအာဏာ....။

မိုးရိပ်တွေညိုနေတဲ့ ရက်တွေပါ။ ''ဗိုလ်ချုပ်ပေးတဲ့ စစ်ပညာ၊ ကျောင်းသားပြည်သူသတ်ဖို့မဟုတ်ဘူး''။ ''ဒို့– ဗိုလ်ချုပ်မှာခဲ့တယ်၊ ရရင်–ရ၊ မရရင်–ချ''။ ဗိုလ်ချုပ်စိတ်ဓါတ်ကို နှိုးဆော်ဆုပ်ကိုင်ထားသော (ဆေးရုံကြီးရှေ့)ဗိုလ်ချုပ်လမ်းပေါ်မှလူထုကြီး၏ ပြတ်သားသည့် ကြွေးကြော်သံများကို အအိပ်ပျက်မျက်လုံးများဖြင့် သူငေးနေသည်။ အော်.... ကျနော်တို့ရဲ့ ၁၃၅၀ ပြည့် အရေးတော်ပုံကြီး။ ကျနော်က သဲတပွင့်၊ သူက အုတ်တချပ်။

အခန်း(၉)

၁၉၈၈၊ စက်တင်ဘာ ၁၈ရက်။

(၂၃–၇–၈၈နေ့)မဆလပါတီဥက္ကဋ္ဌကြီး (ဦး)နေဝင်းကတိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိပေးခဲ့သောအမိန့်ညစ်ကို၊ စစ်ထောက်လှမ်းရေးက ဦးစီးပြီးလက်တွေ့သဲကြီး၊ မဲကြီးအကောင်အထည်ဖော်နေသောရက်များ။

''စစ်တပ်ဆိုတာ ပစ်ရင်မှန်အောင်ပစ်တယ်၊ မိုးပေါ်ထောင်ပြီးခြောက်တာမပါဘူး''၊ ''နောင်ဆူဆူပူပူလုပ်ကြရင် ဆူတဲ့သူတွေမသက်သာဘူးသာမှတ်ပေရော့''

တကယ်မသက်သာခဲ့တာ၊ မှန်အောင်ပစ်ခဲ့တာတွေ ဗမာပြည်လူထုကြီးသိပါသည်။ သပိတ်စခန်းတွေဖရိုဖရဲ၊ ယမ်းခိုးမွှန်နေတဲ့ မြို့ပြ၊ လူထုရဲ့တက်ခေါက်သံ၊ ရွှေတိဂုံရင်ပြင်မှ ကျဉ်ဆံခွံ၊ သွေးတွေရွှဲနေတဲ့ သမီးလေးဝင်းမော်ဦး၊ အဖြူအစိမ်းဝတ်စုံနှင့် သံချပ်ကာကား၊ ကျောင်းသားတွေတောခိုသွားကြပြီ။

ပစ်သံခတ်သံတွေကြားမှပင် ကျနော်ရှိရာသူရောက်လာသည်။ 'လူထုကိုမမောမပန်းအလုပ်အကျွေးပြုရမယ်'ဆိုတဲ့ စာသိကိုမျက်စေ့ရှေ့မှာမြင်ရခြင်းပါ။ ဆရာဝန်ကိုကျန်းမာရေးဂရုစိုက်ဘို့ ကျနော် (သာမန်အရပ်သား)က ပြောတော့ ရဲဘော်တွေဝိုင်းရယ်ကြပါတယ်။

အခန်း(၁၀)

၁၉၈၉၊ ဇူလိုင်မှာ သူ(တို့)အဖမ်းခံရသည်။ ၈၉ နိုဝင်ဘာမှာ ကျနော်အဖမ်းခံရသည်။ သူကထောင်ဒဏ်အနှစ်(၂၀)၊ ကျနော်က (၃)နှစ်။ အင်းစိန်တထောင်ထဲမှာပေမယ့်သူကတိုက်ထဲမှာ၊ ကျနော်ကအဆောင်။ ကျနော်တို့အဆောင်မှ တိုက်ဘောက်ဆင်းတယောက်မှတဆင့် သူကငပိကြော်တထုပ်ကျနော့်အတွက် (တိတ်တိတ်)ပို့လာသည်။ Information Technology (IT) ခေတ်ကြီးထဲမှာ၊ ထောင်တွင်းရဲဘော်ချင်းဆက်သွယ်ရေးကိရိယာ ငပိကြော်ထုပ်လေးကို ကျနော်ငေးကြည့်၊ တွေးမိနေသည်။

သူ့ကိုသတိရမိတိုင်း ကျနော့် နှာခေါင်းထဲမှာ ငပိကြော်နံ့လေးသင်းလာတတ်ပါသည်။ ငပိကြော်နဲ့လေရူမိတဲ့ အခါတိုင်းမှာလည်း ကျနော့်သူငယ်ချင်းကို ကျနော်သတိရနေမိသည်။

အခန်း(၁၁)

၉၂ ဇူလိုင်မိုးရေထဲမှာ ကျွန်တော်အိမ်ပြန်ရောက်လာသည်။ အိမ်နဲ့ဝေးခဲ့ရတဲ့ (၃)နှစ်မှာ ကျနော့်အမေနဲ့သေကွဲ ကွဲခဲ့ရ။ အဖေကအိုပြီ။ ကိုဇော်မင်းတို့ကတော့ ....၊

ကိုဇော်မင်းတို့မှာ ညီအကို မောင်နှမ (၅)ယောက်ရှိပါတယ်။ သား(၄)၊ သမီး(၁)။ သား(၃) သမီး(၁)ကဆရာဝန်တွေ၊ ကျန်သား(၁)က တိ–မွေး–ကု တက္ကသိုလ်မှာ။ သူ့မိခင် (အန်တီငွေး)ရော၊ သူ့ဖခင်ပါ နူးညံ့၊ အေးဆေး၊ သိမ်မွေ့၊ ယဉ်ကျေးပြီးသာယာတဲ့ အသိုက်အမြုံလေးပါ။ 'နဝတ လက်ထက်'ဆိုတာကို သူတို့မိသားစုအတွက် ဘာသာပြန်ရရင်.... သား(၁)ကလက်နက်ကိုင်တော်လှန်ရေးမှာ(ဆိုပါတော့) ကျဆုံး၊ သား(၁)က ထောင်ဒဏ်နှစ်ရှည်၊ သား(၁)က လက်နက်ကိုင်တော်လှန်ရေးမှာ ငှက်ဖျားဒဏ်နဲ့စိတ်မူမမှန် အိမ်ပြန်ရောက်လာ။ အဲဒီ 'မိုင်း'ကွင်းကြီးထဲမှာ နူးညံ့သိမ်မွေ့တဲ့ အန်တီငွေးခများ ဘယ်လောက်များသောကတွေ ပင်လယ်ဝေနေမလဲ။ ဘယ်အထိများကြိတ်ငိုရှိုက်နေရရှာလေမလဲ။ မတွေးရက်တော့ပါ။

အခန်း(၁၂)

ကျနော့်အတွက်လဲ ရွေးလမ်းက သိပ်မရှိခဲ့ပါ။ ဒေါနတောင်တန်းများပေါ် ကျနော်ခြေချမိတော့ သူ့ညီလေးဇော်ထွန်း(နဲ့ဆလိုင်းပါကျင်)တို့ရဲ့ကောင်းမှု ချေဂွေဗားရားရဲ့ 'ပျောက်ကြားစစ်'ဘာသာပြန်ကိုတွေ့ရ၊ ဖတ်ရတော့ (ဇော်ထွန်းအတွက်ယူကြုံးမရလဲဖြစ်၊ အလေးလဲပြုမိသလို) ကျွန်တော့်သူငယ်ချင်းကိုလည်း သတိရမိသည်။

ရှေ့တန်းစစ်မြေပြင်မှ သူ့သတင်းကိုနားစွင့်ခွင့်ရသည်။ ၂/၉၃ (။)အရပ်စဒဏ်တွေလျှော့တော့ ထောင်ဒဏ်အနှစ်(၂၀)ခံရတဲ့ သူက(၁၀)နှစ်သာခံရတော့မည်။ (လျှော့ရက်မပေးဘဲ ဖြောင်ကျကျညစ်ပတ်ဦးတော့) ၁၉၉၈ ထဲမှာသူလွတ်မည်။ ကျနော့်အတွေးက တရားပြီးရိုးစင်းပါသည်။

' ဟယ် – ဖက် – ဆစ် '

၁၉၉၈လွတ်ရက်စေ့တော့ သူကို ၁၀(က)နဲ့ ထောင်ထပ်ချလိုက်တယ်။ ကျနော့်ဒေါသက(ပေါက်ကွဲအားအပြင်းဆုံး လက်နက်ကြီးထက်) ဟိန်းညံသွားတာ – တရားမှာပါ။

အက်ဆစ်ခွက်ထဲမှာ စပယ်ပွင့်လေးတွေ ဖွေး .... လို့။

အခန်း(၁၃)

ဟောဒီမျက်စိရှေ့မှောက်ကခေတ်ကာလကြီးမှာ နှင်းခါးတွေကဝေဝါးမှုန်မှိုင်းနေဆဲ။ (ဘဝအရ)တောင်မှမြောက်ကိုစီးရတဲ့ 'သောင်ရင်း'ရေစီးကိုတော့ နှင်းခါးတွေက ဝှက်မထားနိုင် တန့်မထားနိုင် နောက်ပြန်မစီးနိုင်ခဲ့။ ဖက်ဆစ်ခေတ်ကြီးမှာ သေနတ်တွေက ကျနော်တို့လက်ထဲကို ရောက်လာကြတာ။ သဘာဝသိပ်ကျတဲ့ ကိစ္စပါ။

ငပိကြော်နံ့လေးမွှေးလာတဲ့အခါ၊ ဒါမှမဟုတ် ဒင်းတို့တွေရဲ့ပက်စက်မှုကို သတိရတဲ့အခါ .... ကျနော်ဟာလက်ထဲက သေနတ်လေးကိုမြတ်နိုးစွာနဲ့ တင်းကျစ်စွာဆုပ်ကိုင်ထားမိတက်ပါပြီ။

အော် .... အုတ်များ၊ သဲများဖြင့် အာဇာနည်ဗိမာန်၊ လွတ်လပ်ရေးကျောက်တိုင်တွေဆောက်သလို စစ်သချိုင်းတွေလဲ ဆောက်ရပေဦးတော့မည်။ ■

## "နအဖ"ကတည်ဆောက်မည့်နျူးကလီးယားဓါတ်ပေါင်းဖိုအရေး နိုင်ငံတကာအနုမြူစွမ်းအင်အေဂျင်စီက စိုးရိမ်ပူပန်ကြောင်းပြောဆို

မြန်မာနိုင်ငံတွင် ရုရှားအကူအညီနှင့် အနုမြူဓါတ်ပေါင်းဖိုတလုံး တည်ဆောက်ရန် ပြင်ဆင်နေသည့်အရေးနှင့်ပတ်သက်၍ နိုင်ငံတကာအနုမြူစွမ်းအင်အေဂျင်စီက စိုးရိမ်မကင်းဖြစ်နေကြောင်း ဖေဖော်ဝါရီ ဒုတိယအပတ်တွင်ထုတ်ဝေသည့် အရှေ့ဖျားစီးပွားရေးရာစာစောင်တွင် ဖော်ပြပါရှိသည်။


ဗိုလ်ချုပ်ကြီးစောဘိုမြ

ရန်ကုန်မြို့ရှိသံတမန်တဦး၏ အဆိုအရ နိုင်ငံတကာအနုမြူစွမ်းအင်အေဂျင်စီ (IAEA) အဖွဲ့မှစစ်ဆင်ရေးအဖွဲ့တဖွဲ့သည် မြန်မာနိုင်ငံသို့မကြာသေးခင်အချိန်က လာရောက်ခဲ့ကြောင်း သိရှိရပြီး အဆိုပါအဖွဲ့၏စစ်ဆေးတွေ့ရှိချက်အရ နအဖတို့တည်ဆောက်ရန်ရှိသည့် နျူးကလီးယားဓါတ်ပေါင်းဖိုသည် နိုင်ငံတကာကသတ်မှတ်ထားသည့် ဓါတ်ပေါင်းဖိုလုံခြုံရေးနှင့် ဓါတ်ငွေ့ယိုစိမ့်မှုကာကွယ်ရေးစနစ်တို့ စံချိန်စံညွှန်းပြည့်မီခြင်း မရှိကြောင်းသိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ရုရှားသံတမန်များ၏ပြောကြားချက်အရ နအဖကစေလွှတ်ထားသည့် မြန်မာနိုင်ငံသား ၃၀၀ ကို နျူးကလီးယားသင်တန်းများ ပေးနေသည်ဆိုသော်လည်း နှစ်နိုင်ငံသဘောတူညီချက်လက်မှတ်ရေးထိုးထားခြင်း မရှိသေးကြောင်းသိရပြီး ရုရှားအစိုးရအနေနှင့် ဩစတြီးယားနိုင်ငံ ဗီယင်နာအခြေစိုက် နိုင်ငံတကာအနုမြူစွမ်းအင်အေဂျင်စီအဖွဲ့နှင့် ဆွေးနွေးနေဆဲဖြစ်ကြောင်းလည်း သိရှိရသည်။

နအဖတို့၏ နျူးကလီးယား စီမံချက်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောဘိုမြကလည်း.... နျူးကလီးယားစွန့်ပစ်ပစ္စည်းများအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာရှုထောင့်ကကြည့်ပြီး စိုးရိမ်ပူပန်မိကြောင်း၊ ဒေသတွင်းရှိနိုင်ငံများအနေနှင့်လုံခြုံရေး၊ သဘာဝပတ်ဝန်းကျင်ရေး၊ ပြည်သူများ၏ ကျန်းမာရေးတို့ကိုကြည့်ပြီး နအဖအားပြင်းထန်စွာကန့်ကွက်မှုတွေ ပြုလုပ်ရန်တောင်းဆိုသည်ဟုသိရသည်။ ■

## မြန်မာနိုင်ငံသားတို့၏အခွင့်အရေးများရရှိရေး တကိုယ်တော်ဆန္ဒပြခဲ့သည့် သက်ကြားရွယ်အို ပါမောက္ခဟောင်းတဦး ရန်ကုန်မြို့လည်မှာဖမ်းဆီးခံရ


ဒေါက်တာဆလိုင်းထွန်းသန်း

ပြီးခဲ့သည့် နိုဝင်ဘာလ(၂၆)ရက်နေ့က ရန်ကုန်မြို့တော် မဟာဗန္ဓုလပန်းခြံ လွတ်လပ်ရေးကျောက်တိုင်အနီးတွင် တကိုယ်တော်ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ပြသခဲ့သည့် ပါမောက္ခဟောင်းတဦးကို စစ်ထောက်လှမ်းရေးအဖွဲ့က ဖမ်းဆီး ခေါ်ဆောင်သွားကြောင်းသိရသည်၊

အဆိုပါပုဂ္ဂိုလ်မှာ အရှိချင်းအမျိုးသားတဦးဖြစ်ပြီး အမေရိကန်နိုင်ငံ ဝစ္စကွန်ဆင်တက္ကသိုလ်(University of Wisconsin)မှ စိုက်ပျိုးရေးပါရဂူဘွဲ့ ရရှိခဲ့ပြီးနောက် ပျဉ်းမနားရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင်(၁၉၉၀)ခုနှစ်အထိ ပါမောက္ခတာဝန်ထမ်းဆောင်ခဲ့သည့် အသက်(၇၄)နှစ်အရွယ် ဆရာကြီးဆလိုင်းထွန်းသန်းဖြစ်ကြောင်းသိရှိရသည်။

ဆရာကြီးသည် အဆိုပါနေ့က ၎င်း၏ဒေါက်တာဘွဲ့ဝတ်စုံကိုဝတ်ဆင်ပြီး အင်္ဂလိပ်ဘာသာဖြင့်အသင့်ရေးယူလာသော နအဖသို့အိတ်ဖွင့်ပေးစာတစောင်ကို လမ်းသွားလမ်းလာပြည်သူများအားဖြန့်ဝေ၍ ၎င်း၏ဆန္ဒများကို အသံတိတ်ဖော်ထုတ်ပြသခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါစာ၌ ဆရာကြီးက ယခုနှစ်အတွင်းရွေးကောက်ပွဲပြုလုပ်ပေးရေး ထိုရွေးကောက်ပွဲ၌ ကုလသမဂ္ဂနှင့်အာဆီယံက ကြီးကြပ်ပေးရေးနှင့် အရပ်သားအစိုးရကိုအမြန်ဆုံးအာဏာလွှဲပြောင်းပေးရေးတို့ အပါအဝင် အချက်(၅)ချက်ကိုဖော်ပြထားကြောင်းသိရသည်။

ထို့အပြင် ဆရာကြီး၏ပေးစာတွင် မြန်မာနိုင်ငံသားတို့၏ အခွင့်အရေးများရရှိရေးအတွက် ၎င်း၏အသက်ကိုဤနေရာတွင်ပေးလှူပါမည်ဟုဖော်ပြထားပြီး စစ်ဖိနပ်အောက်မှာ လွတ်လပ်မှုမရှိဘဲနေရတာထက်သေရတာကပိုတော်ပါသည်ဟုရင်း၊ စစ်အုပ်စုအပါအဝင် လက်နက်ကိုင်အင်အားစုများအနေဖြင့် ပြည်သူတို့၏ချစ်ခင်လေးစားမှုကိုရရှိရန် မိမိနှင့်ပူးပေါင်းပါဟူ၍ရင်း ထည့်သွင်းရေးသားထားကြောင်းသိရသည်။

ထိုကဲ့သို့ မိမိ၏ဆန္ဒများကိုငြိမ်းချမ်းစွာဖော်ထုတ်ပြသခဲ့သည့် သက်ကြားရွယ်အိုပါမောက္ခကြီးအား နအဖစစ်ထောက်လှမ်းရေးကအင်းစိန်ထောင်သို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်းသိရသည်။

ဆရာကြီးအား ရန်ကန်မြို့တွင်ရောက်ရှိနေသော လူ့အခွင့်အရေးအထူးသံတမန် မစ္စတာပင်ဟေးရိုက အင်းစိန်ထောင်၌ ဖေဖော်ဝါရီလ(၁၇)ရက်နေ့တွင်သွားရောက်တွေ့ဆုံခဲ့ကြောင်းသတင်းရရှိသည်။ ■

# အဝိဇ္ဇာထိပ်ခေါင် မြန်မာ့လူ့ဘောင်

ယခင်အပတ်မှအဆက် –

ဂါမဏိ

> အိန္ဒိယတိုက်ငယ် သမိုင်းကိုပြန်ကြည့်ရင် ဒီသုံးနိုင်ငံသာမကပဲ အခြားတိုင်းနိုင်ငံအတော်များများဟာ လွန်ခဲ့တဲ့နှစ် ၂၀၀၀ ကျော်အချိန်တုန်းက တချိန်မဟုတ်တချိန်မှာ ဒီမိုကရေစီအုပ်ချုပ်မှုအောက်မှာ ရှိခဲ့ကြဖူးတာတွေ့ရတယ်....

နိုင်ငံတကာကစုံစမ်းလေ့လာတဲ့သမားတွေနဲ့ သတင်းသမားတွေ ဗမာပြည်လူမျိုးစုဒေသတွေမှာရှိတဲ့ လူသတ်ကွင်းတွေဆီ လွတ်လပ်စွာ သွားရောက်လေ့လာခွင့်မရသေးသ၍ ဗမာပြည်ကလူမျိုးသုတ်သင်ပွဲရဲ့ အတိုင်းအတာပမာဏကို ပြည့်ပြည့်စုံစုံသိနိုင်မှာမဟုတ်ပေမယ့် သေချာတာကတော့မြန်မာပြည်က မိစ္ဆာနတ်ဆိုးကိုယ်စားလှယ်အာဏာပိုင်တွေဟာလောလောဆယ် သီပေါ်မြို့နဲ့ဘရပ်ဆဲလ်မြို့တွေမှာနိုင်ငံတကာ စစ်ရာဇဝတ်မှု ခုံရုံးတင်စစ်ဆေးခံနေရတဲ့ ဆားဗီးယားနဲ့ ရဝမ်တာအာဏာပိုင်တွေနဲ့တတန်းတည်းပါပဲ။

စစ်အစိုးရလက်အောက်မှာ စဉ်းစားကြံဆလို့ရသမျှ ဆိုးဝါးယုတ်မာလှတဲ့ အစိုးရအုပ်ချုပ်မှု လုပ်နည်းလုပ်ဟန်တွေအားလုံးအသက်ဝင်အကောင်အထည် ဖြစ်တည်လာခဲ့တယ်။ အဓမ္မလုပ်အားပေးစနစ်(ကာယအလုပ်သာမကပဲ ဉာဏအလုပ်နဲ့ အနုပညာအလုပ်တွေပါပေါ်တာဆွဲခိုင်းခံရ)ကလေးလုပ်အား၊ ကလေးစစ်သားအဓမ္မကောက်မှု၊ အဆမတန်သွေးစုပ်အလုပ်ရုံတွေ ချွေးတပ်စခန်းတွေ၊ ကျေးရွာ၊ ရပ်ကွက်များ အဓမ္မဖျက်သိမ်းပြောင်းရွှေ့နေရာချမှုတွေ၊ အဓမ္မ"အလှူငွေ"ကောက်ခံမှုတွေနဲ့ ဆပ်ကြေးကောက်ခံမှုတွေ၊ တနည်းအားဖြင့် မပေးမနေရ တရားမဝင်အခွန်အခကောက်ခံမှုတွေ၊ ခြစားမှုနဲ့ အလွဲသုံးစားမှုတွေ၊ တပည့်လက်သား ရောင်းရင်းကောင်းစားရေးစနစ်နဲ့ ဆွေမျိုးသားချင်းကောင်းစားရေးစနစ်တွေစသဖြင့်.... စသဖြင့်ဟာ ဗမာပြည်ဆိုတဲ့ ပေါရိသာဒနိုင်ငံ၊ အဝိဇ္ဇာထိပ်ခေါင် စူပါမားကတ်ကြီးမှာမကောင်းတာမှန်သမျှလိုချင်တာပြော အကုန်ရှိတယ်ဖြစ်နေပါပြီ။ ဒီလုပ်ရပ်တွေကို ကောက်ကျစ်ယုတ်မာလှတဲ့ အစိုးရကလုပ်ဆောင်နေတဲ့ရည်ရွယ်ချက်ကတော့ ၈၈၈၈ လုံး အုံကြွမှုကြီးဆင်နွှဲခဲ့တဲ့ ၉၀ ခုနှစ်ရွေးကောက်ပွဲမှာဒီ/ချုပ်ကိုပုံအော မဲပေးမှုတို့အတွက် ပြည်သူလူထုကြီးကို လက်စားချေအပြစ်ပေးဖို့ရယ် အစိုးရအသုံးစရိတ်တွေ လျှော့ချခိုင်းပြီး ပြည်သူလူထုဆီက ဓါးပြတိုက်လုယက်လို့ စစ်အုပ်စုအတွက် အမြတ်ငွေတွေညှစ်ထုတ်ယူဖို့ရယ်ဖြစ်တယ်။ ဗမာပြည်ရဲ့အကျဉ်းထောင်တွေနဲ့ချွေးတပ်စခန်းတွေဟာ မြေကမ္ဘာပေါ်ကယမမင်းရဲ့ဘုံဗိမာန်တွေဖြစ်လာပြီး ရုပ်ပိုင်းစိတ်ပိုင်းညှဉ်းပန်းနှိပ်စက်မှု၊ ရက်စက်ကြမ်းကြုတ်မှုနဲ့ လူ့အခွင့်အရေးဖောက်ဖျက်မှုတွေမှာ တဒင်္ဂရတဲ့ခေတ်အမီဆုံးနည်းနာတွေကို ကျင့်သုံးနေကြတယ်။ တကယ့်တကယ်မှာ နယက (နအဖရဲ့တရားဝင် အတိုကောက်) ဆိုတာ "နမူးနထူး ယမမင်းကိုယ်စားလှယ်" ရဲ့ အတိုကောက်လဲဖြစ်နိုင်ပါတယ်။

စစ်အစိုးရရဲ့ တကယ့်စွမ်းပကားဟာ တပ်မတော်ထောက်လှမ်းရေး(MI)လို့တရားဝင်နာမည်မှည့်ခေါ်ထားတဲ့ လျှို့ဝှက်ပုလိပ်အဖွဲ့လက်ထဲမှာရှိပါတယ်။ ဒီလျှို့ဝှက် ပုလိပ်သာမရှိလို့ကတော့ ငတုံးအေ လဒူကျတဲ့ စစ်တပ်ဟာ အာဏာကိုရေရှည်ချုပ်ကိုင်နိုင်မှာမဟုတ်ပါဘူး။ ခေတ်နောက်ကျ ဟောင်းနွမ်းပြီး မော်ဒယ်အောက်နေတဲ့ ဗမာပြည်စစ်တပ်ဟာ ၁၉၈၈ ခုနှစ်တုန်းက အာဏာရှင်ဗိုလ်ချုပ်ကြီး နေဝင်း "တရားဝင်"ရာထူးက မဆင်းခင်လေးမှာပြောခဲ့သလိုပဲ ဘယ်လိုမှန်အောင်ပစ် သတ်ရမယ်ဆိုတာလောက်ပဲသိတဲ့ နလပိန်းတုံး သတ္တဝါကြီးသာဖြစ်တယ်။ ဒါပေမယ့် ခင်ညွှန့်ရဲ့တစုံတရာလည်လည်ဝယ်ဝယ်ပိုရှိတဲ့ လျှို့ဝှက်ပုလိပ်တွေကတော့ အာဏာရေရှည်ဆုပ်ကိုင်ထားနိုင်ရေး အလုပ်ဖြစ်လောက်အောင် ဘယ်သူ့ကို ပစ်ရမယ်၊ ဘယ်အချိန်မှာပစ်ရမယ်၊ ဘယ်အရပ်ဒေသမှာပစ်ရမယ်ဆိုတာနဲ့ပစ်ရတဲ့အကြောင်းရင်း ဘယ်လိုပြုရမယ်ဆိုတာကို သိစွမ်းနားလည်ကြတယ်။ ဒါကလဲ နေဝင်း ခေတ်ရဲ့အမွေဖြစ်တဲ့ လျှို့ဝှက်ပုလိပ်(MI)ထောက်လှမ်းရေးအဖွဲ့အတွက် အကန့်အသတ်မရှိ ဘတ်ဂျက်ငွေသုံးစွဲခွင့်ပေးထားတာရယ်၊ အဟန့်အတားအနှောင့်အယှက်မရှိ အခွင့်အာဏာတွေပေးထားတာရယ်တို့ကြောင့် စွမ်းအားဖြစ်တယ်။ ဒီအချက်တချက်ထဲကြောင့်ဘဲ နမူးနထူးစစ်တပ်ကြီးဟာ တပ်ထဲကခေါင်းမာသမားတွေမကျေနပ်တဲ့ကြားက လျှို့ဝှက်ပုလိပ်အကြီးအကဲခင်ညွှန့်ကို ရိုကျိုးနာခံနေရတာဖြစ်တယ်။

ခင်ညွှန့်နဲ့သူ့ရဲ့လျှို့ဝှက်ပုလိပ်ဟာ လဒူစစ်တပ်ရဲ့ထုံထိုင်းတုံးအတဲ့ သံမဏိနှင်တံဘဲဖြစ်ဖြစ်၊ ဒါမှမဟုတ်လျှို့ဝှက်ပုလိပ်ရဲ့ တစုံတရာပါးနပ်လည်ဝယ်တဲ့ သံမဏိနှင်တံပဲဖြစ်ဖြစ်၊ အဲသလောက်နဲ့တနိုင်ငံလုံးကို ဦးစီးဖို့မလုံလောက်သေးဘူးဆိုတာကို သဘောပေါက်ကြတယ်။ ဒါကြောင့် တတိယဂျာမဏီနိုင်ငံတော်တုန်းက ဂိုးဘဲလ်စ်လုပ်ခဲ့သလို လိမ်ညာလှည့်ဖျားမှုတွေ၊ အကောက်ကြံကလိမ်ကျည်စ်ပတ်မှုတွေ အကြီးအကျယ်လုပ်ဖို့လိုတယ်ဆိုတဲ့ သဘောထားကိုခံယူကျင့်သုံးခဲ့ကြတယ်။ ဒါပေမယ့် သူတို့ဟာလုံခြုံစိတ်ချရတဲ့အာဏာနဲ့အကန့်အသတ်မဲ့ ချမ်းသာကြွယ်ဝရေး နောက်ကိုလိုက်ရင်း (၁၂)နှစ်လုံးလုံး အပြင်းအထန်လိမ်ညာလှည့်ဖျားညာဝါးဖြီးဖြန်းလာခဲ့သော်လည်း ဘာတခုမှမှန်းချက် မပေါက်ဖြစ်နေတဲ့အခုနောက်ပိုင်းမှာတော့ လိမ်ဖို့လှည့်ဖို့ကုန်ကြမ်းတွေ နည်းနာတွေခမ်းခြောက်လာတဲ့ပုံတွေ့နေရတယ်။

အာဏာကိုထိန်းထားနိုင်ဖို့အတွက် နဝတ/နအဖဟာ ၁၉၉၇ အာရှစီးပွားရေးကပ်မဆိုက်ခင်တုန်းက လီကွမ်ယူးနဲ့မဟာသီယာတို့အာဘော်လွှင့်ခဲ့တဲ့ "အာရှတန်ဖိုး" လို့ဆိုတဲ့ဟာကို သံယောင်လိုက်ခဲ့ကြတယ်။ အဲဒီအာဘော်ရဲ့အဓိကဆိုလိုချက်ကတော့ ဒီမိုကရေစီသဘောတရားဟာ အနောက်တိုင်းအယူအဆသာဖြစ်တယ်။ အာရှနဲ့မဆိုင်ဘူး၊ ရှေးခေတ်ဂရိနဲ့ ရောမနိုင်ငံတွေမှာ ပေါက်ဖွားလာတဲ့ဒီမိုကရေစီအုပ်ချုပ်ရေးပုံစံဟာ အနောက်တိုင်းနဲ့ပဲကိုက်ညီတယ်လို့ မိုင်းတိုက်ခဲ့ကြတယ်။ သူတို့ကဒီမိုကရေစီအစိုးရတွေဟာ ရှေးဟောင်းဂရိနဲ့ရောမမှာသာပေါ်ခဲ့တာမဟုတ်ဘဲ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၀၀ကျော်က ရှေးဟောင်းအိန္ဒိယပြည်မှာလည်းပေါ်ခဲ့ဖူးတယ်ဆိုတဲ့ အမှန်တရားကိုတမင်ဖုံးကွယ် ပဖျောက်ထားကြတယ်။ ဗုဒ္ဓမြတ်စွာဘုရားမွေးဖွားခဲ့ဘူးတဲ့ "ဂဏ"နိုင်ငံတွေဆိုတာဟာ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ် ကျင့်သုံးနေတဲ့နိုင်ငံတွေဖြစ်တယ်။ ဗုဒ္ဓရှင်သက်တော်ထင်ရှား ရှိစဉ်တုန်းက ဝေသာလီ၊ ကုသိနာရုံနဲ့ (ကမ္ဘာမှာပထမဆုံးတက္ကသိုလ်ကျောင်းတည်ရှိရာ) တက္ကသိုလ်ပြည်တို့ဟာ "ဂဏ"နိုင်ငံ အမျိုးအစားတွေဖြစ်တယ်။ ဒီ"ဂဏ"နိုင်ငံတွေမှာ သက်ဦးစံပိုင်ဘုရင်စနစ် အာဏာရှင်ဘုရင်တွေမအုပ်ချုပ်ရပဲ ဒီမိုကရေစီနည်းကျရွေးကောက်တင်မြှောက်ထားတဲ့ ပါလီမန်လွှတ်တော်တွေကပဲအုပ်ချုပ်ကြတယ်။

မဇ္ဈိမဒေသလို့ခေါ်တဲ့ အိန္ဒိယတိုက်ငယ်သမိုင်းကိုပြန်ကြည့်ရင် ဒီသုံးနိုင်ငံသာမကပဲ အခြားတိုင်းနိုင်ငံအတော်များများဟာ လွန်ခဲ့တဲ့နှစ် ၂၀၀၀ ကျော်အချိန်တုန်းက တချိန်မဟုတ်တချိန်မှာ ဒီမိုကရေစီအုပ်ချုပ်မှုအောက်မှာရှိခဲ့ကြဖူးတာတွေ့ရတယ်။ ဗုဒ္ဓဘုရားရှင်က ကုသိနာရုံပြည်ကို ပရိနိဗ္ဗာန်ပြုရာ နောက်ဆုံးစံဌာနအဖြစ်ရွေးခဲ့တာဟာ တိုက်ဆိုင်မှုသက်သက်မဟုတ်ပါဘူး။ အဲဒီနိုင်ငံဟာ ဒီမိုကရေစီနိုင်ငံဖြစ်လို့ ဗုဒ္ဓရဲ့ ကြွင်းကျန်မယ့်ဓါတ်တော်၊ မွေတော်တွေကို ဘက်လိုက်မှုမရှိဘဲ မျှမျှတတခွဲဝေနိုင်မယ်။ ခွဲဝေရာမှာလည်း ပဒေသရာဇ်ဘုရင်တွေထက် ဒီမိုကရေစီအစိုးရက ပိုသြဇာကြီးမှာဖြစ်လို့ ဗုဒ္ဓကကုသိနာရုံပြည်ကို ရွေးချယ်ခဲ့တယ်လို့ ဆိုပါတယ်၊ ဗုဒ္ဓဟာ သံဃာ့အဖွဲ့အစည်းကို ထူထောင်ရာမှာလည်း ဒီမိုကရေစီအခြေခံပေါ်မှာ ထူထောင်ဖွဲ့စည်းခဲ့တာဖြစ်တယ်။ "ဂဏ" စနစ်ရဲ့ အခြေခံမူတွေနဲ့ပတ်သက်ပြီး ဗုဒ္ဓဟောကြားခဲ့တဲ့တရားတော်ဖြစ်တဲ့ "အပရိဟာနိယတရားခုနှစ်ပါး"ဆိုတာဟာ တကယ်တော့ ဒီကနေ့အထိကျင့်သုံးလို့ရတဲ့ ဒီမိုကရေစီအခြေခံမူတွေဖြစ်တယ်။ ဒါကြောင့် ဒီမိုကရေစီဟာ အနောက်တိုင်းအတွေးအခေါ်နဲ့ထုံးတမ်းအစဉ်အလာတွေနဲ့သာ သီးသန့်တိုက်ဆိုင်တာမဟုတ်ဘဲ ကျနော်တို့အရှေ့တိုင်းရဲ့ အတွေးအခေါ်နဲ့ ထုံးတမ်းအစဉ်အလာတွေမှာလည်း အမြစ်တွယ်နေတယ်ဆိုတာတွေ့ရတယ်။ မဇ္ဈိမဒေသ(အိန္ဒိယတိုက်ငယ်)မှာ ပေါ်ထွန်းခဲ့တဲ့ "ဂဏ"စနစ်လို့ခေါ်တဲ့ဒီမိုကရေစီ အစိုးရပုံစံဟာဂရိနဲ့ရောမနိုင်ငံတွေမှာပေါ်ခဲ့တာထက် ပိုပြီးတောင်တောင် ရှေးကျနိုင်ပါတယ်။

**ဆက်လက်ဖော်ပြပါမည်**


မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

# လွှမ်းမောဘွယ်လူမှုပုံပြင်များ (၁)

## လူ့တန်ဖိုးကင်းမဲ့ခြင်း

ထိန်လင်း

စစ်ထောက်လှမ်းရေးများက နိုင်ငံရေးလှုပ်ရှားသူတဦးကို ''ဆွေးနွေးစရာရှိလို့ခဏလိုက်ခဲ့ပါ''လို့ ပြောလိုက်ပြီဆိုရင် အဲဒီစကားလုံးရဲ့နောက်မှာ အနိမ့်ဆုံးကနာရီပေါင်းများစွာ စစ်ဆေးမေးမြန်းခြင်းဖြစ်ပြီး နှစ်ရှည်ထောင်ဒဏ်ချမှတ်ခြင်းခံရနိုင်တဲ့အထိ ဆိုးဝါးတဲ့အနေအထားရှိပါတယ်။ လက်ရှိအုပ်ချုပ်နေဆဲဖြစ်တဲ့ စစ်အာဏာပိုင်များအနေနဲ့ ဥပဒေကိုအလွဲသုံးစားလုပ်ပြီး နိုင်ငံရေးလှုပ်ရှားသူများကို နှိပ်ကွပ်တဲ့နေရာမှာ တခါတရံမှားယွင်းတဲ့အမှုတွေကိုပါစီရင်တတ်ပါတယ်။ ဒါကြောင့် အချို့သော နိုင်ငံရေးအကျဉ်းသားများဟာ လူမှားပြီးပြစ်ဒဏ်စီရင်ထားခြင်းကို ခံကြရပါတယ်။ ဒါဟာလည်း တကယ်ဆိုးရွားလွန်းတဲ့ လုပ်ရပ်ဖြစ်ပါတယ်။ ဒီလိုအဖြစ်အပျက်မျိုး ကမ္ဘာမှာရှိနေသေးတယ်ဆိုတာ ဂုဏ်ယူစရာမဟုတ်တာတော့သေချာပါတယ်။ ဒါကို ကမ္ဘာ့လူ့အဖွဲ့အစည်းကြီးတခုလုံးက ဝိုင်းဝန်းတည့်မတ်ဖို့ အရေးကြီးပါတယ်။

> ဒီဖြစ်ရပ်ကို ကြားလိုက်ရသူတွေအနေနဲ့ မြန်မာနိုင်ငံအတွင်းက နိုင်ငံရေးအကျဉ်းသားများ ရင်ဆိုင်နေရတာ ဒီလောက်ထိဆိုးဝါးပါလားလို့တွေးမိမှာမလွဲပါဘူး။ ဖြည့်စွက်ပြီး ပြောချင်တာကတော့ ဒီဖြစ်ရပ်ကို အဆိုးဆုံးဖြစ်ရပ်လို့မယူဆစေချင်တဲ့ ဆန္ဒဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူ့ထက်ပိုပြီးဆိုးရွားတဲ့ဖြစ်အင်တွေရှိနေလို့ပါပဲ....

ထောင်ဒဏ် ၁၂ နှစ်ချမှတ်ခြင်းခံထားရတဲ့ ကိုစည်သူဟာ နောက်ပိုင်း ၁၉၉၂ ခုနှစ်မှာ စစ်အစိုးရက ၁၀ နှစ် အထက်အကျဉ်းသားအားလုံးကို ၁၀ နှစ် တည်စေခဲ့တာကြောင့် သူဟာလည်း ၁၀ နှစ်တည်ခဲ့ပါတယ်။ ကိုစည်သူဟာ စတင်ထောင်ကျချိန်ကနေ ၁၉၉၅ ခုနှစ် ဩဂုတ်လထိ အင်းစိန်ထောင်မှာ နေထိုင်ရပြီး နောက်ပိုင်းကာလ တလျှောက်လုံး ရန်ကုန်မြို့နဲ့ ၇၈ မိုင်ဝေးတဲ့ သာယာဝတီအကျဉ်းထောင်မှာ နေထိုင်ခဲ့ရပါတယ်။ ကိုယ်ခန္ဓာသေးသေးညှက်ညှက်သာရှိတဲ့ ကိုစည်သူဟာ တည်တည်တံ့တံ့ နေထိုင်တတ်ပြီး မထင်မှတ်လောက်အောင် စိတ်ဓာတ်ခိုင်မာလှပါတယ်။ ဒါကြောင့်ပဲ အကျဉ်းထောင် ဥပဒေအရတရားဝင် ပြန်လွှတ်ပေးရမယ့် ၁၉၉၉ ခုနှစ် မတ်လ မှာ ပြန်မလွှတ်ပေးဘဲ ''ဆန့်ကျင်ဘက် နိုင်ငံရေးစိတ်ဓာတ် ပြင်းထန်နေဆဲဖြစ်သည်'' ဆိုတဲ့ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်ရဲ့ မှတ်ချက်နဲ့ ဆက်လက်ချုပ်နှောင်ထားခဲ့ပါတယ်။ ဒီအချက်ဟာလည်း လူသားချင်းစာနာမှုကင်းမဲ့စွာ ပြုမူတဲ့လုပ်ရပ်ပါပဲ။ မိမိရဲ့ဆွေမျိုးစုအသိုင်းအဝိုင်း၊ မိတ်ဆွေအပေါင်းအသင်းများနဲ့ဝေးကွာစွာနေထိုင်ရပြီး အနေအစား၊ ကျန်းမာရေးစောင့်ရှောက်မှု အရာခပ်သိမ်းဆိုးဝါးလှတဲ့ အကျဉ်းထောင်ထဲမှာ ဆယ်စုနှစ်ချီနေရတဲ့ သူတယောက်အဖို့ စိတ်ဓာတ်ခွန်အားတခုတည်းနဲ့ ကြံ့ကြံ့ခံရတာပါ။ ဒီလိုနေထိုင်ခြင်းကဆက်လက်ချုပ်နှောင်လောက်စရာပြစ်ချက်တခု ဖြစ်မယ်ဆိုရင် အရာရာကို အရှုံးပေးအညံ့ခံရုံသာ ကျန်ပါတော့တယ်။

သာယာဝတီထောင်ဟာ သာယာဝတီမြို့နဲ့ အတန်ငယ်ဝေးပြီး ငှက်ဖျားရောဂါထူပြောရာ ပဲခူးရိုးမနဲ့ နီးကပ်စွာတည်ရှိပါတယ်။ ဒါကြောင့် အဲဒီထောင်မှာ အကျဉ်းကျနေသူတွေမှာ ငှက်ဖျားရောဂါ ကပ်ငြိပါလာတတ်စမြဲပါ။ ဒီအခြေခံကြောင့်ပဲ ၁၉၉၉ ခုနှစ် ဖေဖော်ဝါရီလမှာ ကိုစည်သူဟာ ငှက်ဖျားရောဂါ အပြင်းအထန်ဖြစ်ပွားပြီး အကျဉ်းထောင်အတွင်းကဆေးရုံမှာ တက်ရောက်ခဲ့ရပါတယ်။ သူဟာ ငှက်ဖျားရောဂါကတဆင့် အူရောင်ငန်းဖျားရောဂါကိုပါ ဆက်လက်ခံစားခဲ့ရရှာပါတယ်။ မြန်မာနိုင်ငံက အခြေခံကျန်းမာရေးစောင့်ရှောက်မှု အနေအထားဟာ မြို့ပြတွေမှာတောင် အလွန်အမင်းညံ့ဖျင်းနေတာမို့ အကျဉ်းထောင်အတွင်းကကျန်းမာရေးစောင့်ရှောက်မှုဟာ တကယ့်ကို မည်ကာမတ္တဖြစ်ပါတယ်။ ဒါကြောင့် ကိုစည်သူအနေနဲ့ လိုအပ်တဲ့ဆေးဝါးများကိုကိုယ်ပိုင်ငွေနဲ့ဝယ်ယူခဲ့ရပါတယ်။ ဒီလိုဝယ်ယူနိုင်ဖို့တောင် မိသားစုနဲ့ဆက်သွယ်ရရှိနိုင်မှု၊ ဆေးဝါးဝယ်ယူခွင့်ရရှိဖို့တို့အတွက် တောင်းဆိုမှုတွေ ပြုလုပ်ခဲ့ရပါတယ်။ အတန်ကြာဆေးဝါးကုသပြီးလို့ဆေးရုံက ဆင်းလာခဲ့ရပေမယ့် ပုံမှန်အနေအထားကို ပြန်လည်မရောက်ရှိလာဘဲ ငှက်ဖျားရောဂါက ဆက်လက်ဖိစီးခဲ့ပါတယ်။

သူရဲ့ဝေဒနာဟာ အချိန်ကြာလာတာနဲ့ အမျှပိုဆိုးလာတာမို့ ၂၀၀၀ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့မှာ ထောင်တွင်းဆေးရုံကို ထပ်မံတက်ခဲ့ရတယ်။ ဒါပေမယ့် သူရဲ့ကိုယ်အပူချိန်က ၁၀၀-၁၀၂ ဒီဂရီဖာရင်ဟိုက်ကနေ မလျော့ကျခဲ့ပါဘူး။ ဝေဒနာကိုဆက်တိုက်ခံစားနေရတဲ့ ကိုစည်သူ ကသူ့ရဲ့ဝေဒနာနဲ့ပတ်သက်ပြီး ဓာတ်ခွဲစမ်းသပ်မှုကအစ သေသေချာချာလုပ်ပေးဖို့ အကြိမ်ကြိမ်တောင်းဆိုတော့မှ ခရိုင်အရပ်ဘက်ဆေးရုံနဲ့ တွဲဖက်စမ်းသပ်ခွင့်ရရှိခဲ့ပါတယ်။ ဓာတ်မှန်ရိုက်ခြင်း၊ သွေးစစ်ခြင်းတို့ပြုလုပ်ပြီးမှ ဒီဇင်ဘာလဆန်းမှာ ထောင်တွင်းဆရာဝန်ရဲ့ ''Unknown Fever'' ဆိုတဲ့ မှတ်ချက်နဲ့ သာယာဝတီခရိုင်ဆေးရုံကြီးရဲ့ သီးခြားအချုပ်ခန်းမှာ ပြောင်းရွှေ့ကုသစေခဲ့ပါတယ်။ ဒီလို အခြေအနေမျိုးမှာတောင် လွတ်ရက်စေ့ပြီး အကျဉ်းသားတဦးကို ဆက်လက်ဖမ်းဆီးထားတာကို ကြည့်ခြင်းအားဖြင့် မြန်မာစစ်အာဏာပိုင်များရဲ့ လူသားချင်းကိုယ်ချင်းစာနာစိတ်ကင်းမဲ့စွာ ပြုမူပုံကို တွက်ဆနိုင်ပါတယ်။

ဆေးရုံမှာ တလကျော် ကုသပြီးတဲ့နောက် ၂၀၀၁ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့မှာထောင်ကိုပြန်လည်ပို့ဆောင်လိုက်ပြန်ပါတယ်။ လွတ်ရက်စေ့ပေမယ့် မလွှတ်ဘဲ ဆက် လက်ဖမ်းဆီးခြင်းခံထားရတဲ့ ကျန်းမာရေး အခြေအနေဆိုးရွားနေသူ အကျဉ်းသား တယောက်ရဲ့ဘဝကိုမျက်ကွယ်ပြုထားခြင်းများဟာ လွန်စွာအကျည်းတန်လှတာမို့ လွတ်လပ်စွာရှင်သန်ကြီးပြင်းခွင့်ရတဲ့ လူ့အဖွဲ့အစည်းထဲက လူတွေအဖို့ ယုံချင်မှယုံပါလိမ့်မယ်။ ဒါပေမယ့် မြန်မာစစ်အာဏာပိုင်များအနေနဲ့ သားသတ်သမားဟာ သူ့ရှေ့မှောက်ရောက်ရှိလာတဲ့ ဘယ်သတ္တဝါကို မဆိုသတ်ဖို့ဝန်မလေးသလို အကြင်နာတရားကင်းဝေးစွာ ပြုကျင့်နေခဲ့တာကတော့ နှစ်ပေါင်းများစွာ ကြာမြင့်နေခဲ့ပါပြီ။ အကျဉ်းထောင်ထဲကိုပြန်ရောက်လာတဲ့ ကိုစည်သူဟာ တီဘီရောဂါပျောက်ဆေးတွေကို ထောင်တွင်းဆရာဝန်ညွှန်ကြားတဲ့အတိုင်း ခြောက်လ လောက်သောက်ခဲ့ရပါတယ်။ ထူးခြားတာက သူ့ကိုညွှန်ကြားတဲ့အညွှန်းက ပုံမှန်ကုထုံးအညွှန်းမဟုတ်တာပါပဲ။ ကိုစည်သူမှာ HIV ပိုးကပ်ငြိနေခဲ့ပြီဆိုတာကိုလည်း ကြားကြရပါတယ်။

မြန်မာနိုင်ငံကအကျဉ်းထောင်တွေထဲမှာ တခါသုံးဆေးထိုးအပ်အသုံးပြုခွင့်မရရှိဘဲ ဆေးထိုးအပ်တချောင်းတည်းနဲ့ လူများစွာကို ကုသတာကြောင့် HIV ပိုး၊ တီဘီရောဂါ ကူးစက်ခြင်း စတာတွေကိုကြုံတွေ့ကြရပြီး အဲဒီကူးစက်ရောဂါတွေကြောင့် သေဆုံးရသူတွေမနည်းပါဘူး။ ဒါကြောင့် ကိုစည်သူမှာ HIV ပိုးကပ်ငြိနေပြီဆိုတာကို မဖြစ်နိုင်ပါဘူးလို့ ဘယ်သူကမှ ကာကွယ်ပြောဆိုနိုင်ခြင်းမရှိတာဖြစ်ပါတယ်။ မိုးရာသီဖြစ်တဲ့ ဇွန်လ ၂၀ ရက်နေ့မှာ ကိုစည်သူဟာ ရာသီဥတုဒဏ် ကြောင့် အအေးမိပြီးဖျားပါတော့တယ်။ ထောင်တွင်းဆရာဝန်ကိုပြသပေမယ့် ရောဂါအခြေအနေမေးမြန်းခြင်းမရှိ၊ဆေးဝါးကုသမှုမပေးဘဲ သာမန်အကိုက်အခဲပျောက်ဆေးသာပေးခဲ့ပါတယ်။ ဒီလိုနဲ့ လေးရက်ကြာတဲ့အချိန်မှာတော့ အပူချိန် ၁၀၃ ဒီဂရီ ဖာရင်ဟိုက်အထိရှိခဲ့ပြီး အသက်ရှူခက်ခဲလာတဲ့အထိ ဖြစ်လာခဲ့ပါတယ်။ ဒီလိုအချိန်ထိ ထိရောက်တဲ့ ကုသမှုမပေးခဲ့ပါဘူး။ ဇွန်လ ၂၇ ရက်နေ့မှာ အပူချိန်က ၁၀၇ ဒီဂရီထိ မြင့်တက်လာခဲ့ပြီး အစာအာဟာရစားသောက်နိုင်ခြင်းမရှိတော့တဲ့ အခြေအနေကိုရောက်ရှိသွားပါတယ်။ ဒါကြောင့်မို့ ဝေဒနာဒဏ်ကိုလုံးဝခံနိုင်ရည်မရှိတော့ဘဲ ခန္ဓာကိုယ်မှာရေဓာတ်သိသိသာသာ ခန်းခြောက်သွားပါတော့တယ်။

ဒီအချိန်ကိုရောက်မှ ထောင်တွင်းဆရာဝန်ကကုသမှု တစုံတရာပေးခဲ့တယ်။ ဒါပေမယ့် လူနာဟာအသက်ရှူပုံအနေအထားမမှန်တော့တဲ့အနေအထားရောက်နေတာတောင် အူရောင်ငန်းဖျားနဲ့ ငှက်ဖျားဖြစ်နိုင်တယ်ဆိုတဲ့မှတ်ချက်လောက်သာပေးပြီး အောက်စီဂျင်ပေးခြင်း၊ အစာပိုက်သွင်းခြင်းစတဲ့ ကုသမှုမျိုးတွေကိုမပေးခဲ့ပါဘူး။ ဇူလိုင်လ ၆ ရက်နေ့ကျမှ ခရိုင်ဆရာဝန်ကြီးနဲ့အထူးကုဆရာဝန်ကြီးတဦးတို့ရောက်လာပြီး ကုသပုံပြောင်းလဲစေပါတယ်။ သူတို့က လူနာဟာအဆုတ်ရောင်ပြီး အသည်းကြီးနေတယ်လို့ ကောက်ချက်ပေးကြပါတယ်။ အခြေအနေက ပိုမိုဆိုးရွားလာတာကြောင့် နောက်တနေ့မှာ ခရိုင်ဆေးရုံကြီးကို ပြောင်းရွှေ့ခဲ့ပါတယ်။ ဒါပေမယ့်လည်းအများသူငါနဲ့တန်းတူမဟုတ်တဲ့ ဆေးရုံကသီးသန့်အချုပ်ခန်းကိုပဲဖြစ်ပါတယ်။ ဆေးရုံပြောင်းပြီး ၅ ရက်အကြာ ဇူလိုင်လ ၁၂ ရက်မှာတော့ ကိုစည်သူဟာ သီးခြားအချုပ်ခန်းထဲမှာပဲ ကွယ်လွန်သွားခဲ့ပါတော့တယ်။ မြန်မာနိုင်ငံအတွင်းမှာ အကျဉ်းကျနေရတဲ့ နိုင်ငံရေးအကျဉ်းသားများအဖို့ အကျဉ်းထောင်ထဲမှာ ဘယ်လောက်ဆိုးရွားတဲ့ အနေအထားတွေနဲ့ ရပ်တည်နေကြရတယ်ဆိုတာကိုသူ့ရဲ့အသက်နဲ့ရင်းပြီး သက်သေပြသွားခြင်းပဲဖြစ်ပါတယ်။

အာဏာပိုင်များရဲ့ နိုင်လိုမင်းထက်ပြုမူပုံကဒီလောက်နဲ့မရပ်သေးပါဘူး။ ကိုစည်သူကွယ်လွန်ပြီးချိန်မှာ သူ့ရဲ့နာရေးသတင်းကို သတင်းစာတွေထဲမှာထည့်ဖို့ သူ့အပေါင်းအသင်းတွေကစီစဉ်ကြပါတယ်။ အံ့သြဖို့ကောင်းတာက ကိုစည်သူသေဆုံးတဲ့ သတင်းကသတင်းစာတိုက်ဆီ ကြိုပြီးရောက်နေပါတယ်။ ဒီလိုကြိုရောက်နေလို့ အဆင်ပြေပြေဖြစ်သွားလိမ့်မယ်လို့တော့မယူဆလိုက်ပါနဲ့။ ဒါဟာ သေသူတဦးအတွက် နောက်ဆုံးအခွင့်အရေးကို ပိတ်ပင်ဖို့ကြိုးစားတဲ့ နည်းလမ်းတရပ်သာဖြစ်ပါတယ်။ ကိုစည်သူရဲ့ နာရေးကြော်ငြာသတင်းကို ဘယ်သတင်းစာတိုက်မှာမှ ထည့်လို့မရခဲ့ပါဘူး။ သုံးလေးစောင်လောက်သာရှိတဲ့ သတင်းစာတွေကလည်း စစ်အစိုးရလက်အောက်ခံ သတင်းစာတွေဆိုတော့ ဘယ်လိုမှမတတ်နိုင်ကြပါဘူး။ ဒီလိုနဲ့နိုင်ငံရေးအကျဉ်းသားတယောက်ရဲ့ဘဝဟာ စစ်အာဏာပိုင်များရဲ့ လူမဆန်မှုအောက်မှာ စတေးလိုက်ရပါတော့တယ်။ ■

ဒီဖြစ်ရပ်ကို ကြားလိုက်ရသူတွေအနေနဲ့ မြန်မာနိုင်ငံအတွင်းက နိုင်ငံရေးအကျဉ်းသားများ ရင်ဆိုင်နေရတာ ဒီလောက်ထိဆိုးဝါးပါလားလို့တွေးမိမှာမလွဲပါဘူး။ ဖြည့်စွက်ပြီး ပြောချင်တာကတော့ ဒီဖြစ်ရပ်ကို အဆိုးဆုံးဖြစ်ရပ်လို့မယူဆစေချင်တဲ့ ဆန္ဒဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူ့ထက်ပိုပြီး ဆိုးရွားတဲ့ ဖြစ်အင်တွေရှိနေလို့ပါပဲ။ တခါတလေကျတော့ အာဏာပိုင်များရဲ့မတရားပြုကျင့်မှုကို ပြင်းပြင်းထန်ထန်ခံစားလိုက်ရတဲ့ ဖြစ်ရပ်တွေက ပုံစံကွဲပြားစွာတွေ့မြင်ကြားသိ နေကြရတာမို့ ဘယ်သူ့အဖြစ်ဟာဘယ်သူ့ထက်ပိုပြီး ဆိုးတယ်လို့မှန်းဆလို့ မရနိုင်လောက်အောင် ဖြစ်ကြရပါတယ်။ ဒါတွေဟာ စစ်အာဏာရှင်စနစ်အောက်က တိုင်းပြည်တခုရဲ့ပုံရိပ်ပဲဖြစ်ပါလိမ့်မယ်။

ကမ္ဘာပေါ်ကလူအများဟာ အမှန်တရားကိုမြတ်နိုးတယ်။ အမှန်တရားဘက်ကတကယ်ပဲရပ်တည်တယ်ဆိုတာကို မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေကမျှော်လင့်နေကြပါတယ်။ အာဏာရှင်စနစ်ဆိုးကို ကမ္ဘာကြီးတခုလုံးက လက်မခံတော့ဘူးဆိုတာကို ယုံကြည်ချင်နေကြပါတယ်။ ဒါ့အပြင်မတရားဖိနှိပ်ရက်စက်မှုတွေကို ဘယ်လောက်ရှုံ့မုန်းပြီး ဘယ်လိုရှုတ်ချတယ်ဆိုတာကိုလည်း မျက်ဝါးထင်ထင်တွေ့မြင်လိုကြပါတယ်။ နည်းပညာတိုးတက်မှုတွေအရကျဉ်းမြောင်းသွားပြီလို့ ပြောဆိုနေကြတဲ့ ကမ္ဘာကြီးဟာ လက်နက်နဲ့အနိုင်ယူပြီး ပြည်သူလူထုကို နှိပ်စက်နေကြသူ လူနည်းစုအတွက် နေရာပေးမှာလား၊ လူများစွာရဲ့ ဘဝတွေကို ကယ်တင်မလားဆိုတာကတော့ အချိန်ကပဲ အဆုံးအဖြတ်ပေးမှာ ဖြစ်ပါတယ်။ ■

## မြန်မာနိုင်ငံကိုမှောင်ခိုတင်သွင်းမည့် ကျည်ဆံထုတ်လုပ်ရေးစက်များ ဆလိုဗက်ကီးယားနိုင်ငံမှာ ဖမ်းဆီးရမိ

မြန်မာနိုင်ငံသို့ မှောင်ခိုတင်ပို့မည် သေနတ်ကျည်ဆံထုတ်လုပ်ရေးစက် ၆ လုံးကို ဆလိုဗက်ကီးယားနိုင်ငံ ဆိပ်ကမ်းတခုတွင် သင်္ဘောပေါ်တင်နေစဉ် ဖော်ထုတ်သိမ်းဆည်းမိလိုက်ကြောင်း ဆလိုဗက်အာဏာပိုင်များက ဇန်နဝါရီ(၃၁)ရက်နေ့တွင်ထုတ်ဖော်ပြောဆိုလိုက်သည်ဟု ဒေသခံသတင်းများအရသိရှိရသည်။

ဖိနပ်ထုတ်လုပ်ရေးစက်များအဖြစ် လိမ်လည်၍ မှတ်ပုံတင်ထားသောကုမ္ပဏီ၏ နာမည်အား ဆလိုဗက်အကောက်ခွန်အရာရှိများကမယုံသင်္ကာဖြစ်ခဲ့ရာမှအစပြု၍ ယခုလို စစ်ဆေးဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူတဦးကထုတ်ဖော်ပြောဆိုခဲ့သည်။ ထိုသို့ လိမ်လည်မှတ်ပုံတင်ခဲ့သောယူနီဗက်စ်ကုမ္ပဏီသည်ဆလိုဗက်နိုင်ငံ၌နာမည်အကြီးဆုံး လက်နက်ကုမ္ပဏီတခု ဖြစ်ကြောင်းသိရှိရပြီး၊ အမေရိကန်ဒေါ်လာ(၇)သိန်းနီးပါးတန်သည့် အဆိုပါကျည်ဆံထုတ်လုပ်သည့် ဟိုက်ဒရောလစ်စက် ၆ လုံးကိုအိမ်နီးချင်း ဟန်ဂေရီနိုင်ငံမှတဆင့် မြန်မာနိုင်ငံသို့ လျှို့ဝှက်စွာတင်ပို့နိုင်ရန်ကြိုးစားနေစဉ် ယခုကဲ့သို့ဖမ်းဆီးရမိခြင်းဖြစ်ကြောင်း ဆလိုဗက်အာဏာပိုင်များ၏ ပြောဆိုချက်ကိုကိုးကား၍ ဒေသခံဆလိုဗက်စ်တာဆာအေဂျင်စီသတင်းဌာနတွင်ဖော်ပြထားခဲ့သည်ကိုဒီမိုကရက်တစ် မြန်မာ့အသံမှ ဖေဖော်ဝါရီ ၇ ရက်နေ့တွင် ထုတ်လွှင့်သွားခဲ့သည်။

အဆိုပါ ဆလိုဗက်ကီးယားနိုင်ငံသည် ယခင်ချက်နှင့်ဆလိုဗေးကီးနိုင်ငံ မပြိုကွဲခင်က မြန်မာနိုင်ငံသို့လက်နက်အချို့နှင့်စက်သုံးပစ္စည်းများရောင်းချခဲ့ဖူးသည့် နိုင်ငံတခုဖြစ်သည်။ ယခုအခါ ဥရောပနိုင်ငံများကမြန်မာနိုင်ငံအပေါ်လက်နက်ရောင်းချမှုပိတ်ပင်ထားသည့်အတွက် ယခုကဲ့သို့လက်နက် ထုတ်လုပ်ရေးစက်များကို အခြားလူသုံးကုန်ပစ္စည်းများအဖြစ်အမည်ပြောင်း၍ မှောင်ခိုတင်သွင်းနေခြင်းဖြစ်ကြောင်းသိရှိရသည်။ ■

## ညှော်စာရင်းမတိုင်မိပါကပေါ်တာဆွဲ၊ မလိုက်လိုပါကဒဏ်ငွေ(၃)ထောင်ပေးဆောင်ရ

တနင်္သာရီတိုင်းအတွင်း၌ ညှော်စာရင်းမတိုင်ကြားသူများအားပေါ်တာအဖြစ်ဖမ်းဆီးနေကြောင်း ဒေသခံသတင်းများအရသိရှိရသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီ(၄)ရက်နေ့မှစ၍ ထားဝယ်ခရိုင် သရက်ချောင်းနှင့်လောင်းလုံမြို့နယ်တို့ရှိကျေးရွာများတွင် အုပ်ချုပ်ရေးအဖွဲ့များနှင့်ဒေသခံတပ်ရင်းများမှလစဉ်ညှော်စာရင်းများစစ်ဆေးနေကြောင်းသိရှိရသည်။

သရက်ချောင်းမြို့နယ်မှ ဖမ်းမိသူများကို ခမရ(၄၀၃)နှင့် လောင်းလုံမြို့နယ်မှ ဖမ်းမိသူများကို ခမရ(၄၀၇) သို့ခေါ်ဆောင်သွားပြီး ပေါ်တာများအဖြစ် ခိုင်းစေနေကြောင်းသိရှိရသည်။ ပေါ်တာမလိုက်လိုသူများကိုတဦးလျှင် ကျပ်ငွေ ၃၀၀၀ ဖြင့် ဖေဖော်ဝါရီ(၇)ရက်နေ့နောက်ဆုံးထားပြီးလာ ရောက်ရွေးယူရန် အမိန့်ထုတ်ထားကြောင်း သိရှိရသည်။ ■

# ထိုင်းအစိုးရ၏ တရားမဝင်မြန်မာအလုပ်သမားများအား ဖမ်းဆီးပြန်ပို့ရေးစီမံချက်စတင် မဲဆောက်မြို့တမြို့ထဲမှာပင် မြန်မာအလုပ်သမား (၂၀၀) ကျော်ဖမ်းဆီးပြန်ပို့ခြင်းခံရ

(၃)လကြာမြှင့်မည့် တရားမဝင်သည့် မြန်မာအလုပ်သမားများအား ဖမ်းဆီးပြန်ပို့ရေးစီမံချက်အရ ထိုင်းအာဏာပိုင်များသည် ဖေဖော်ဝါရီလ(၉)ရက်နေ့မှစ၍ စတင်ဖမ်းဆီးခဲ့ရာ ထိုနေ့တနေ့ထဲမှာပင် မဲဆောက်မြို့၌ မြန်မာအလုပ်သမား(၂၀၀)ကျော် အဖမ်းခံရပြီး ၎င်းတို့ကို ထိုင်းအာဏာပိုင်များက ထိုင်းမြန်မာနယ်စပ်မြို့ဖြစ်သည့် မြဝတီမြို့သို့ ဖေဖော်ဝါရီလ (၁၀)ရက်နေ့ နံနက်ပိုင်းတွင် ပို့ဆောင်ခဲ့ကြောင်း Network Media Group သတင်းဌာနအဆိုအရ သိရှိရသည်။

ထိုင်းမြန်မာနှစ်နိုင်ငံသဘောတူညီချက်ဖြင့်တရားမဝင်သည့် မြန်မာအလုပ်သမားများအား မြန်မာနိုင်ငံသို့ဖမ်းဆီးပြန်ပို့မည့် အဆိုပါစီမံချက်ကို ဖေဖော်ဝါရီလ(၁၀)ရက်နေ့တွင် စတင်ရန် ထိုင်းအစိုးရကစီစဉ်ထားသော်လည်း ဖမ်းဆီးမှုများကိုတရက်စော၍ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဖမ်းဆီးခံရသည့်မြန်မာအလုပ်သမားများအား မဲဆောက်မြို့ရှိထိုင်းလူဝင်မှုကြီးကြပ်ရေးက မြဝတီမြို့ရှိမြန်မာလူဝင်မှုကြီးကြပ်ရေးသို့ လွှဲပြောင်းပေးခဲ့သည်ဟုသိရသည်။

၎င်းတို့သည် ဖမ်းဆီးခံရသည့်မြန်မာအလုပ်သမားများဖြစ်ကြောင်း သိသာထင်ရှားစေရန် မြန်မာအလုပ်သမားများ၏ လက်များပေါ်တွင် ထိုင်းလူဝင်မှုကြီးကြပ်ရေးအမှတ်တံဆိပ်များရိုက်နှိပ်ပြီးမှ မြဝတီမြို့သို့လွှဲပြောင်းပေးခဲ့သည်ဟုသိရသည်။

"တရားမဝင် မြန်မာအလုပ်သမားဖမ်းဆီးမှုတွေကို ဒီနေ့မနက်ပိုင်းမှာလည်း လုပ်ဆောင်နေတာတွေ့ရပါတယ်။ ဒီမနက်ပိုင်းမှာ မြန်မာအလုပ်သမားတွေကို ဖမ်းဆီးပြီး ကားတစီးနဲ့ အပြည့်အကျပ်တင်သွားတာတော့တွေ့လိုက်ရတယ်။ အပြည့်အကျပ်ဆိုတော့(၆၀)ကျော်(၇၀)လောက်ရှိမယ်ထင်တယ်။ ဒါပေမယ့် သူတို့ကိုဟိုဘက်ကမ်းပြန်ပို့တာတော့မရှိသေးဘူး"ဟု မိုးသောက်ပန်း အလုပ်သမားသမဂ္ဂမှ တာဝန်ခံတဦးက ဖေဖော်ဝါရီလ(၁၀)ရက်နေ့ကပြောပြခဲ့သည်။

မဲဆောက်မြို့၌ လုံခြုံရေးတင်းကြပ်မှု ထူးထူးခြားခြားမရှိသော်လည်း ပြောက်ကျားယူနီဖောင်းဝတ် ထိုင်းစစ်သားများသည် မြို့အတွင်းလှည့်လည်နေမှုများရှိနေပြီး ထိုသို့လှည့်လည်နေမှုမှာ ဖေဖေါ်ဝါရီလ(၉)ရက်နေ့က ထိုင်းအာဏာပိုင်များက DKBA စစ်သားတဦးကို လက်နက်နှင့်အတူ မဲဆောက်မြို့အတွင်းဖမ်းဆီးရခဲ့မှုနှင့် သက်ဆိုင်မှုရှိနိုင်သည်ဟု မဲဆောက်မြို့ရှိ မြန်မာအတိုက်အခံအဖွဲ့များကပြောနေကြသည်။

တရားမဝင် မြန်မာအလုပ်သမားများကို ယခင်ကဖမ်းဆီးမှုများကဲ့သို့ တအိမ်တက်တအိမ်ဆင်း စစ်ဆေးရှာဖွေဖမ်းဆီးခြင်းမရှိသေးသော်လည်း လမ်းများပေါ်တွင်စစ်ဆေးဖမ်းဆီးလျက်ရှိသည်ဟု သိရှိရသည်။

မဲဆောက်မြို့ရှိ ထိုင်းလူဝင်မှုကြီးကြပ်ရေးရုံး၏တောင်းဆိုမှုကြောင့်ဟုဆိုကာ အလုပ်ရှင်များကစက်ရုံအလုပ်သမားများထံမှ အလုပ်လုပ်ခွင့်လက်မှတ်များကို သိမ်းဆည်းလျက်ရှိပြီး ထိုင်းလူဝင်မှုကြီးကြပ်ရေးရုံးသို့ ပေးပို့အပ်နှံလျက်ရှိကြောင်း သတင်းများရရှိသည်။

အလားတူပင် ထိုင်းနိုင်ငံရနောင်းမြို့၌လည်း တရားမဝင်မြန်မာအလုပ်သမားဖမ်းဆီးမှုများစတင်နေကြောင်း ရနောင်းမြို့မှလာသောသတင်းများအရသိရှိရသည်။ ထိုင်း–မြန်မာနှစ်နိုင်ငံ သဘောတူညီချက်ထဲတွင် ပြန်ပို့ခံရသည့် မြန်မာအလုပ်သမားများကို ကောင်းမွန်စွာကြိုဆိုလက်ခံပါမည်ဟု နအဖ စစ်အုပ်စုက ကတိပေးထားသော်လည်း ကော့သောင်းမြို့တွင် ပြင်ဆင်မှုများမရှိကြောင်း၊ နယ်စပ်ဒေသ စစ်ဆေးရေးနှင့်ကြီးကြပ်ကွပ်ကဲရေးရုံးအပါအဝင် လူအများမြင်သာသည့် နေရာများတွင်ကြော်ငြာစာရွက်ကြီးများကပ်ထားကြောင်း၊ အဆိုပါကြော်ငြာစာရွက်များမှာ မြန်မာပြည်တွင်းမှ ခိုးဝင်၊ ခိုးထွက်သူများဖမ်းမိလျှင် ပုဒ်မ ၃၆၇ အရ ထောင်ဒဏ် ၇ နှစ်နှင့်လူပို့လူကြိုပွဲစားများ ကိုဖမ်းမိလျှင် ပုဒ်မ ၃၆၅ အရ ထောင်ဒဏ် ၁၀ နှစ် အပြစ်ပေးခံရမည် စသည်ဖြင့် ရေးသားထားကြောင်းသတင်းများရရှိသည်။

အမည်မဖေါ်လိုသည့် ကော့သောင်းမြို့ဒေသခံတဦးအဆိုအရ ထိုင်းနိုင်ငံတွင်ဖမ်းဆီးခံရပြီး မြန်မာနိုင်ငံသို့ပြန်ရောက်လာမည့် အလုပ်သမားများအတွက် အထူးပြင်ဆင်စရာမလိုကြောင်းနှင့် လူရာပေါင်းများစွာထားနိုင်သည့် ခန်းမကြီး(၃)ခုဖြစ်သော ရွှေမင်းဝံရပ်ကွက်အတွင်းရှိ မိုးလုံလေလုံအားကစားရုံကြီး၊ မဥ္ဇူသကခန်းမကြီးနှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ခန်းမတို့ရှိကြောင်းသိရှိရသည်။ အခြားဒေသခံများ၏ ခန့်မှန်းပြောဆိုချက်မှာအဆိုပါအလုပ်သမားများကို ခမောက်ကြီးကျေးရွာရှိ ခလရ(၂၈၈)တပ်ရင်းသို့ပို့ဆောင်ပြီးစစ်တပ်တည်ဆောက်မှု ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အလုပ်လုပ်ခိုင်းလိမ့်မည်ဟု ယူဆရကြောင်း သိရှိရသည်။

ထိုင်းနိုင်ငံအတွင်းရှိ တရားမဝင်မြန်မာအလုပ်သမားများကို ထိုင်းအစိုးရ အဆက်ဆက်က ဖမ်းဆီးပြန်ပို့လေ့ရှိခဲ့သော်လည်း မြန်မာနိုင်ငံအတွင်း စီးပွားရေးချွတ်ခြုံကျပြီး အလုပ်အကိုင်ရှားပါးမှုများကြောင့် ထိုင်းအစိုးရ၏ တရားမဝင်သည့်မြန်မာအလုပ်သမားများ ဖမ်းဆီးပြန်ပို့မှုပေါ်လစီမှာ မအောင်မြင်ပဲ ယနေ့ထက်တိုင် မြန်မာအလုပ်သမားများ ထိုင်းနိုင်ငံအတွင်းသို့ နည်းအမျိုးမျိုးဖြင့် ဝင်ရောက်လျက်ရှိနေကြသည်။

မိုးကြိုးသတင်းစဉ်

သို့

စာမူများ၊ ဝေဖန်အကြံပြုစာများ ဆက်သွယ်ပေးပို့နိုင်ပါသည်။

P.O. Box (91)
Mae Sod, 63110
Tak , Thailand.
binamojo@cscoms.com

# ယူအန်ဒီစီပီ၊ မူးယစ်တိုက်ဖျက်ရေးအကူအညီ နှင့် မြန်မာ့နိုင်ငံရေးကျားကွက်

## စံသစ်

"နိုင်ငံရေးအခြေအနေက ကိစ္စတခုပါ။ ဒါပေမယ့် ဖြည်းဖြည်းချင်း ပြောင်းလဲနေတဲ့ နိုင်ငံရေးဆန္ဒနဲ့အတူ မူးယစ်ဆေးဝါးဆိုင်ရာ ပြဿနာတွေကိုဖြေရှင်းဖို့ အခုအချိန်ဟာ စတင်လုပ်ဆောင်ရမယ့် အချိန်ပဲဖြစ်ပါတယ်။ ကျနော်တို့ဟာ မူးယစ်ဆေးဝါးကိစ္စကို လူသားတရပ်လုံးဆိုင်ရာပြဿနာအဖြစ် ကိုင်တွယ်ဖြေရှင်းရမှာဖြစ်ပါတယ်"

ရန်ကုန်ရှိကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(UNDCP) ကိုယ်စားလှယ် ယန်းလက်လီမာဟျူး က မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် မြန်မာပြည်သို့ အထောက်အပံ့များပေးကြရန် ပြောကြားအပြီး သံတမန်အသိုင်းအဝိုင်းနှင့် ဒေသတွင်းမီဒီယာများတွင် ဝေဖန်ဆွေးနွေးလာကြသည်။

ယခုအချိန်သည် မြန်မာစစ်အစိုးရအား မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အကူအညီများ ပေးကမ်းပြီးပူးပေါင်းဆောင်ရွက်သင့်ပြီလား။

"ကျနော်ကတော့ ကျနော့်မျက်လုံးတွေကိုပဲယုံတယ်။ ပြစမ်းပါဦး.... စိတ်ကြွဆေးထုတ်လုပ်တာ၊မှောင်ခိုရောင်းဝယ်ဖောက်ကားတာ၊ ဆေးစွဲတာတွေ လျော့ကျသွားသလားလို့....။ နောက်.... မူးယစ်မှောင်ခိုဂိုဏ်းသားတွေ ဘယ်နှစ်ယောက်လောက်ဖမ်းထားပြီးပြီလဲ။ ငွေမည်းကငွေဖြူလုပ်တဲ့သူ ဘယ်နှစ်ယောက်လောက် နှိမ်နင်းပြီးပြီလဲ။ အဲဒီလိုဆိုရင်တော့ ရန်ကုန်အစိုးရကို အာမခံပြီး ဘုံမြှောက်ပေးနိုင်မှာပါ"ဟု အနောက်တိုင်းသံတမန်တဦးက ဆိုသည်။

မြန်မာစစ်အစိုးရသည် ကမ္ဘာ့ဘိန်းမှောင်ခိုရာဇာကြီးနှစ်ယောက်ဖြစ်သည့် ခွန်ဆာနှင့်လော်စစ်ဟန်တို့အား လွတ်ငြိမ်းချမ်းသာစွာ ခိုလှုံခွင့်ပေးထားခဲ့ပြီး ပို၍ဆိုးဝါးသည်မှာ ဘိန်းမှောင်ခို ရောင်းဝယ်ဖောက်ကားရာမှရရှိလာသော အကျိုးအမြတ်ငွေမည်းများအား စီးပွားရေးစီမံကိန်း အထူးသဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့် ကုန်သွယ်ရေးလုပ်ငန်းတို့တွင် ရင်းနှီးမြှုပ်နှံခွင့်ပေးခြင်းအားဖြင့် ငွေဖြူလျှော်ဖွပ်ခွင့်ပြုထားခြင်းဖြစ်သည်ဟု ဒေသတွင်းရှိ မြန်မာပြည်ရေးရာစောင့်ကြည့်ဝေဖန်သူများက ယုံကြည်ယူဆနေကြသည်။ သို့ရာတွင်ယမန်နှစ်နှောင်းပိုင်းမှအစပြု၍နိုင်ငံတကာအထောက်အပံ့များမရှိသောကြောင့် မူးယစ်ဆေးဝါးနှိမ်နင်းမှု စိတ်တိုင်းကျမလုပ်ကိုင်နိုင်ကြောင်း အထောက်အပံ့ပိုရှိလျှင်ပိုလုပ်နိုင်မည်ဟု မြန်မာစစ်အာဏာပိုင်များကပြောလာခဲ့သည်။ ဘိန်းမှောင်ခိုရာဇာကြီးများဟုနာမည်ကြီးသည့် ခွန်ဆာ၊ လော်စစ်ဟန်၊ ဝေဆူကမ်းတို့အား ဖမ်းဆီးအရေးယူရန် ငြင်းဆန်နေသည့်တိုင် မြန်မာစစ်အစိုးရသည် လွန်ခဲ့သည့်နှစ်အောက်တိုဘာလကစတင်၍ မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်မှုအချို့အား အရေးတယူ လုပ်ဆောင်လာနေကြောင်း ပြသခဲ့သည်။

ပမာအားဖြင့်နာမည်ကြီးမူးယစ်ဆေးဝါးဖောက်ကားသူ တရုတ်လူမျိုးရှန်ချောင်မေအား ဟီးရိုးအင်း ကီလို(၄၀၀)နှင့်အတူ တရုတ်ပြည်နယ်စပ် မူဆယ်မြို့တွင်ဖမ်းဆီးခဲ့ပြီး တရုတ်အစိုးရထံလွှဲအပ်ခဲ့သည်။ စက်တင်ဘာ၊ တလတည်းပင် လက်နက်ကိုင်မူးယစ်ဆေးဝါးဖောက်ကားသူ (၁၁)ဦးအပါအဝင် ရောင်းသူ (၃၆၁)ဦး၊ စိတ်ကြွဆေးပြား (၄ ဒသမ ၇) သန်းတို့ကို ဖမ်းဆီးရရှိခဲ့သည်။

UNDCP ရန်ကုန်ရုံးအနေဖြင့်လည်း နအဖစစ်အာဏာပိုင်များ၏ လုပ်ဆောင်ချက်များနှင့် မူးယစ်ဆေးဝါးပြဿနာအားဖြေရှင်းရန် အရပ်ဘက်လူ့အဖွဲ့အစည်းထူထောင်ရေးအစပျိုးမှုများ ပြည်တွင်း၌လုပ်ကိုင်နေမှုအပေါ် အကောင်းမြင်သုံးသပ်ခဲ့သည်။ ရန်ကုန်အစိုးရသည် မူးယစ်ဆေးဝါးနှိမ်နင်းတိုက်ဖျက်ရေးကို ယခုအခါအရေးတယူ လုပ်ဆောင်လာနေသည်ဟု မူးယစ်ဆေးဝါးကျွမ်းကျင်သူအချို့က ယူဆနေကြပြီး အထောက်အပံ့များ ပေးကမ်းစမ်းသပ်ရန် အချိန်ဟု ယုံကြည်နေကြသည်။

UNDCP နည်းတူ ထိုင်းအစိုးရမှလည်း မြန်မာပြည်မြောက်ပိုင်း ဘိန်းအစားထိုးသီးနှံခင်းများ စိုက်ပျိုးခြင်း၊ ထောက်ပံ့ရေးအစီအစဉ်များ လေ့လာရေးစီမံကိန်းများအတွက် မြန်မာစစ်အာဏာပိုင်များနှင့် ပူးပေါင်းလုပ်ဆောင်ခဲ့သည်။ ထိုင်းနိုင်ငံ၏ ထိပ်တန်းကျွမ်းကျင်သူ (၂)ဦးပါဝင်လုပ်ကိုင်သော ထိုင်းနိုင်ငံတောင်ပိုင်းဒွိုင်တောင်းမှ မြန်မာပြည်ထိ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေး ဘတ်သန်း(၂၀)စီမံကိန်းကို စတင်လုပ်ဆောင်နေပြီဖြစ်သည်။ ပြီးခဲ့သည့်လတွင် ထိုင်းထိပ်တန်းအရာရှိကြီးများသည် ဝနှင့်ရှမ်းလူမျိုးများထံ သွားရောက်တွေ့ဆုံကာ ယခုအစီအစဉ်ကို ရေးဆွဲအကောင်အထည်ဖော်ခဲ့ကြခြင်းဖြစ်သည်။

ထိုင်း–မြန်မာအကြား အရေးကြီးဆုံးသောပြဿနာမှာ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားခြင်းအား တိုက်ဖျက်ရေးဖြစ်ပြီး ထိုင်းအစိုးရသည် မြန်မာအစိုးရနှင့်ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ခဲ့သော်လည်း ထိုင်းစစ်တပ်အနေဖြင့်တင်းမာစွာရပ်တည်လျက်ပင်ရှိသည်။

ထိုင်းဘုရင့်တပ်မတော်၏ ဒုတိယအကြီးအကဲ ဒုတိယဗိုလ်မှူးကြီးဖွန်းထပ်တက်စရာတိပ်က အကောင်းမြင်နိုင်ရန် အကြောင်းရှာ၍မရဟုပြောသည်။ မြန်မာပြည်ဘက်မှ ထုတ်လုပ်သော မက်သမ်ဖက်တမင်းစိတ်ကြွဆေးပြား သန်း(၇၀၀)သည် မနှစ်က ထိုင်းနိုင်ငံအတွင်းသို့ ဝင်ရောက်လာခဲ့ကြောင်း ၎င်းကပြောဆိုသည်။

"ကျနော်တို့တွက်ချက်မှုအရ ကျနော်တို့ဖမ်းဆီးမိတဲ့အရေအတွက်ဟာ ကျနော်တို့နိုင်ငံထဲဝင်ရောက်လာခဲ့တဲ့ ဆေးပြားအရေအတွက်ရဲ့ (၁၅)ရာခိုင်နှုန်းထက်မပိုပါဘူး။ ဒီနှစ်တော့ ဆေးပြားသန်း(၈၀၀)ဟာ အိမ်နီးချင်းနိုင်ငံကတဆင့်ဝင်ရောက်လာမယ်လို့ ကျနော်တို့တွက်ချက်ထားပါတယ်"

ထိုင်းစစ်တပ်အနေဖြင့် ထိုင်းအစိုးရ၏ မြန်မာနိုင်ငံအပေါ်ထားသော ပေါ်လစီနှင့် ပတ်သက်၍ ထိခိုက်မည်စိုးရိမ်သဖြင့် အိမ်နီးချင်းနိုင်ငံဟုပြောဆိုခဲ့သော်လည်း ယင်းသည် မြန်မာနိုင်ငံကိုသာ ရည်ညွှန်းခြင်းဖြစ်သည်။ မကြာသေးမီရက်များအတွင်းကပင် ထိုင်းစစ်တပ်အနေဖြင့် မြန်မာပြည်နယ်စပ်နှင့် ကပ်လျက်ရှိသည့် ထိုင်းနယ်မြေတွင်း၌ မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်မှု စစ်ဆင်ရေးတရပ်ကိုစတင်ဆင်နွှဲခဲ့သည်။ အမေရိကန်စစ်အကြံပေးအရာရှိများ အကူအညီဖြင့် အဆင့်မြင့်နည်းပညာပိုင်း ထောက်ပံ့မှုများပါဝင်သည့် စိတ်ဓာတ်စစ်ဆင်ရေးအဖွဲ့(၆၅) ဖွဲ့က ထိုင်းနိုင်ငံအတွင်း မူးယစ်မှောင်ခိုဂိုဏ်းများ၏သြဇာအာဏာကိုလျှော့ချပြီး ထိုင်းနိုင်ငံကိုကာကွယ်ရန် နည်းလမ်းသစ်များ ဖော်ထုတ်ကြခြင်းဖြစ်သည်ဟု သတင်းများအရသိရှိရသည်။

မည်သို့ပင်ဆိုစေ ရန်ကုန်အစိုးရသည် ၂၀၁၄ ခုနှစ်တွင် မူးယစ်ဆေးဝါးထုတ်လုပ်မှုလုံးဝကွယ်ပျောက်ရမည်ဟု တရားဝင်ထုတ်ဖော်ပြောကြားနေခဲ့ပြီး ထိုင်းအစိုးရ၏ဘိန်းအစားထိုးသီးနှံစီမံကိန်းများကမ်းလှမ်းမှုကို လက်ခံခဲ့သည်။ ထိုင်းနိုင်ငံ ဒွိုင်တောင်းမှ မြန်မာနိုင်ငံထိ ဘိန်းအစားထိုးသီးနှံစီမံကိန်းအား ဦးစီးဦးဆောင်လုပ်သူ အမ်အာဒစ်စနက်ဒါဒစ်စကူလ်ကမူ အကောင်းဘက်မှရှုမြင်ခဲ့သည်။

"တကယ်လို့ အစားထိုးသီးနှံစိုက်ခင်းတွေကျယ်ပြန့်လာရင် မူးယစ်ဆေးဝါးထွက်ရှိမှုဟာသိသိသာသာကြီးကို လျော့ကျသွားမှာပါ"

သို့သော်လည်း ချင်းမိုင်အခြေစိုက်ဝလူမျိုးများနှင့် နီးစပ်သည့်သတင်းရပ်ကွက်များအဆိုအရ စိတ်ကြွဆေးပြားထုတ်လုပ်သည့်စက်ရုံများသည် ထိုင်း–မြန်မာနယ်စပ်မုံးယောင်းဒေသမှ အထက်ပိုင်း လောနိုင်ငံနယ်စပ်သို့ ရွှေ့ပြောင်းသွားနိုင်ကြောင်းမျှော်လင့်တွက်ဆနေကြသည်။ ယင်းသို့ဆိုလျှင် မူးယစ်ဆေးဝါးထုတ်လုပ်မှုသည် ထိုင်း–မြန်မာနယ်စပ်မှ စွန့်ခွာသွားနိုင်ပုံပေါက်သော်လည်း မူးယစ်ဆေးဝါးမှောင်ခိုလုပ်ငန်းကား ဆက်လက်ရှင်သန်မြဲရှင်သန်ဦးမည်သာဖြစ်သည်။

ယခုအခါမြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့အကြီးဆုံးဘိန်းထုတ်လုပ်သူ အာဖဂန်နစ္စတန်၏နေရာသို့ အစားထိုးဝင်ရောက်လာနေပြီး မူးယစ်ဆေးဝါးကြောင့် ဖြစ်ပေါ်လာရသော လူမှုရေးဆိုင်ရာပြဿနာများကိုအကြီးအကျယ်ရင်ဆိုင်ကြုံတွေ့နေရပြီဖြစ်သည်။

"ဘိန်းကိစ္စဟာ ဆင်းရဲမွဲတေမှုနဲ့ သက်ဆိုင်နေပါတယ်။ ဒါ့ကြောင့်အစာအာဟာရဖူလုံစေရေးအတွက် ကျနော်တို့ထောက်ပံ့ဖို့လိုအပ်ပါတယ်။ HIV/ AIDS ရောဂါပျံ့နှံ့မှုကလည်း ကျနော်တို့ကိုသတိပေးနေပါတယ်"ဟု ယူအန်ဒီစီပီကိုယ်စားလှယ်က မူးယစ်ဆေးဝါးဆိုင်ရာပြဿနာများအား အာရုံစိုက်ရေး ပြောဆိုခဲ့သည်။

ကုလသမဂ္ဂ၏ ခန့်မှန်းတွက်ချက်မှုအရ အရွယ်ရောက်သူ မြန်မာပြည်သား ၂ ရာခိုင်နှုန်းသည် HIV ရောဂါပိုးကူးစက်ခံထားရပြီးဖြစ်သည်။ အမေရိကန် သုတေသီတဦးဖြစ်သူ ဒေါက်တာခရစ်ဘေရာ၏ သုတေသနပြုချက်အရ ၄ ရာခိုင်နှုန်းအထိ ရှိနိုင်မည်ဖြစ်ပြီး မူးယစ်ဆေးဝါးသုံးစွဲသူနှင့် နယ်လှည့်အလုပ်သမားများပါ ထည့်သွင်းစဉ်းစားပါက ၇ ရာခိုင်နှုန်းကျော်သွားနိုင်သည်ဟု သိရှိရသည်။ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်များတွင် ၎င်းရောဂါပိုးကြောင့် လူအစုလိုက်အပြုံလိုက်သေဆုံးနေရကြောင်း သတင်းများကဆိုသည်။

ယင်းအခြေအနေဆိုးများကို နဖူးတွေ့ဒူးတွေ့ရင်ဆိုင်လာရသောကြောင့် မြန်မာစစ်အစိုးရသည် နိုင်ငံတကာ၏အကူအညီကို ရှာဖွေ လက်ခံလာရပြီး လွတ်လပ်သောလူမှု

စာမျက်နှာ(၁၀ ) ကော်လံ(၂ )သို့ ▶

## ပြောပြပါရစေ

သို့/

မိုးကြိုးသတင်းစဉ်

ကျနော်မိုးကြိုးကို လစဉ်လတိုင်းမဖတ်ရပါဘူး။ ရံဖန်ရံခါတော့ဖတ်ရပါတယ်။ ဒါကြောင့် အပတ်စဉ်ဖတ်ရှုလို၍ စာရေးလိုက်ရခြင်းဖြစ်ပါတယ်။ ကျနော့်လို ဖတ်ရှုချင်သူတွေတပုံကြီးပါ။ နေရပ်လိပ်စာကတကြောင်း နောက်အလုပ်ကတဖက်နဲ့ဆိုတော့မမှာတာပါ။ နောက်အခကြေးငွေက ဘယ်လိုဆိုတာမသိတော့၊ ဒီအခက်အခဲတွေကြောင့် မမှာတာပါ။

မိုးကြိုးကိုဖတ်ရလို့ တောက်တခေါက်ခေါက်နဲ့ ဖြစ်ကြရပါတယ်။ တချို့ဆိုရင် ဖတ်နေရင်းတန်းလန်းကို မခံရပ်နိုင်ဖြစ်ကြရပါတယ်။ တချို့နားမလည်သေးတဲ့သူတွေကလည်း ဒီစာစောင်တွေဟာပေါက်ကရတွေ ရေးထားတာလို့ပြောတယ်။ ဘာပဲဖြစ်ဖြစ်ပေါ့ ကိုယ်နိုင်ငံ ကိုယ်လူမျိုးအချင်းချင်း မတရားဖိနှိပ်ရက်စက်တယ်ဆိုတော့ ဘယ်တိုင်းရင်းသား၊ ဘယ်လူမျိုးမှမခံနိုင်ကြပါဘူး၊ ဒါကြောင့် မြန်မာနိုင်ငံကပြေးထွက်ပြီး လာလုပ်စားတဲ့ လူပေါင်းမြောက်များစွာဟာ ကိုယ့်နိုင်ငံမှာလည်းနှိပ်စက်ခံရသူများ သူများနိုင်ငံမှာလည်း အထင်သေးအမြင်သေးခံရပါတယ်။ တချို့ဆိုရင် "မင်းတို့နိုင်ငံမှာ လေယာဉ်ရှိလားတို့ ကားရှိလားတို့"အမျိုးမျိုးအမေးခံရပါတယ်။ ထိုင်းနိုင်ငံမှာဆိုရင် မြန်မာနိုင်ငံတိုင်းရင်းသားလူငယ်များဟာ အဓိပ္ပါယ်မဲ့စွာသေသွားတဲ့ လူငယ်ပေါင်းဟာ မနည်းပါဘူး။ ကျနော် မျက်မြင်ကိုယ်တွေ့အရှေ့မှာကို အများကြီးပါ။ ဒါကြောင့်သူများနိုင်ငံမှာအဓိပ္ပါယ်မဲ့ သေမယ့်အတူတူ ကိုယ်နိုင်ငံကိုယ်လူမျိုးအကျိုးရှိအောင်နဲ့ နအဖ စစ်အာဏာရှင်တို့ကို အမြစ်ပြတ်အောင်တိုက်ပွဲဝင်ရင်းနဲ့ သေဆုံးသွားတာဟာ အဓိပ္ပါယ်ရှိပါတယ်လို့ မိုးကြိုးကတဆင့် တိုက်တွန်းနိုးဆော်လိုက်ပါတယ်။

မိုးကြိုးအမှတ်(၂၃)စာစောင်မှာ ကျနော်တို့မြို့အလုပ်သမားသမဂ္ဂရဲ့ ဦးဆောင်ဆန္ဒပြတဲ့ပုံကို ထည့်သွင်းဖော်ပြတဲ့မိုးကြိုးကို အထူးပဲကျေးဇူးတင်ကြောင်းနဲ့ အမှတ်(၂၃)မှာပါရှိတဲ့ 'ပြောပါရစေ'ကဏ္ဍမှာပါတဲ့ ကန်ပေါက်ကျေးရွာ မောင်လုပ်သားကိုပြောလိုက်ပါ။ အလုပ်ကောင်းကောင်းမွန်မွန် လုပ်ကိုင်စားသောက်မယ်ဆိုရင် ယခုပေးလိုက်သောစာစောင်ကလိပ်စာအတိုင်း လာရောက်မည်ဆိုပါကတာဝန်ယူပါကြောင်း မိုးကြိုးကတဆင့် သတင်းပါးလိုက်ပါကြောင်း....

မောင်ထွေး
(မော်ကျွန်း)
ခေတ္တ–ဒေါင်းစပ်

## ယနေ့ ပြည်တွင်းကုန်ဈေးနှုန်းအခြေအနေ (ဖေဖော်ဝါရီလ)

| ကုန်ပစ္စည်း | ရေတွက်ပုံ | (ဈေးနှုန်း)ကျပ် |
|---|---|---|
| ရွှေ | ၁ ကျပ်သား | ၁၂၀,၀၀၀ |
| စပါး | တင်း(၁၀၀) | ၁၀၀,၀၀၀ |
| ညှော်မထဆန် | တပြည် | ၁၆၀ |
| ပေါ်ကျွဲဆန် | တပြည် | ၂၁၀ |
| ပေါ်ကျွဲ(ရှယ်) | တပြည် | ၃၀၀ |
| လက်ဖက်ရည်(ရှယ်) | တခွက် | ၇၀ |
| မုန့်ဟင်းခါး(အလွတ်) | တပွဲ | ၆၀ |
| မုန့်ဟင်းခါး(အကြော်) | တပွဲ | ၈၀ |
| ထမင်းကြော်(ဘဲဥ၊ ဆန်ကြမ်း) | တပွဲ | ၁၀၀ |
| ထမင်းကြော်(ဘဲဥ၊ ဆန်ချော) | တပွဲ | ၁၅၀ |
| ထမင်းကြော်(ဟင်းအမျိုးမျိုး | တပွဲ | ၂၅၀–၃၅၀ |
| နံပြား | တချပ် | ၂၀ |
| အီကြာကွေး | တချောင်း | ၂၀ |
| ကောက်ညှင်းပေါင်း | လက်တဆုပ်ခန့် | ၅၀ |
| အုန်း၊ ပဲ ပေါင်းစုံ | တခု | ၅၀ |
| ပဲပြုတ် | တဆယ်သား | ၆၀ |
| ခေါက်ဆွဲသုပ်(သက်သတ်လွတ်) | တပွဲ | ၈၀ |
| နန်းပြားသုပ်၊ နန်းကြီးသုပ် | တပွဲ | ၁၅၀–၂၀၀ |
| ဆီချက်ခေါက်ဆွဲ | တပွဲ | ၂၀၀ |
| ကြက်သား | တပိသာ | ၁၂၀၀ |
| ဝက်သား | တပိသာ | ၁၈၀၀ |
| ဆိတ်သား | တပိသာ | ၁၆၀၀ |
| အမဲသား | တပိသာ | ၁၀၀၀ |
| ငါးသလောက် | တပိသာ | ၈၀၀–၁၀၀၀ |
| ကက်ကတစ်ငါး | တပိသာ | ၁၂၀၀–၂၄၀၀ |
| ငါးကြင်း | တပိသာ | ၁၀၀၀–၁၅၀၀ |

မှတ်ချက်။ ။ သားဈေး၊ ငါးဈေးများကို တပိသာဈေးနှုန်း မပြောကြတော့ဘဲ၊ တဆယ်သား၊ အစိတ်သားဈေးနှုန်းများသာ ပြောဆိုနေကြကြောင်းသိရသည်။ ယခုလအတွင်း ဒေါ်လာပေါက်ဈေးမှာ(တဒေါ်လာ ၇၅၀ ကျပ်)ဝန်းကျင်။

## ဒဏ်ခတ်ခံအာဏာရှင်အချင်းချင်း လည်ပင်းဖက်၍အသက်ချင်းဆက်မည်

မြန်မာနိုင်ငံတွင် အရေးပေါ်လိုအပ်နေသည့် လောင်စာဆီပြဿနာဖြေရှင်းနိုင်ရန် အီရတ်နိုင်ငံမှ ရေနံစိမ်းနှင့်မြန်မာ့ လယ်ယာမြေထွက်စားသောက်ကုန်များ အပြန်အလှန် လဲလှယ်ကြရန်အတွက် နအဖသစ်တောဝန်ကြီး ဦးအောင်ဖုန်းဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ (၉–၂–၀၂)နေ့က အီရတ်နိုင်ငံသို့ ထွက်ခွာသွားကြောင်းသတင်းရရှိသည်။

မြန်မာနိုင်ငံတွင် စွမ်းအင်သုံးစွဲမှုမြင့်တက်လာပြီး ပြည်တွင်းရေနံထုတ်လုပ်မှုကျဆင်းနေသည့်အတွက် ပြည်ပကတင်သွင်းနေခဲ့ရာ မလေးရှား စင်္ကာပူနှင့်ကိုးရီးယားနိုင်ငံတို့မှ ရေနံစိမ်းများ တင်သွင်းခဲ့သော်လည်းမလုံလောက်သဖြင့်ယခုကဲ့သို့ အီရတ်နိုင်ငံကပါတင်သွင်းရန် ကြိုးစားခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

အီရတ်နိုင်ငံသည် ၁၉၉၀ ခုနှစ်၌ကူဝိတ်နိုင်ငံသို့ ကျူးကျော်ခဲ့ပြီးနောက်ပိုင်းယခုအချိန်ထိစီးပွားရေးပိတ်ဆို့ဒဏ်ခတ်မှုများ ခံနေရဆဲဖြစ်ရာ ပြည်သူ ၂၂သန်းတို့မှာ စားနပ်ရိက္ခာမလုံလောက်မှုဒဏ်ကိုခံနေခဲ့ရသည်၊ ယခုကဲ့သို့ နိုင်ငံတကာကစီးပွားရေးဒဏ်ခတ်မှုများခံနေကြရသည့် အာဏာရှင်နိုင်ငံမြန်မာစစ်အုပ်စုနှင့် အီရတ်နိုင်ငံတို့၏ အပြန်အလှန်ကုန်သွယ်မှုအပေါ် လေ့လာစောင့်ကြည့်သူများက စိတ်ဝင်စားလျက်ရှိကြောင်းသိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ မြန်မာ့အတိုက်အခံတဦးကစစ်အုပ်စုအနေဖြင့်မိမိတို့နိုင်ငံသည်သဘာဝသယံဇာတများနှင့်ပေါကြွယ်ဝကြောင်းဂုဏ်ယူစွာ ပြောဆိုတတ်ကြသော်လည်း လက်တွေ့တွင်မူနည်းပညာပိုင်းဆိုင်ရာမပြည့်စုံမှုတို့ကြောင့် လောင်စာဆီကို ပြည်တွင်းသုံးရန်လုံလောက်အောင် ထုတ်လုပ်နိုင်ခြင်းမရှိ၍ ပြဿနာကြုံတွေ့နေရကြောင်း ယခုလိုရေနံလိုအပ်နေမှုအပေါ် ဆန်စပါး၊ ပဲမျိုးစုံတို့နှင့်လဲလှယ်ဖြေရှင်းနေခြင်းသည် ပြည်တွင်းဆန်နှင့် ပဲဈေးကွက်တို့ကို ထိခိုက်လာမှာဖြစ်ရုံမက တောင်သူလယ်သမားများအတွက်လည်း ထိခိုက်လာနိုင်ကြောင်း ထုတ်ဖော်ပြောဆိုသွား သည်ဟုသိရသည်။ ■

## မြန်မာ့ဆန်ကိုဝယ်သည့်အခါ ကျပ်ငွေဖြင့်ပေးချေသည်ကို စစ်အုပ်စုကလက်မခံ

နအဖစစ်အုပ်စုသည် လွန်ခဲ့သည့်လအနည်းငယ်မှစတင်၍ နိုင်ငံခြားငွေရှာဖွေသည့်အနေဖြင့် မြန်မာနိုင်ငံမှထွက်ရှိသည့်ဆန်များကိုဘင်္ဂလားဒေ့(ရှ်)နိုင်ငံသို့ရောင်းချနေခဲ့ကြောင်းဒေသခံသတင်းဌာနတခု အဆိုအရသိရှိရသည်။ မြန်မာ့ဆန်များကိုဝယ်ယူသည့်အခါ မြန်မာကျပ်ငွေအစား အမေရိကန်ဒေါ်လာဖြင့်သာပေးချေရသည်ဟုအဆိုပါသတင်းဌာနကဆိုသည်။

လက်ရှိကာလပေါက်ဈေးအရ ဆန်တန်ချိန်တတန်လျှင် အမေရိကန်ဒေါ်လာ ၆၁ ဒေါ်လာ(ဆန်တတင်းလျှင်အမေရိကန်ဒေါ်လာ ၁.၉၅ ဒေါ်လာ)ဖြစ်နေကြောင်း ရခိုင်ပြည်နယ်မှဆန်ကုန်သည်များက ပြောကြားခဲ့သည်။ ဆန်ကုန်သည်များသည် ကြိုတင်ငွေအဖြစ် ဆန်တန်ဖိုး၏ ၁၀ ရာခိုင်နှုန်းရှိအမေရိကန်ဒေါ်လာငွေကို မြန်မာနအဖစစ်အုပ်စုသို့ပေးရကြောင်းသိရှိရသည်။

သို့ရာတွင် ဘင်္ဂလားဒေ့(ရှ်)ဆန်ကုန်သည်များနှင့်ရောင်းဝယ်ဖောက်ကားနေကြသည့်မြန်မာလူမျိုးများ၊ မြန်မာနအဖစစ်အုပ်စုနှင့်ပလဲနာမသင့်နေသည့်မြန်မာလူမျိုးများကိုသာဘင်္ဂလားဒေ့(ရှ်)နိုင်ငံသို့ ဆန်တင်ပို့ရောင်းချခွင့်ပြုခဲ့ကြောင်း ဆန်ကုန်သည်တဦးကပြောကြားခဲ့သည်။ စစ်အုပ်စုသည် လယ်သမားများထံမှ ဆန်တတန်လျှင် အမေရိကန်ဒေါ်လာ ၁၂.၅၀ ဒေါ်လာဖြင့် အဓမ္မဝယ်ယူပြီး ၆၁ ဒေါ်လာဖြင့် ပြန်လည်ရောင်းချနေသည်ဟု ရခိုင်ပြည်နယ်မှလာသောသတင်းများအရသိရှိရသည်။

စစ်အုပ်စုသည် အဓမ္မဝယ်ယူထားသည့်ဆန်များကို ဧရာဝတီတိုင်းအတွင်းရှိ ပုသိမ်၊ ရခိုင်ပြည်နယ် စစ်တွေ၊တောင်ကုပ်၊ ကျောက်ဖြူနှင့် သံတွဲမြို့များ၌ သိုလှောင်ထားပြီးငင်းတို့ခွင့်ပြုထားသည့် မြန်မာဆန်ကုန်သည်များကိုပြန်လည်ရောင်းချခဲ့သည်ဟုသိရသည်။ ယခုနှစ်ဆန်းပိုင်းအတွင်း ရခိုင်ပြည်နယ်၌ဆန်တတန်လျှင်ကျပ် တသောင်းခွဲရှိခဲ့ရာမှ ယခုအခါ ကျပ်သုံးသောင်း(အမေရိကန်ဒေါ်လာ၄၀) အထိမြင့်တက်လာခဲ့သည်။ လက်ရှိရခိုင်ပြည်နယ်အတွင်းငွေလဲလှယ်နှုန်းမှာ အမေရိကန်တဒေါ်လာလျှင်မြန်မာကျပ်ငွေ ၇၅၀ ဖြစ်နေပြီးဆက်လက်တက်နေဦးမည်ဟု ခန့်မှန်းပြောဆိုနေကြကြောင်းသိရသည်။ ■

### ▶စာမျက်နှာ(၉) ယူအဲန်ဒီစီပီ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးမှ–

အကူအညီပေးရေးအသင်း အန်ဂျီအို(NGOs)များနှင့် ယူအန်ဒီစီပီ၏လှုပ်ရှားဆောင်ရွက်မှုများကို ခွင့်ပြုလက်ခံခဲ့ပုံရကြောင်း မြန်မာ့ရေးရာစောင့်ကြည့်သူများကဆိုသည်။

သို့ရာတွင် မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံရေးနှင့်မပတ်သက်ဟူသော ယူအန်ဒီစီပီကိုယ်စားလှယ်၏ အမြင်ကိုမူသဘောမတူကြသူများရှိနေသည်။ ထိုင်းနိုင်ငံတွင်နေထိုင်သော မြန်မာ့အရေးသုံးသပ်ဝေဖန်သူတဦးကမူ ယခုကဲ့သို့ပြောဆိုမှတ်ချက်ပြုသွားသည်။

"ပြဿနာအကြီးဆုံးက ရန်ကုန်က စစ်ဗိုလ်ချုပ်ကြီးတွေဟာ မူးယစ်ဆေးဝါးနဲ့စိတ်ကြွဆေး အကြီးအကျယ်ထုတ်နေတယ်လို့ စွပ်စွဲခံနေရတဲ့ ဝေဆူကမ်းနဲ့သူ့ရဲ့UWSA 'ဝ'တပ်ဖွဲ့တွေကိုထိပ်တိုက်မတွေ့ချင်တာပဲဗျ။ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်လုပ်တုန်းက UWSA အုပ်ချုပ်တဲ့နယ်မြေထဲမှာ စီးပွါးရေးလွတ်လပ်စွာ လုပ်ကိုင်ခွင့်နဲ့နိုင်ငံ့စီးပွါးရေးလုပ်ငန်းတွေမှာရင်းနှီးမြှုပ်နှံခွင့်တွေကို အာမခံထားပါတယ်။ စစ်အစိုးရအနေနဲ့ ဘယ်ပုံဘယ်နည်းတွေသုံးပြီး ထိထိရောက်ရောက်တိုက်ဖျက်မှာလဲ။ ထိုင်းနိုင်ငံရဲ့အတွေ့အကြုံအရနှစ်သုံးဆယ်ကျော် ဘက်ပေါင်းစုံကတက်ညီလက်ညီလုပ်ခဲ့တာတောင် ဖြေရှင်းရမယ့်ပြဿနာတွေကျန်နေတုန်းပဲ။ မြန်မာနိုင်ငံမှာကနိုင်ငံရေးတည်ငြိမ်မှုလည်းမရှိ၊ လွတ်လပ်ပွင့်လင်းမှုကလည်းကင်းမဲ့နေတော့ ပြဿနာတွေဟာဖြေရှင်းနိုင်မယ်ထင်ရပေမယ့် အလုပ်တကယ်ဖြစ်ဖို့ဆိုတာ မမျှော်လင့်နိုင်သလောက်ပါပဲ"

(ကိုးကား–ဘန်ကောက်ပို့စ်)

### ▶ နောက်ကျောဖုံး (ပဒိုမန်းရင်စိန်)မှ

ရောက်ရှိလာပြီး ကရင်အမျိုးသားအစည်းအရုံးမှခွဲထွက်ခဲ့သော ဒီကေဘီအေဟူသည့်အဖွဲ့အစည်း ပေါ်ပေါက်လာခဲ့သည်။ ဖွဲ့ပြီးချိန်မှစ၍ ဒီကေဘီအေအဖွဲ့သည် ပြည်သူလူထုကို အဓမ္မအနိုင်ကျင့်၊ သတ်ဖြတ်စသည်ဖြင့်လူ့အခွင့်အရေးချိုးဖေါက်မှုများကို စိုက်လိုက်မတ်တပ်ကျူးလွန်နေခဲ့သည်။ ထိုအကြောင်းနှင့်ပတ်သက်၍"ဒီကေဘီအေအနေအထားကတော့ ကျနော်သူတို့နဲ့လက်ပွန်းတတီးမနေခဲ့ရဘူး။ သို့သော်လည်းပဲကျနော်ကြားရသလောက်ဆိုရင် ပြည်သူလူထုတွေကိုသူတို့ထင်သလို လုပ်နေကြတယ်။ လူတယောက်ကို ဒဏ်ရိုက်ချင်လည်းရိုက်လိုက်တာပဲ။ နောက်ပြီးတော့ သတ်လည်းသတ်တယ်။ ရက်ရက်စက်စက်ကိုသတ်တာ"ဟု ပဒိုမန်းရင်စိန်ကရှင်းပြခဲ့သည်။

နအဖစစ်အုပ်စုနှင့် ဒီကေဘီအေ အဖွဲ့ပူးပေါင်းဆောင်ရွက်မှုကိစ္စနှင့် ပတ်သက်၍လည်း"သူတို့ကတော့ဒီလိုရှိတယ်။ ရန်ကုန်ကအဖွဲ့အစည်းကတော့မပြောတတ်ဘူး။ ဒါပေမယ့်နယ်စွန်နယ်ဖျားမှာ ဥပမာ မြဝတီမြို့တို့ ဘားအံမြို့တို့မှာတော့ တွဲပြီးလုပ်တယ်။ တွဲလုပ်တယ်ဆိုတာကလည်း အက်ဖက်တမင်းစိတ်ကြွဆေးပြားထုတ်တာမျိုးပေါ့။ သူတို့အတွက်အကျိုးအမြတ်ရှိတာသူတို့သိတယ်"ဟု ပဒိုမန်းရင်စိန်ကရှင်းပြခဲ့သည်။

ဗုဒ္ဓဘာသာ အမည်ခံထားသည့် ဒီကေဘီအေ အဖွဲ့သည် လူ့အခွင့်အရေးချိုးဖောက်နေမှုများနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချနေမှုများ၌ ပါဝင်ပတ်သက်နေရာ ဗုဒ္ဓဘာသာဝင်တယောက်အနေဖြင့် မည်သို့ခံစားရပါသနည်းဟု မေးမြန်းကြည့်သောအခါ ပဒိုမန်းရင်စိန်က "ကျနော်ခံစားချက်ဘယ်ကောင်းမလဲ။ ကျနော် နိုင်ငံရေးလုပ်တာ ဗုဒ္ဓဘာသာတစုတဖွဲ့ထဲအတွက် ကျနော်လုပ်တာမဟုတ်ဘူး။ ဒါကြောင့်မို့ ခုနကလည်း ပြောပြီးပြီ။ အမျိုးသားတရပ်လုံးအတွက် ကျနော်အလုပ်လုပ်တယ်။ ဒါထက်မက ကရင်အမျိုးသားလိုမျိုး ဖိနှိပ်ခြင်းခံနေရ တဲ့ တခြားလူမျိုးစုတွေအတွက်ပါ ဘဝချင်းတူတော့ ကျနော်အလုပ်လုပ်တယ်"ဟု သူ၏တော်လှန်ရေးအမြင်ကို နိုင်ငံရေးရှုဒေါင့်ချဉ်းကပ်မှုမှ တဆင့်ရှင်းပြသွားခဲ့သည်။

ပဒိုမန်းရင်စိန် (ဗုဒ္ဓဘာသာဘုန်းတော်ကြီးဦးမန်းကရုဏ) သည် ကေအဲန်ယူခေါ် ကရင်အမျိုးသားအစည်းအရုံးအပေါ်၊ ကရင်အမျိုးသားများအပေါ် သစ္စာမဖေါက်ဖျက်ပဲ ကရင့်တော်လှန်ရေးကြီးကို တစိုက်မတ်မတ်လုပ်ကိုင်လာခဲ့သူဖြစ်ပြီး အနာဂတ်ကာလ၌လည်း ကရင့်တော်လှန်ရေးကြီးအတွက် ဆက်လက်ကြိုးပမ်း လုပ်ကိုင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ကရင်အမျိုးသားအစည်းအရုံးမှ အထွေထွေအတွင်းရေးမှူး ပဒိုမန်းရှာကလည်း ယခုလောလောဆယ်တွင် ပဒိုမန်းရင်စိန်ကို ခေတ္တအနားပေးထားပြီး နောက်ပိုင်းတွင် တာဝန်များပြန်လည်ပေးအပ်သွားရန် စီစဉ်နေကြောင်း ပြောဆိုသွားခဲ့သည်။

ပဒိုမန်းရင်စိန်အား ကြိုဆိုဂုဏ်ပြုပွဲအခမ်းအနားကို မွန်းတည့်(၁၂)နာရီ၌ ကရင်အမျိုးသားသီချင်းဖြင့်ရပ်သိမ်းပြီး ကရင်ရိုးရာယဉ်ကျေးမှုအဖွဲ့များမှ ဂုဏ်ပြုဖျော်ဖြေ ညှော်ခံခဲ့ကြကြောင်း သတင်းများရရှိသည်။■

# ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် နအဖ တိုက်ပွဲသတင်းများ



## တပ်မဟာ(၃)နယ်မြေ

၃-၂-၂၀၀၂ ခုနှစ်တွင် သီခါမီးနယ်မြေ၌ ခမရ(၃၆၂)နှင့် တိုက်ပွဲဖြစ်ပွားခဲ့ပြီး ရန်သူနှစ်ယောက်ဒဏ်ရာရရှိသွားကြောင်း သတင်းရရှိသည်။ ၁၀-၂-၂၀၀၂ ခုနှစ်တွင် ထီးဖလားထာနယ်မြေ၌ နအဖတပ်ဖွဲ့နှင့် တိုက်ပွဲတကြိမ်ဖြစ်ခဲ့ပြီး ရန်သူဘက်မှ ထိခိုက်ဒဏ်ရာရမှုကို မသိရှိရသေးပေ။

၁၂-၂-၂၀၀၂ ခုနှစ်တွင် ဒူးဖားလယ်နယ်မြေ၌ ခမရ(၃၆၃)နှင့် တိုက်ပွဲဖြစ်ပွားခဲ့ပြီး ရန်သူတယောက်ဒဏ်ရာရရှိသွားကြောင်း သတင်းရရှိသည်။ ၁၃-၂-၂၀၀၂ ခုနှစ်တွင် လယ်ထကွီးနယ်မြေ၌ ရန်သူတပ်ဖွဲ့နှင့်ရင်ဆိုင်တိုက်ပွဲဖြစ်ပွားခဲ့ပြီး ထိခိုက်မှုသတင်းမရရှိသေးကြောင်းသိရသည်။

## တပ်မဟာ(၄)နယ်မြေ

၄-၂-၂၀၀၂ ခုနှစ်တွင် မယ်သမင်ခီးနယ်မြေ၌ မိမိတို့တပ်ဖွဲ့နှင့်ရန်သူ ခမရ(၁၀၄) တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး ရန်သူတယောက်ဒဏ်ရာရရှိသွားကြောင်း သတင်းရရှိသည်။ ၅-၂-၂၀၀၂ ခုနှစ်တွင် သောင်ရေအေးဒေသ၌ ရန်သူတပ်ဖွဲ့နှင့်ရင်ဆိုင်တိုက်ပွဲဖြစ်ပွားခဲ့ပြီး ရန်သူ(၁၃)ယောက်သေဆုံးသွားကြောင်း သတင်းရရှိသည်။

၇-၂-၂၀၀၂ ခုနှစ်တွင် ကမိုးတာမိုးခီးနယ်မြေ၌ မိမိတပ်ဖွဲ့နှင့် ရန်သူတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး မိနစ်(၃၀)ခန့်အကြာ၌ရန်သူတယောက်သေဆုံးကြောင်း သတင်းရရှိသည်။ ၈-၂-၂၀၀၂ ခုနှစ်တွင် မိမိတို့တပ်ဖွဲ့မှ ရန်သူတပ်ဖွဲ့တဖွဲ့ကို မယ်သာဝီခီးနယ်မြေ၌ ပြောက်ကျားနည်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ရန်သူတယောက်ဒဏ်ရာရရှိသွားကြောင်း သတင်းရရှိသည်။

၁၀-၂-၂၀၀၂ ခုနှစ်တွင် ကနဲဝါလာနယ်မြေ၌ မိမိတပ်နှင့်ရပ်သူတပ်တိုက်ပွဲဖြစ်ပွားခဲ့ပြီး ရန်သူတယောက်ဒဏ်ရာရရှိသွားကြောင်း သတင်းရရှိသည်။

## တပ်မဟာ(၆)နယ်မြေ

၁၉၊ ၁၊ ၂၀၀၂ ရက်နေ့၊ ညနေ (၁၅း၃၂)နာရီအချိန်တွင် ကေအဲန်အယ်လ်အေ တပ်ရင်း(၁၆)မှ အရာခံဗိုလ်အောင်မင်း ဦးစီးတပ်ဖွဲ့သည် (နအဖ)ခလရ(၂၀) စစ်ကြောင်း(၁)နှင့်(၂) ပူးပေါင်းတပ်ဖွဲ့အား ဝင်းရေးမြို့နယ်၊ ထီညာပဲခီးရွာ(မဲတလီရွာ)ဘေးတွင် ပြောက်ကျားစောင့်ပစ်ခဲ့ရာ (နအဖ)တပ်ဖွဲ့ဝင်တို့ထိခိုက်မှုကို မသိရသော်လည်း အမ်(၇၉)လောင်ချာ(၁)လက် ပျက်စီးသွားကြောင်းနှင့် ကေအဲန်အယ်လ်အေ ဘက်မှထိခိုက်မှုတစ်စုံတရာမရှိခဲ့ကြောင်း စုံးစမ်းသိရှိရပါသည်။

၅-၂-၂၀၀၂ ခုနှစ် မနက် (၁၁း၁၀) မိနစ်အချိန်တွင် ကေအဲန်ယူအထူးတပ်ရင်းနှင့် ရန်သူ ခမရ(၂၀၁)တို့ ပါးထာနယ်မြေတွင်တိုက်ပွဲဖြစ်ပွားခဲ့ရာ ရန်သူတယောက်သေဆုံးခဲ့ကြောင်း သတင်းရရှိသည်။

၇-၂-၂၀၀၂ ခုနှစ် နေ့လည်(၁၂း၁၀) မိနစ်အချိန်တွင် မိမိတို့တပ်ဖွဲ့နှင့် ရန်သူ ခမရ(၂၀၁)တို့ သုဘလုခိုဒေးနယ်မြေတွင် တိုက်ပွဲဖြစ်ပွားခဲ့ပြီး ရန်သူတယောက်ဒဏ်ရာရရှိသွားကြောင်း သတင်းရရှိသည်။

## တပ်မဟာ(၇)နယ်မြေ

၁၊ ၁၊ ၂၀၀၂ ရက်နေ့။

ဖားကလူးရွာအနီး တွင် KNU မှ DKBA ကိုပြောက်ကျားဝင် ရောက်တိုက်ခိုက်ရာ DKBA မှ တဦးသေဆုံး သွားကြောင်းနှင့် KNU ဘက်မှကျဆုံးမှု မရှိကြောင်းသတင်းရရှိသည်။

၂၊ ၁၊ ၂၀၀၂ ရက်နေ့။

ဖားကလူးဂွင် တောင်ထိပ်တွင် KNUနှင့် DKBA တို့ရင်ဆိုင် တိုက်ပွဲဖြစ်ပွဲရာ KNU မှ တဦးကျဆုံး၍ DKBA မှ တဦးသေဆုံးပြီး တဦးဒဏ်ရာရရှိ သွားကြောင်းနှင့် KNU ဘက်မှ AK (၁)လက်သိမ်းဆည်းရမိကြောင်း သတင်းရရှိသည်။

၃၊ ၁၊ ၂၀၀၂ ရက်နေ့။

ဖားကလူးရွာတွင် KNUနှင့် DKBA တို့ရင်ဆိုင်တိုက်ပွဲ တပိုင်တည်း(၂)ပွဲဖြစ်ပွားခဲ့ရာ DKBA မှ (၂)ဦး ဒဏ်ရာရရှိသွားကြောင်းနှင့် မိမိ KNU ဘက်မှ ထိခိုက်ကျဆုံးမှုမရှိကြောင်းသတင်းရရှိသည်။

၈၊ ၁၊ ၂၀၀၂ ရက်နေ့။

တောအုပ်ဂွင်တွင် KNUနှင့် DKBA တို့ရင်ဆိုင်တိုက်ပွဲဖြစ်ပွားရာ DKBA (၂)ဦးဒဏ်ရာရရှိသွားပြီး KNU မှ ထိခိုက်မှုမရှိကြောင်းသတင်းရရှိသည်။

၁၁၊ ၁၊ ၂၀၀၂ ခုနှစ်။

ထိကော်ထောဂွင် တွင် KNU နှင့်DKBA ရင်ဆိုင်တိုက်ပွဲ (၂)ကြိမ်ဖြစ်ပွားရာ DKBA (၁)ဦးသေဆုံး၍ (၁)ဦးဒဏ်ရာရရှိသွားကြောင်းနှင့်ရဲဘော်(၁)တယောက်မိမိကိုယ်ကို မိမိ သတ်သေသွားကြောင်း စုံစမ်းသိရှိရသည်။

၁၆၊ ၁၊ ၂၀၀၂ ရက်နေ့။

တောအုပ်ဂွင်တွင် KNU နှင့် DKBA ရင်ဆိုင်တိုက်ပွဲဖြစ်ပွားရာ KNU မှ (၃)ဦး ဒဏ်ရာရရှိကြောင်းသတင်းရရှိသည်။

၎င်းနေ့တွင်ပင် ခလရ(၂၀၈)တပ်ရင်းမှ လမ်းလုံခြုံရေးအဖွဲ့အား ကုလားမတောင်ကားလမ်းတွင် KNU မှ ပြောက်ကျားဝင်ရောက်ပစ်ခတ်ရာတွင် နအဖ ဘက်မှ(၁)ဦး ဒဏ်ရာရရှိသွားကြောင်းသတင်းရရှိသည်။

၎င်းနေ့တွင်ပင် မယ်သဝေးချောင်းအနီးတွင် KNUနှင့် DKBA တို့ရင်ဆိုင်တိုက်ပွဲထပ်မံဖြစ်ပွားခဲ့ရာ DKBA မှ (၁)ဦးသေဆုံးပြီး (၂)ဦးဒဏ်ရာရရှိသွားကြောင်း စုံစမ်းသိရှိရသည်။

၁၇၊ ၁၊ ၂၀၀၂ ရက်နေ့။

လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ သေရေဖိုးကွီးရွာအနီးတွင် KNU ရင်း(၂၁)မှ နအဖ တပ်မ(၂၂)လက်အောက်ခံ ခမရ(၂၀၆) အား ပြောက်ကျား(၂)ပွဲဝင်ပစ်ရာ နအဖမှ(၃)ဦး သေဆုံး၍(၄)ဦးဒဏ်ရာရရှိသွားကြောင်း သတင်းရရှိသည်။

၁၈၊ ၁၊ ၂၀၀၂ ရက်နေ့။

ညာမူလေးတောင် ခြေတွင် KNUနှင့် DKBA ရင်ဆိုင်တိုက်ပွဲ ဖြစ်ပွားရာ DKBA မှ (၁)ဦးဒဏ်ရာရရှိသွားပြီး KNU မှ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သတင်းရရှိသည်။

၁၉၊ ၁၊ ၂၀၀၂ ရက်နေ့။

မယ်သဝေးချောင်း အနီးတွင် KNU မှ DKBA ကို ခြုံခိုတိုက်ခိုက်ရာ DKBA မှ (၁)ဦး ဒဏ်ရာရရှိပြီး KNU မှ ထိခိုက်မှုမရှိကြောင်း သတင်းရရှိသည်။

KNU ရင်း(၁၀၁)အုပ်ချုပ်ရေးအဖွဲ့နှင့် DKBA ရင်း(၉၉၉)နှင့် ခမရ(၅၄၇)ပူးပေါင်းတပ်ဖွဲ့တို့ကို ကရင်နဘူးရွာအနီးတွင် ၁၉၊ ၁၊ ၂၀၀၂ ရက်နေ့(၀၉း၂၅) နာရီအချိန်တွင် ရင်ဆိုင်တိုက်ပွဲစတင်ဖြစ်ပွားခဲ့ရာ (၁၅း၃၀) နာရီအချိန်တွင် တိုက်ပွဲပြီးဆုံးသွားခဲ့သည်ဟု သတင်းရရှိသည်။ ၎င်းတိုက်ပွဲဖြစ်ပွားရာတွင် နအဖ တပ်ဖွဲ့မှ(၄)ဦးသေဆုံးသွားပြီး (၇)ဦး ဒဏ်ရာရရှိသွားကြောင်းနှင့် KNU ဘက်မှ ထိခိုက်မှုမရှိခဲ့ကြောင်း သတင်းရရှိပါသည်။

၁၉၊ ၁၊ ၂၀၀၂ ရက်နေ့တွင် တောအုပ်ရွာအနီးတွင် KNU နှင့် DKBA တပ်ဖွဲ့တို့ ရင်ဆိုင်တိုက်ပွဲဖြစ်ပွားရာ DKBA ဘက်မှ (၁)ဦး ဒဏ်ရာရရှိသွားကြောင်းသတင်းရရှိသည်။

၂၁၊ ၁၊ ၂၀၀၂ ရက်နေ့။

သဃ်န်းညီနောင် ရှမ်းရွာသစ်အနီးတွင် KNU ရင်း(၂၁)နှင့် နအဖလုံခြုံရေးအဖွဲ့များ ရင်ဆိုင်တိုက်ပွဲဖြစ်ပွားရာ နအဖဘက်မှ (၁)ဦး ဒဏ်ရာရရှိသွားကြောင်း သတင်းရရှိသည်။

၂၃၊ ၁၊ ၂၀၀၂ ရက်နေ့။

ညာလီတောင်ထိပ်တွင် KNU ရင်း(၂၁) မှ နအဖတပ်ဖွဲ့ကိုခြုံခိုတိုက်ခိုက်ရာ တိုက်ပွဲတပွဲဖြစ်ပွားခဲ့ကြောင်းသတင်းရရှိသည်။

၂၃၊ ၁၊ ၂၀၀၂ ရက်နေ့တွင်ပင် ညာလီတောင်ထိပ်၌ KNDO ရင်း(၅) ခွဲ(၃) နှင့် DKBA တပ်ဖွဲ့တို့ ထပ်မံရင်ဆိုင်တိုက်ပွဲဖြစ်ပွားရာ(၅)ဦးဒါဏ်ရာရရှိသွားကြောင်းနှင့် KNU ဘက်မှ တဦးမျှဒါဏ်ရာရရှိခြင်းမရှိကြောင်းသတင်းရရှိသည်။

၂၃၊ ၁၊ ၂၀၀၂ ရက်နေ့တွင် သရေဖိုးရွာအနီးရှိ နအဖ တပ်မ(၂၂)လက်အောက်ခံ ခမရ(၂၀၆)စခန်းကို KNU ရင်း(၂၁)မှ လက်နက်ကြီးဖြင့်နှစ်ချက်တိုက်ခိုက်ခဲ့ကြောင်း သတင်းရရှိသည်။ ထိခိုက်ကျဆုံးမှု ပျက်စီးဆုံးရှုံးမှုသတင်းကိုမူ အတိအကျမသိရှိရသေးကြောင်း သတင်းရရှိသည်။

၂၄ ၊ ၁၊ ၂၀၀၂ ရက်နေ့။

နံနက်(၁၁း၀၀)အချိန်တွင် DKBA မှထောင်ထားသော မိုင်းတလုံးနင်းမိခဲ့ရာမှ နအဖ တပ်မ(၂၂)နဗဟ(၂၂၂)လက်အောက်ခံ ခမရ(၂၁၀)မှ တပ်ရင်းမှူးနှင့်တပ်ကြပ်ကြီး တဦးတို့ခြေပြတ်သွားကြကြောင်း သတင်းရရှိသည်။

၂၅ ၊ ၁ ၊ ၂၀၀၂ ရက်နေ့။

မယ်လစခန်း သုညရွာအနီးတွင် DKBA မှထောင်ထားသောမိုင်းတလုံးကို နအဖမှ ရဲဘော်တဦးမိုင်းနင်းမိသဖြင့် ခြေပြတ်သွားကြောင်းသတင်းရရှိသည်။

၂၆ ၊ ၁ ၊ ၂၀၀၂ ရက်နေ့။

ညာပသေထရွာအနီးရှိ DKBA စခန်းကို KNU မှဝင်ရောက်ပြောက်ကျားပစ်ခတ်ခဲ့ရာ DKBA တဦးဒါဏ်ရာရရှိသွားကြောင်းသတင်းရရှိသည်။ ■

## ကူဝါးဂူဗုဒ္ဓဘုရားပွဲတော်၌ နအဖစစ်အုပ်စုမှ ရုံပုံငွေအတွက် ဘူးသီးကြော်ဆိုင်ဖွင့် ရခိုင်ပြည်နယ်ရှိဒေသခံပြည်သူများအား အတင်းအဓမ္မလက်မှတ်ဝယ်ယူခိုင်း

မြန်မာနိုင်ငံအနောက်ဖက်ခြမ်း ရခိုင်ပြည်နယ်မြို့တော်စစ်တွေမြို့အနီး ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား အဆိုပါဒေသအခြေစိုက် နအဖခြေလျင်တပ်ရင်း မိသားစုများဖွင့်လှစ်သည့် ဘူးသီးကြော်ဆိုင် ရံပုံငွေလက်မှတ်များ ရောင်းချခဲ့ကြောင်း Narinjara သတင်းဌာနအဆိုအရ သိရှိရသည်။

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ကူဝါးဂူ ဗုဒ္ဓဘုရားပွဲတော်ကို ၂၀၀၂ ခုနှစ် ဇန်နဝါရီလ (၂၈)ရက်နေ့ကစတင်ကျင်းပခဲ့သည်။ ဘုရားပွဲတော်မကျင်းပမီ ဇန်နဝါရီလ (၂၄)ရက်နေ့တွင် ခြေလျင်တပ်ရင်း အမှတ် (၅၅၀)သည် ရပ်ကွက်နှင့်ကျေးရွာ နအဖဥက္ကဋ္ဌများကို ခေါ်ယူပြီး မြို့နယ်အတွင်းနေထိုင်ကြသည့် ဒေသခံပြည်သူများအားလုံးအား ၁၀၀ ကျပ်တန်ရံပုံငွေလက်မှတ်များ ရောင်းချပေးရမည်ဟုပြောဆိုခဲ့ကြောင်းသိရှိရသည်။

အဆိုပါတွေ့ဆုံပွဲ၌ အနည်းဆုံး လက်မှတ် ခုနှစ်ထောင်ပြည့်အောင် ရောင်းချမပေးနိုင်သည့် ရပ်ကွက်နှင့်ကျေးရွာ နအဖဥက္ကဋ္ဌများကို အပြစ်ဒဏ်ခတ်မည်ဟုခြိမ်းခြောက်ခဲ့ကြောင်းလည်း သတင်းများရရှိသည်။ ထို့အပြင် ဒေသအတွင်းရှိ စီးပွားရေးသမားများနှင့် အသက်ငယ်ရွယ်သူ လူငယ်များအားလုံးလက်မှတ်ဝယ်ရမည်ဟု ပြောဆိုခဲ့သည်။ စီးပွားရေးသမားများအနေဖြင့် အနည်းဆုံးလက်မှတ်အစောင် (၂၀) မဝယ်ပါက ဘုရားပွဲတော်၌ ဆိုင်ခန်းဖွင့်ခွင့်မပေးခဲ့ကြောင်းသိရှိရသည်။ အသက်ငယ်ရွယ်သူ လူငယ်များအားလုံးသည်လည်း တဦးလျင် အနည်းဆုံးလက်မှတ်တစောင်ဝယ်ရမည် ဟု နအဖစစ်တပ်မှညွှန်ကြားခဲ့သည်။

ဘင်္ဂလားဒေ့(ရှ်)နိုင်ငံအခြေစိုက် Narinjara သတင်းဌာနအဆိုအရ နအဖ ခြေလျင်တပ်ရင်း အမှတ်(၅၅၀)သည်ဒေသခံ စီးပွားရေးသမားများနှင့် လူငယ်များအား ဘူးသီးကြော်လတ်မှတ်ရောင်းချခဲ့သဖြင့် မြန်မာကျပ်ငွေ (၈)သိန်းကျော်ရရှိခဲ့ကြောင်း သိရှိရသည်။ ထို့အပြင် ဘုရားပွဲတော်ကို ကြီးကြပ်သည့် နအဖစစ်ထောက်လှမ်းရေးအဖွဲ့သည်လည်း လာဘ်ငွေများရယူကာ ညအချိန်များ၌ တရားမဝင်လောင်းကစားဝိုင်းများပြုလုပ်ခွင့်ပြုခဲ့ကြောင်း ခိုင်လုံသည့် သတင်းရပ်ကွက်များအဆိုအရ သိရှိရသည်။ ကူဝါးဂူဗုဒ္ဓဘုရားပွဲတော်ကို နှစ်စဉ်နှစ်တိုင်း ပြာသိုလပြည့်နေ့တွင် စတင်ကျင်းပလေ့ရှိပြီး ရခိုင်ပြည်နယ်ရှိ ဒေသအသီးသီးမှ ပြည်သူပြည်သားများ လာရောက်ဆင်နွှဲလေ့ရှိကြကြောင်း သိရရှိရသည်။ ■

## နအဖတပ်သား(၂)ဦး လက်နက်များနှင့်အတူ ကေအဲန်ပီပီတပ်ဖွဲ့သို့လာရောက်ပူးပေါင်း

ကေအဲန်ပီပီတပ်ဖွဲ့သို့ နအဖ တပ်သား (၂)ဦး လက်နက်များနှင့်အတူ ဇန်နဝါရီလ (၂၇)ရက်နေ့ကလာရောက်ပူးပေါင်းခဲ့ကြောင်း သတင်းများ ရရှိပါသည်။

အဆိုပါ လာရောက်ပူးပေါင်းသူများမှာ တပ်သားလှရီနှင့် တပ်သားလင်းလင်း တို့ဖြစ်ကြပြီး ဇန်နဝါရီလ(၂၄)ရက်နေ့က ကယားပြည်နယ်အတွင်းရှိ သံလွင်မြစ်အရှေ့ဘက်နှင့် မေယုချောင်းတောင်ဘက်ခြမ်းတွင်အခြေစိုက်လှုပ်ရှားလျက်ရှိသော နအဖ ရှေ့တန်းအခြေစိုက် ခမရ(၃၃၇)မှထွက်ပြေးလာသူများဖြစ်ကြောင်း သိရှိရသည်။ ၎င်းတို့နှင့်အတူ G3 နှစ်လက်၊ G4 တလက် ၎င်းကျည်(၃၀၀)ကျော်နှင့် တရုတ် နိုင်ငံလုပ်လက်ပစ်ဗုံး(၂၀)လုံးတို့ဖြင့် လာရောက် ပူးပေါင်းခဲ့ကြကြောင်း သတင်းရရှိပါသည်။

၎င်းတို့လာရောက်ပူးပေါင်းရခြင်းအကြောင်းမှာ လုံလောက်သောဆေးဝါးကုသမှုမခံရခြင်း၊ စားနပ်ရိက္ခာလုံလောက်မှုမရှိခြင်း၊ လစာပြည့်ဝစွာမရရှိခြင်းနှင့်အထက်အောက်နိုင်ထက်စီးနင်းပြုမှုများကြောင့်ဟု သိရှိရသည်။

၎င်းတို့အဆိုအရ နအဖ တပ်တွင် တပ်ပြေးများ တနေ့တခြားများပြားလာနေကြောင်း သိရှိရသည်။ လာရောက်ပူးပေါင်းခဲ့ကြသူများကို ကေအဲန်ပီပီမှ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြကြောင်းသတင်းများရရှိပါသည်။ ■

## ၅၄နှစ်မြောက် လွတ်လပ်ရေးအောင်ပွဲနေ့အခမ်းအနား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံး၌ကျင်းပခဲ့သည့်မှတ်တမ်းဓါတ်ပုံများ



လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် အနုပညာရှင်များ ဖျော်ဖြေတင်ဆက်နေပုံ။





တက်ရောက်လာကြသည့် လူထုပရိသတ်များ၊ သံတမန်များကိုတွေ့ရစဉ်။

### နအဖစစ်အုပ်စုကကျင်းပသည့် (၅၅) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ သဝဏ်လွှာတင်ပေးပို့

ကျွန်ုပ်တို့တောင်ပေါ်မြေပြန့် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် နယ်ချဲ့ဗြိတိသျှတို့အား စည်းလုံးညီညွတ်စွာဆန့်ကျင်တော်လှန်ပြီး လွတ်လပ်ရေး၊ တန်းတူရေး၊ ဒီမိုကရေစီရေးစသည့်အခွင့်အရေးများရှိသည့် ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်ရေးတို့အတွက်လက်တွဲကြိုးပမ်းဆောင်ရွက်လာခဲ့သည်မှာ (၅၅)နှစ် ပြည့်မြောက်လာခဲ့ပြီဖြစ်ပါသည်။

ယနေ့ မျက်မှောက်ကာလ၌လည်း ကျွန်ုပ်တို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် နိုင်ငံတော်တပ်မတော်အစိုးရ၏ အမျိုးသားပြန်လည်သွေးစည်းညီညွတ်ရေးမူအရ ပြည်တွင်းငြိမ်းချမ်းရေး၊ တိုင်းရင်းသားလူမျိုးစုများအရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနိုင်ငံတော်အတွက် အခြေခံကောင်းများတည်ဆောက်ရေးစသည့် လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်နိုင်ရန် ဆက်လက်ကြိုးပမ်းလျက်ရှိပါသည်။

ယခုလိုမွန်မြတ်သော ပြည်ထောင်စုနေ့ နေ့ထူးနေ့မြတ်အခါသမယ၌ စည်းလုံးညီညွတ်သော၊ တန်းတူညီမျှသော၊ ဒီမိုကရေစီကျသော၊ ပိုမိုခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုနိုင်ငံတော်သစ်ဆီသို့ ချောမောလျင်မြန်စွာချီတက်နိုင်ရေးသည် တိုင်းရင်းသားပြည်သူတရပ်လုံး၊ နိုင်ငံတော်အစိုးရတရပ်လုံး၊ ပါတီအဖွဲ့အစည်းများတို့မှအင်အားစုတရပ်လုံးတို့၏ တာဝန် များဖြစ်သည်နှင့်အညီ ကျွန်ုပ်တို့အားလုံး၏ မူလရည်မှန်းချက်အတိုင်း ဥမကွဲသိုက်မပျက် လက်တွဲမဖြုတ်ဘဲ စည်းလုံးညီညွတ်စွာဖြင့် မဆုတ်မနစ်ဆက်လက်ချီတက်ကြပါရန် နှိုးဆော်တိုက်တွန်းအပ်ပါသည်။

သဝဏ်လွှာပေးပို့သော ငြိမ်းချမ်းရေးရယူထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ....

၁။ ကချင်လွတ်လပ်ရေးအဖွဲ့ (KIO)
၂။ ရှမ်းပြည်ငြိမ်းချမ်းရေးကောင်စီ (SSPC)
၃။ မွန်ပြည်သစ်ပါတီ (NMSP)
၄။ ကရင်နီလူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦး (KNPLF)
၅။ ရှမ်းပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (SNPLO)
၆။ ကယန်းပြည်သစ်ပါတီ (KNLP)
၇။ ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်မတော် (PSLA)

၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့။

## မြစ်ဆုံအရေးအခင်းနောက်ပိုင်း ဒီကေဘီအေ၏ဖမ်းဆီးခေါ်ဆောင်ခြင်းခံခဲ့ရသည့် ကရင်အမျိုးသားအစည်းအရုံးဘားအံခရိုင်ဥက္ကဋ္ဌပဒိုမန်းရင်စိန်တော်လှန်ရေးနယ်မြေသို့ပြန်လည်ရောက်ရှိ

မြစ်ဆုံအရေးအခင်းဖြစ်ပြီးရက်အနည်းငယ်အကြာ ၁၉၉၅ခုနှစ်၊ဖေဖော်ဝါရီလ (၉) ရက်နေ့တွင်ဒီကေဘီအေ၏ ဖမ်းဆီးခေါ်ဆောင်ခြင်းခံခဲ့ရသည့် ကရင်အမျိုးသားအစည်းအရုံးဗဟိုကော်မတီဝင် ဘားအံခရိုင်ဥက္ကဋ္ဌပဒိုမန်းရင်စိန်သည် နအဖစစ်အုပ်စု၏မတရားဖမ်းဆီးချုပ်နှောင်မှုမှ လွတ်မြောက်လာခဲ့ပြီး ၂၀၀၂ ခုနှစ် ဖေဖော်ဝါရီလ (၉)ရက်နေ့တွင် တော်လှန်ရေးနယ်မြေသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်းသတင်းများရရှိသည်။

ပဒိုမန်းရင်စိန်အား ကြိုဆိုဂုဏ်ပြုပွဲ အခမ်းအနားကို ၂၀၀၂ ခုနှစ် ဖေဖော်ဝါရီလ (၁၂)ရက်နေ့တွင် ထိုင်းမြန်မာနယ်စပ်တော်လှန်ရေးနယ်မြေတနေရာ၌ကျင်းပခဲ့ပြီးအဆိုပါအခမ်းအနား၌ကရင်အမျိုးသားအစည်းအရုံးလက်ရှိဘားအံခရိုင်ဥက္ကဋ္ဌ ပဒိုစောအာတိုး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ)ဥက္ကဋ္ဌ ဦးတင်အောင်၊ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု အထွေထွေအတွင်းရေးမှူး ဦးခိုင်စိုးနိုင်အောင်၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးအောင်မိုးဇော်၊ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းမှ ကိုမျိုးတို့မှ ပဒိုမန်းရင်စိန်အားဂုဏ်ပြုစကားများပြောကြားခဲ့ကြပြီး အဆိုပါအခမ်းအနားသို့ တော်လှန်ရေးအဖွဲ့အစည်းအသီးသီးမှရဲဘော်များ၊ သတင်းဌာနများမှ ပုဂ္ဂိုလ်များတက်ရောက်ခဲ့ကြကြောင်း သတင်းများရရှိသည်။

ဗုဒ္ဓဘာသာဘုန်းတော်ကြီးဦးမန်း ကရုဏာအဖြစ် တော်လှန်ရေးနယ်မြေသို့ပြန်လည်ရောက်ရှိခဲ့သည့် ပဒိုမန်းရင်စိန်သည် ဒီကေဘီအေအဖွဲ့ကိုဦးဆောင်ရန် စည်းရုံးမှုအမျိုးမျိုးကိုခံခဲ့ရသော်လည်း ကရင်အမျိုးသားအစည်းအရုံးအပေါ် သစ္စာစောင့်သိခဲ့သဖြင့် နအဖစစ်အုပ်စု၏ ဖမ်းဆီးမှုကိုခံခဲ့ရသည်။ နအဖစစ်အုပ်စုက ပဒိုမန်းရင်စိန်အားတော်လှန်ပုန်ကန်မှု၊ လူကိုယ်တိုင်ပါဝင်ပတ်သက်မှု၊ လက်နက်မှု၊ နိုင်ငံခိုးထွက်မှုစသည့်စွပ်စွဲချက်များဖြင့် ထောင်ဒဏ်အနှစ်(၂၀)ချမှတ်ခဲ့ပြီး မြင်းခြံထောင်၌ ဖမ်းဆီးခြင်းခံခဲ့ရကြောင်း သိရှိရသည်။

တရားရုံးတွင် အမှုရင်ဆိုင်နေရစဉ် ရှေ့နေငှားခွင့်တောင်းဆိုခဲ့သော်လည်း မရရှိခဲ့ပေ။ အဆိုပါကိစ္စနှင့်ပတ်သက်၍ "တရားရုံးမှာ ကျနော့်ကိုပြောရေးဆိုခွင့်ဆိုတာပေးထားတယ်။ ကျနော်ကလည်းမေးတယ်။ ကျနော်ကရှေ့နေငှားချင်တယ်လို့။ ကျနော့်ကိုတရားရုံးကဘာပြန်ပြောသလဲဆိုတော့ ခင်ဗျားအမှုကအမှုသေးပါပဲတဲ့၊ ရှေ့နေငှားစရာမလိုဘူးတဲ့၊ အမှုကြီးရင်တော့အစိုးရကရှေ့နေငှားပေးမှာပါတဲ့၊ ထောင်ထဲမှာအနှစ်(၂၀)နေရမှာကို အမှုသေးလို့ပြောတော့ ကျနော်စိတ်မကောင်းဖြစ်တာပေါ့"ဟု ပဒိုမန်းရင်စိန်က ပြန်ပြောပြခဲ့သည်။

မြင်းခြံထောင်၌ (၄)နှစ်ကျော်အကျဉ်းချခံရပြီးနောက် ဒီကေဘီအေအဖွဲ့ကိုဦးဆောင်ရန် ပဒိုမန်းရင်စိန်အားလိုအပ်သည် ဟူသည့် မြိုင်ကြီးငူဆရာတော်၏ ပေးစာကြောင့်



ဘားအံခရိုင်ဥက္ကဋ္ဌဟောင်း ပဒိုမန်းရင်စိန်

၁၉၉၉ ခုနှစ် နိုဝင်ဘာလ(၂၇)ရက်နေ့တွင် မြင်းခြံထောင်မှ လွတ်မြောက်လာခဲ့ကြောင်းသိရှိရသည်။ "သူတို့အဖွဲ့အစည်းထဲမှာပဲ ထိန်းဖို့ကွပ်ဖို့လူတွေအများကြီးလိုတယ်ဆိုပြီး မြိုင်ကြီးငူဆရာတော်ရဲ့စာနဲ့ခေါ်ထုတ်လာတာပဲ။ အဲဒီမှာကျနော့်ကိုတာဝန်ပေးတယ်။ ဒီလိုလုပ်၊ ဒီလိုသွား၊ ဒီလိုလာပေါ့။ အဲဒါ ကျနော်ကတော့ ဘုန်းကြီးဝတ်မယ်လို့ ရွေးချယ်လိုက်တယ်" ဟု ပဒိုမန်းရင်စိန်ကပြောပြခဲ့သည်။ ထောင်မှလွတ်မြောက်ပြီး သိပ်မကြာမီမှာပင် ဘုန်းကြီးဝတ်ခဲ့ကြောင်းသိရှိရသည်။

၁၉၉၂ ခုနှစ်မှစ၍ မြစ်ဖျားခံလာခဲ့သည့် ခရစ်ယာန်နှင့်ဗုဒ္ဓဘာသာပဋိပက္ခသည် ၁၉၉၄ ခုနှစ်သို့ရောက်သောအခါ အထွတ်အထိပ်သို့

စာမျက်နှာ(၁၀) ကော်လံ(၅)သို့

## မြန်မာနိုင်ငံအပေါ် အိုင်အယ်လ်အို၏ အရေးယူထားမှုများဆက်လက်ထားရှိရန် သင့်မသင့်ဆုံးဖြတ်နိုင်ရန်အတွက် အိုင်အယ်လ်အို ကိုယ်စားလှယ်အဖွဲ့ ရောက်ရှိနေပြီ

ပြီးခဲ့သည့်နှစ် နိုဝင်ဘာလက ချမှတ်ခဲ့သည့် ILO အုပ်ချုပ်ရေးအဖွဲ့၏ဆုံးဖြတ်ချက်အပေါ် မြန်မာစစ်အုပ်စု၏ တုန့်ပြန်ချက်များကိုသိရှိနိုင်ရန် အဖွဲ့ဝင်(၄)ဦးပါဝင်သည့် ILO ကိုယ်စားလှယ်အဖွဲ့တဖွဲ့ မြန်မာနိုင်ငံသို့ ဖေဖော်ဝါရီ (၁၉)ရက်နေ့ကရောက်ရှိလာကြောင်းသိရသည်။

နိုင်ငံတကာအလုပ်သမားအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏အကြံပေးအရာရှိတဦးခေါင်းဆောင်သည့် အဆိုပါကိုယ်စားလှယ်အဖွဲ့သည် ယမန်နှစ်စက်တင်ဘာလက မြန်မာနိုင်ငံနေရာဒေသအနှံ့အပြားသို့ သွားရောက်လေ့လာ စုံစမ်းခဲ့သည့် ကိုယ်စားလှယ်အဖွဲ့က ILO အုပ်ချုပ်ရေးအဖွဲ့ထံတင်သွင်းခဲ့သည့် အစီရင်ခံစာအရ ရောက်ရှိလာခဲ့သည့်အဖွဲ့ဖြစ်သည်။ ထိုအစီရင်ခံစာတွင် ဖော်ပြထားရာ၌ မြန်မာနိုင်ငံတွင် ပြည်သူလူထုအပေါ် မတရားခိုင်းစေမှုများ မပြုလုပ်ရန် စစ်အုပ်စုကဥပဒေသစ်တရပ်ထုတ်၍ ပိတ်ပင်တားမြစ်ခဲ့သော်လည်း နိုင်ငံနှင့်အဝှမ်းနေရာဒေသအနှံ့အပြား၌ အဓမ္မခိုင်းစေမှုများဆက်လက်ရှိနေသေးကြောင်း ဖော်ပြခဲ့သည်။ အစီရင်ခံစာအရ ILO အဖွဲ့အနေဖြင့် မြန်မာနိုင်ငံတွင် အမြဲတန်း ILO ရုံးခွဲတခုထားရှိ၍ ကိုယ်စားလှယ်တဦးထားရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့သော်လည်း မြန်မာစစ်အုပ်စုက ပယ်ချခဲ့သည်ဟုသိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ယခုရောက်ရှိနေသော ILO ကိုယ်စာလှယ်အဖွဲ့က ILO ဆုံးဖြတ်ချက်အပေါ် နအဖအနေဖြင့်မည်ကဲ့သို့ တုန့်ပြန်မည်ကိုသိရှိရန် အဓိကထားသွားမည်ဟုသိရှိရပြီး ထိုတုန့်ပြန်ချက်အရ မြန်မာနိုင်ငံအပေါ် ILO ၏ အရေးယူထားရှိမှုများကို ဖယ်ရှားရန် သင့်မသင့်လာမည့် ဇွန်လတွင် ကျင်းပမည့် ILO ညီလာခံ၌ အစီရင်ခံစာတင်သွင်းသွားမည်ဖြစ်ကြောင်း သိရှိရသည်။



# မြန်မာ့ဒီမိုကရေစီအရေးတော်ပုံစာမျက်နှာ

BINA
Burma Independent News Agency
မြန်မာနိုင်ငံ လွတ်လပ်သည့် သတင်း အေဂျင်စီ

မိုးကြိုး သတင်းစဉ် အမှတ် (၂၈)




ပင်လုံမြို့ စော်ဘွားများထမင်းစားပွဲတွင် မြွက်ကြားချက်

## လူမျိုးစုအရေးကြီးပုံ

လူမျိုးရေးအကြောင်းကိုပြောလိုပါတယ်။ လူမျိုးရေးဆိုတာမှာလည်း ရှေးခေတ်ကဟစ်အော်လာကြတဲ့ (အမျိုး၊ ဘာသာ၊သာသနာ၊ပညာ)ဆိုတဲ့စကားမျိုးကို လက်သုံးပြုလို့ မလုံလောက်တော့ဘူး။ အမျိုးဆိုရာမှာ ဘယ်လိုအမျိုးကိုတည်ရမလဲ။ ဗမာ၊ ကရင်၊ ကချင်၊ ချင်းနှင့် အခြားအမျိုးများလည်းရှိသေးတယ်။ တခြားနိုင်ငံများကို ကြည့်လိုက်လျှင် ဗမာပြည်မှာလို တိုင်းရင်းသားလူမျိုးအများရှိတာကို တွေ့နိုင်ပါတယ်။ တရုတ်ပြည်၊ ဂျပန်ပြည်နှင့် ရုရှားပြည်တို့မှာလည်း သည်အတိုင်းဘဲ။ အမေရိကန်ပြည်မှာလည်း၊ အင်္ဂလိပ်စကားကိုပြောကြသော်လည်း အင်္ဂလိပ်၊ အီတလီစတဲ့ လူအမျိုးမျိုးတို့ပူးပေါင်းပြီး၊ လူမျိုးတမျိုးဖြစ်အောင်ထူထောင်ပြီး၊ သူတို့ကိုယ်ကို အမေရိကန်လို့ ဆိုကြတာဘဲ။ အဲဒါကြောင့် လူမျိုးရေးအားဖြင့်ကြည့်လျှင် လူမျိုးတမျိုးတည်းကို လိပ်ခဲတင်းလင်းစွဲပြီး ယူဆလို့မဖြစ်နိုင်ဘူး။

## ဘာသာစကားကွဲပြားကြသော်လည်း

ဘာသာစကားပင်တူသော်လဲ၊ လူမျိုးခြားနားမှုလဲရှိပါတယ်။ ဘာသာပင်မတူသော်လဲ၊ လူမျိုးသီခြားဖြစ်နေတာလဲရှိပါတယ်။ ဘာသာပင်မတူသော်လဲလူမျိုးသီခြားဖြစ်နေတာလဲရှိပါတယ်။ ဥပမာ အမေရိကန်ကိုကြည့်လျှင် လူအမျိုးမျိုးဖြစ်သော်လဲ ဘာသာစကားတူပါတယ်။ ရုရှားပြည်မှာဆိုလျှင် ဘာသာစကား အမျိုးပေါင်းများစွာကွဲသော်လဲ လူမျိုးကတော့ တမျိုးတည်းဖြစ်ပါတယ်။

## ဘာသာကိုစွဲလမ်းကွဲပြားမှု

သာသနာဆိုတာကတော့ကိုယ်ကိုးကွယ်ချင်တဲ့ဘာသာ၊ သာသနာကို ကိုးကွယ်နိုင်ကြတာဘဲ။ ဗမာပြည်မှာ လူများစုက ဗုဒ္ဓဘာသာဖြစ်ပေမဲ့၊ ခရစ်ယန်ဘာသာကိုးကွယ်သူ၊ မဟာမေဒင်ဘာသာကိုးကွယ်သူ၊ နတ်ကိုးကွယ်သူ အမျိုးမျိုးရှိတာဘဲ၊ သည်တော့ ဒါတွေကိုစွဲပြီး လူမျိုးရေးတရားလုပ်လို့မဖြစ်နိုင်ဘူး။

## ညီညီညွတ်ညွတ်လုပ်ကြရန်

စစ်ကြီးအတွင်းက ကျနော်ဝန်ကြီးလုပ်တုန်းမှာ ကရင်အမျိုးသားတပ်ရင်းဖွဲ့စဉ်တုန်းက ထမင်းစားပွဲတခုမှာ ကရင်စစ်သားတဦးက လူမျိုးအချင်းချင်းညီညွတ်ဖို့ အကြောင်းပြောတဲ့အထဲမှာ (ဗမာကဖဲရိုက်၊ ကရင်ကငါးမျှား)ဆိုတာလို အတူတူပါဘဲလို့ ပြောတာကိုသတိရပါတယ်။ ကိုယ်ဒေသအလိုက် ကိုယ်ယုံကြည်တာကို ကိုယ်ကိုးကွယ်နေထိုင်ကြပြီး တတိုင်းပြည်လုံးနဲ့သက်ဆိုင်တဲ့ကိစ္စကြီးမှာ ညီညီညွတ်ညွတ်လုပ်ကြရင် ဒါဟာတမျိုးတည်းလို့ ယူဆကြရမယ်။

၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ည

# မိုးကြိုးဆရာအယ်ဒီတာသို့ (၁)

**တင်မိုး**

(၁)

မိုးကြိုးဆရာ အယ်ဒီတာဆိုတဲ့ ပုဂ္ဂိုလ်ကြီးငယ်တွေဟာကျွန်တော်တို့နဲ့စိတ်တူ ကိုယ်တူဝါသနာတူတွေချည်းပါပဲ။ မနိုင်ရင်ကာရင်းနှီးတဲ့သူတွေမို့ သူတို့ကလည်း မိုးကြိုးအတွက် လစဉ်ဆောင်းပါးပေးဖို့အမြဲတောင်းပါတယ်။

ကျွန်တော်ကလဲ စာများများရေးအားကောင်းသူမဟုတ်။ အထူးသဖြင့်စကားပြေကိုနိုင်နိုင်ရေးချင်တာ လက်ကယားယားနေပေမယ့် လက်ကမသွားလှ။ စိတ်ကအားမရ။ ဒါ့ကြောင့် မိုးကြိုးဆရာတို့တောင်းဆိုသံကိုမကြားချင်ဟန်ဆောင်နေရတယ်။ ရေးချင်စိတ်ကို တိတ်တိတ်မြိုသိပ်ပြီး ခပ်မဆိတ်နေရတယ်။

ကျွန်တော့်ဘဝရေးမိသမျှ ကဗျာတွေချည်းနှင်နှင်။ စိတ်ထဲကစကားပြေရေးလိုက်မဟဲ့လို့ အားခဲမိပါရဲ့။ လက်တွေ့စာရွက်ပေလွှာပေါ်မှာ ပေါ်လာတာကတော့ ကဗျာ။ ခုတော့ မိုးကြိုးဆရာတို့က မနေသာအောင်တောင်းဆိုလာတော့ မငြင်းသာမတင်းသာ သတင်းစာအတွက် ရေးမိရေးရာရေးလိုက်ရပါတယ်ခင်ဗျာ။

(၂)

လောကဆိုတာ စစ်မြေပြင်တမျိုး။ အမြဲ လိုလိုတိုက်ပွဲဝင်နေရတယ်။ တခုမဟုတ်တခုတိုက်ပွဲပြင်နေရတယ်။ မွေးကတည်းကစခဲ့တဲ့တိုက်ပွဲ။ သက်ခန္ဓာကြွေကာစမှ တိုက်ပွဲလဲရပ်ရတော့မှာပ။ ဘဝရှင်သန်ရေး၊ မိမိကိုယ်ကိုပျိုးထောင်ရေး၊ မိမိနေထိုင်ရာလူ့ဘောင်အတွက် တရားမျှတငြိမ်းချမ်းရေးစသဖြင့် အရေးမှန်သမျှရုန်းကန်တွန်းလှန်ပြီး တိုက်ပွဲတွေနွှဲရတာချည်းပါပဲ။

ဆင်နွှဲခဲ့ရတဲ့တိုက်ပွဲများစွာအနက် မိမိကိုယ်တွင်းက 'ငါစွဲ'ဆိုတဲ့ အတ္တနဲ့တိုက်ရတဲ့ပွဲက အခက်ခဲဆုံးလို့ထင်ပါတယ်။ ငါဆိုတဲ့ငါဟာနေရာတကာမှာလူစွာ။ လူတကာတွေရဲ့မျက်ခုံးမွေးပေါ်မှာ စကြိန်လျှောက်ချင်တဲ့သူ။ 'ငါ၊ သူတပါး၊ ယောကျ်ားမဟုတ်၊ မိန်းမမဟုတ်၊ နာမ်နဲ့ရုပ်ချည်းပါ'လို့ ဗုဒ္ဓနဲ့သံဃာတို့က တစာစာနှိပ်ကွပ်ထောင်းထုနေပေမယ့် အတင်းကုန်းထပြီး 'ငါကွ'လို့ လက်မထောင်ချင်တယ်။ ငါ့အိမ်၊ ငါ့ချောင်း၊ ငါ့ကျောင်း၊ ငါ့ကန်၊ ငါ့နိုင်ငံလို့ ငါသံပေးချင်တယ်။ ငါရေးကျယ်ချင်တယ်။ ငါကအပေါ်ကစီးပြီး ငါသာလျှင် 'ကြီး'ချင်တယ်။

(၃)

တကယ်တမ်းကျတော့ ရှာလယ်မှ စွာကျယ်စွာကျယ်လုပ်နေတဲ့ 'ငါ' ဆိုတဲ့ အကောင်ဟာဘာမှမဟုတ်။ အနုပ်စုတ်၊ ဂုတ်စုတ် မဟုတ်တရုတ်ကောင်ပါ။

ငါမှတပါး အခြားသူတွေကများ။ တခြားသူဆိုတဲ့ ခင်ဗျားတို့ကသန်းပေါင်းများစွာပါ။ သန်းများစွာထဲက ရမ်းကားလာတဲ့ ငါလို့ဆိုနိုင်ပါတယ်။

ငါဆိုတဲ့ကောင် ဦးချိုတထောင်ထောင်နဲ့ ရမ်းကားနေခြင်းဟာ ခင်ဗျားတို့ကအရေးပေးမိလို့ ရှေ့ရေးပန်းကန်တက်နေတဲ့အကောင်။ ခင်ဗျားတို့ကမြှောက်စားလို့ တောက်ကြွားနေတဲ့အကောင်။ ခင်ဗျားတို့က 'ငါကောင်းပြု' ပေးလို့ ငါမူတွေစုံ၊ ငါဂုဏ်တွေကြီးပြီး ငါသာလျှင်ထိပ်သီးလို့ထင်နေတဲ့အကောင်မျှသာ။

ကျွဲချိုဖျားပေါ်က နားလာတဲ့ ယင်တကောင်လို မိမိကိုယ်ကိုထင်ယောင်မြင်ယောင်ယောင်တလုံးနဲ့ ငါလုံးကြီးကြီး ငါထီးမားမား ငါတကားလို့ဝင့်ကြွားနေခြင်းသာဖြစ်ပါတယ်။ တကယ့်အစစ်အမှန်ကတော့ ငါတည်းဟူသော အလံတလူလူလွှင့်ထူရင်း အုတ်ဂူထဲရောက်ရမယ့်အစားပါပဲ။

ငါဆိုတဲ့အကောင်က ခင်ဗျားတို့ သျှောင်ပေါ်တက်ပြီး ငါမာန်တက်နေလိုက်ပုံများ ခက်ပဲခက်ရချည့်။

ငါကသခင်ဖြစ်၊ ခင်ဗျားတို့ သန်းပေါင်းများစွာကကျွန်ဖြစ်ပြီး နှံ့နစ်နေတာ အသည်းနာစရာ။ ခင်ဗျားတို့ကပေးတဲ့ ကောင်းချီးလက်ခုပ်သံကြောင့် ဟန်ဟန်ပန်ပန်လူတလုံးသူတလုံးဖြစ်နေပါလျက် ခင်ဗျားတို့ရဲ့ကျေးဇူးကိုမသိ။ အသိဉာဏ်နတ္တိနဲ့ ငါသိ၊ ငါတတ် ငါသာမြတ်လုပ်နေတဲ့ 'ငါ'အကြောင်းခင်ဗျားတို့စဉ်းစားဖို့မကောင်းလား။

(၄)

ကျွန်တော်ကတော့ ငါဆိုတဲ့ငါနဲ့ ခင်ဗျားတို့အများစုအကြောင်း မစဉ်းစားဘဲ မနေနိုင်လို့ စဉ်းစားတွေးတောမိပါတယ်။ ငါဆိုတဲ့ အတ္တသမားထက် ခင်ဗျားတို့တတွေကို အလေးထားမိပါတယ်။ ဒါ့ကြောင့် "ခင်ဗျားတို့ကအဓိက" ဆိုတဲ့ကဗျာတပုဒ်ဖွဲ့မိပါတယ်။ ဖတ်ကြည့်ပါအုံး။

### "ခင်ဗျားတို့က အဓိက"

ငါဆိုသည်မှာ<br>
ဘာမှမဟုတ်။<br>
အလွန်တရာ သေးနုပ်သိမ်မွှားတဲ့<br>
စပါးတလုံး၊ နှမ်းတစေ့၊ သဲတပွင့်မျှသာ။

သူတကာတွေကခြီးမြှောက်မှ<br>
အတ္တကြီးမြောက်၊ မီးတောက်တခုပမာ<br>
ငါ ဟုဖြစ်လာ၊ ငါ တနေရာ။

ခင်ဗျားတို့လက်ခုပ်ကြောင့်<br>
စက်ရုပ်မျှသာ၊ ဖြစ်တဲ့ငါဟာ<br>
မဟာကြီးကျယ်၊ ငါနယ်ကြီးမား<br>
ငါကားသမုတ်၊ အကျွန်ုပ်ရယ်လို့<br>
ဟုတ်ဟုတ်ငြားငြား ဖြစ်ပေါ်လာ။

ငါတကောင်ထဲ<br>
အောင်ပွဲမရှိ။<br>
ငါတလုံးထဲ<br>
ရှုံးပွဲလဲမရှိ။<br>
ခင်ဗျားတို့ပါမှ၊ ငါဟာကြီးကျယ်<br>
အဓိပ္ပာယ်ကျယ်ဝန်း၊ ဖြစ်ထွန်းပေါ်ပေါက်<br>
အရေးရောက်လာ။

ခင်ဗျားတို့က ငါကောင်းပြုပေးလို့<br>
အရေးပါ အရာဝင်<br>
သွေးနားထင်ရောက်နေပေမယ့်<br>
ခွေးဝင်ပေါက်ကလာသူမှန်း အသိပါ။

ခင်ဗျားတို့က ရှုတ်ချပြီး<br>
ဂုဏ်ဟူသမျှရုပ်လိုက်လျှင်<br>
ဖြုတ်ခနဲကြွေတဲ့<br>
ဖုတ်တချွေဖြစ်မှာ အသေအချာ။

ခင်ဗျားတို့မြှောက်မြှင့်ထောက်ပင့်လို့<br>
ငါနှင့်ငါသာ နှိုင်းစရာလို့<br>
အရိုင်းသတ္တဝါကြီးဖြစ်ရတာ။

'ငါ'သွေးကို ဖောက်ထုတ်ဖို့<br>
ခင်ဗျားတို့ နောက်ဆုတ်လိုက်ပါ။

ခင်ဗျားတို့က အရေးအကြီးဆုံးမို့<br>
တသွေးထဲစည်းလုံးညီညွတ်ပြီး<br>
ငါစွဲကျွတ်အောင် ချွတ်ကြပါ။

ငါသောင်းကျန်းခဲ့လို့<br>
ကောင်းခန်းတွေပျောက်၊<br>
လူ့စည်းစိမ်ခြောက်ပြီး<br>
ငါမီးတောက် ငါ့အာဏာ<br>
ငါထင်ရာ ငါဖန်တီး<br>
ကမ္ဘာကြီး ပျက်စီးမှာ။

ငါကိုဖမ်းချုပ်၊ ကြိုးနဲ့တုပ်ဖို့<br>
ခင်ဗျားတို့လုပ်ကြပါ။

ငါက အနည်းသမား၊ ခင်ဗျားတို့က<br>
အများ<br>
အများက ကိုင်မှ<br>
တရားက နိုင်မှာ။

'ငါ'ဆိုတာက သာမည<br>
ခင်ဗျားတို့က အဓိကပါ။

ခင်ဗျားတို့ ဖန်တီးတဲ့<br>
ခင်ဗျားတို့ ကမ္ဘာကြီးမှာ<br>
ငါမီးကိုနိုင်အောင် ငြိမ်းပြီး<br>
ကိုယ့်ဇာတ်ကိုယ် ပိုင်ပိုင်သိမ်းတော့ဗျာ။

(၄/၁၂/၂၀၀၁)

'ငါတလုံးနယ်၊ အနှုန်းကျယ်'လို့ဆိုခဲ့တဲ့ လယ်တီဆရာတော်ရဲ့စကားကို သဲလွန်စပြုပြီး အတွေးဖြန့်လိုက်မိတဲ့ ကဗျာပါ။



မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှထုတ်ဝေသည်

BINA
Burma Independent News Agency
မြန်မာနိုင်ငံ လွတ်လပ်သည့် သတင်း အေဂျင်စီ

# မြန်မာ့ဒီမိုကရေစီအရေးတော်ပုံစာမျက်နှာ

မိုးကြိုး သတင်းစဉ် အမှတ် (၂၈)

# စားပွဲဝိုင်းသို့ မျှော်ကြည့်ခြင်း (၄)

## သို့မဟုတ်

## စစ်အုပ်စုဘာလဲ… ဘယ်လဲ။

ရဲနည်

မြန်မာနိုင်ငံဆင်းရဲဒုက္ခတွင်းထဲက ရုန်းထွက်နိုင်ဖို့၊ ဒီမိုကရေစီရေး အပြောင်းအလဲတွေ လုပ်ဖို့ အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဆုံဆွေးနွေးရေး စားပွဲဝိုင်း အမှန်တကယ် အကောင်အထည် ဖော်ဖို့ စစ်အစိုးရအနေနဲ့ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသား အားလုံးကို ခြွင်းချက်မရှိလွှတ်ပေး ရမှာဖြစ်ပါတယ်။

မြန်မာစစ်အုပ်စုအနေနဲ့ အတိုက်အခံ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ ဒိုင်ယာလော့ဂ်ဆွေးနွေးရေး စားပွဲဝိုင်းဆီတက်မတက်ဆိုပြီး စိတ်ဝင်တစားအာရုံစိုက်မေးမြန်းဖိအားပေးမှုတွေ မြင့်တက်လာနေတာကို ရင်ဆိုင်နေရပါပြီ။

မကြာသေးမီက အမေရိကန်ကွန်ဂရက်မှာတင်သွင်းတဲ့အစီရင်ခံစာမှာ အခုချိန်ဟာ ယုံကြည်မှုတည်ဆောက်ရေးကာလကနေ မြန်မာပြည်ဒီမိုကရေစီနဲ့ ဖယ်ဒရယ်အုပ်ချုပ်ရေး ပြန်ထူထောင်ဖို့ရည်မှန်းပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ စစ်မှန်တဲ့နိုင်ငံရေးစကားဝိုင်းဆီ တက်လှမ်းဖို့အချိန်ဖြစ်တယ်လို့ ဖော်ပြခဲ့ပါတယ်။

ဒီဒိုင်ယာလော့ဂ် စကားဝိုင်းဖြစ်မြောက်ရေးကြားဝင်စေ့စပ်ပေးနေတဲ့ ကုလသမဂ္ဂကိုယ်စားလှယ် မစ္စတာရာဇာလီအစ္စမေးလ် တယောက်တည်း တိုးတက်မှုကင်းမဲ့ခြင်းအပေါ် စိတ်မရှည်မှု စတင်ဖြစ်ပေါ်လာပုံပါပဲ။ မကြာသေးမီက မလေးရှားနိုင်ငံကွာလာလမ်ပူမှာ "ရွှေ့ရှားမှုတော့ရှိနေပါတယ်။ ဒါပေမယ့် စကားဝိုင်းကသိပ်မမြန်ဘူး။ တကယ်တော့ မြန်မြန်ဖြစ်သင့်ပါပြီ"လို့ ရာဇာလီပြောပါတယ်။

ဒါတွေဟာ နိုင်ငံတကာမိသားစုအနေနဲ့ မြန်မာစစ်ဗိုလ်ချုပ်ကြီးတွေရဲ့ လေးကန်ဖင့်နွှေးနေမှု၊ စစ်မှန်တဲ့နိုင်ငံရေး အပြောင်းအလဲအတွက်စကားပြောဆိုဖို့ တကယ်မပြင်ဆင်မှုတွေအပေါ် စိုးရိမ်တကြီးဖြစ်နေတယ်ဆိုတာ ရောင်ပြန်ဟပ်ခြင်းပါ။ လွန်ခဲ့တဲ့ (၁၂)လကျော် စကားဝိုင်းလျှို့ဝှက်စွာ စတင်ကတည်းက နိုင်ငံရေးအကျဉ်းသား(၂၀၀)ကျော် လွှတ်ခဲ့တယ်။ NLD ပါတီရဲ့ ရန်ကုန်မြို့တွင်းက ရုံးခန်းတွေပြန်ဖွင့်ခွင့်ရတယ်။ အတိုက်အခံတွေကို နင်ပဲငဆ မီဒီယာတွေထဲကပြောတာတွေ ရပ်ပစ်လိုက်ပါတယ်။

ဒါပေမယ့် ဒီထက်မက မျှော်လင့်ခဲ့ကြတာပါ။ လူ့အခွင့်အရေးအဖွဲ့တွေက နိုင်ငံရေးအကျဉ်းသားနှစ်ထောင်လောက် ထောင်ထဲမှာရှိနေဆဲဖြစ်ကြောင်း တွက်ချက်ပြောဆိုကြပါတယ်။ အဲဒီအထဲကအများအပြားဟာ လွန်ခဲ့တဲ့(၃)လကျော် ရာဇာလီရဲ့နောက်ဆုံးခရီးစဉ်မှာတိုက်တွန်းခဲ့သလို နိုင်ငံတဝှမ်းလွတ်ငြိမ်းချမ်းသာခွင့်ပေးရင် ပြန်လွတ်လာကြမယ်လို့ မျှော်လင့်တောင့်တသူများ ဖြစ်ပါတယ်။

ရန်ကုန်ရှိ အကြီးတန်းအနောက်တိုင်းသံတမန်တဦးက အခုလိုပြောပါတယ်။

"ဗိုလ်ချုပ်ကြီးသန်းရွှေအနေနဲ့ ဒါကို ပယ်ဖျက်ခဲ့ပုံရပါတယ်။ ဒ့ါအပြင် ဒီကိစ္စဟာ ဒေါ်အောင်ဆန်းစုကြည်ဘက်က တင်လာတဲ့ကိစ္စ။ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ကတော့ နောက်အဆင့် တဆင့်ကိုတက်ဖို့အတွက် စကားဝိုင်းဆွေးနွေးပွဲတွေမစခင် နိုင်ငံရေးအကျဉ်းသားတွေလွှတ်ဖို့ အတိအကျလိုအပ်တာ ဖြစ်ပါတယ်။"

မစ္စတာရာဇာလီရဲ့ မြန်မာပြည်နောက်ဆုံးခရီးစဉ်နောက်ပိုင်း မြန်မာပြည်နိုင်ငံရေးအကွေ့အပြောင်း ဖြစ်တော့မယ်ဆိုပြီး မျှော်လင့်တာတွေများလာပါတယ်။ သံတမန်တွေကတောင် နိုင်ငံရေးအကျဉ်းသားတွေ အထူးသဖြင့်ထိန်းသိမ်းခံထားရတဲ့ လွှတ်တော်အမတ်တွေနဲ့ဒေါ်အောင်ဆန်းစုကြည် မကြာခင်လွတ်မြောက်လာမယ်လို့ ယုံကြည်ခဲ့ကြပါတယ်။

မစ္စတာရာဇာလီကတော့ တွေ့ဆုံဆွေးနွေးရေးလုပ်ငန်းစဉ်ဟာ ခက်ခဲမှာဖြစ်ပြီး အပြောင်းအလဲကြီးကြီးမားမား ဖြစ်လာမယ်လို့မျှော်လင့်မထားဖို့ အစပိုင်းမှာပြောခဲ့ပါတယ်။ ဒီကိစ္စဟာ ဖြည်းဖြည်းချင်းလုပ်ယူမှရမှာလို့လည်းပြောခဲ့ပါတယ်။ ဒါပေမယ့် မစ္စတာရာဇာလီကိုယ်၌က အခုတိုးတက်ဖြစ်ထွန်းမှုမရှိလို့ စိတ်မရှည်ချင်သလိုဖြစ်လာပါပြီ။ သူ့ရဲ့ဆွေးနွေးရေးလုပ်ငန်းစဉ်ကို ရှေ့ဆက်အကောင်အထည်ဖော်ဖို့ အချိန် (၅)ပတ်ရှိလိမ့်မယ်လို့ ပြောသွားပါတယ်။

မစ္စတာရာဇာလီနဲ့ နီးစပ်တဲ့သူတဦးက အခုလိုပြောပါတယ်။

"ကုလသမဂ္ဂကိုယ်စားလှယ်တော်ဟာ မြန်မာစစ်အစိုးရအနေနဲ့ ပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်မှာ ယုံကြည်မှုအပြန်အလှန်တည်ဆောက်မှုကနေ တကယ့်အရေးကြီးတဲ့ တွေ့ဆုံဆွေးနွေးရေးစားပွဲဝိုင်းဆီ တက်လှမ်းနိုင်မှာဖြစ်တယ်လို့ နောက်ဆုံးခရီးစဉ်မှာ သံသယမရှိမျှော်လင့်ခဲ့တာပါ။ ဘယ်အဆင့်ကို တက်ဖို့လိုနေတယ်ဆိုတာ လူတိုင်းသိနေပါတယ်။ အခုအလှည့်ကျတာက ရန်ကုန်က စစ်ဗိုလ်ချုပ်တွေပါ။"

လိုအပ်နေတဲ့အဆင့်တွေက နိုင်ငံရေးအကျဉ်းသားများ အများအပြားလွှတ်ပေး၊ အထူးသဖြင့်လွှတ်တော်အမတ်တွေကိုလွှတ်ပေးပြီးအတိုက်အခံခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကိုတင်းကြပ်ထားတာတွေ ရုတ်သိမ်းရမှာဖြစ်ပါတယ်။ ဒီအချက်တွေဟာ လွန်ခဲ့တဲ့အပတ်တွေက ဒေါ်အောင်ဆန်းစုကြည်နဲ့ဗိုလ်ချုပ်ကြီးသန်းရွှေတို့တွေ့တုန်းမှာ ဆွေးနွေးဖြစ်ခဲ့ကြတယ်လို့ ရန်ကုန်သံတမန်အသိုင်းအဝိုင်းက ပြောဆိုပါတယ်။

စစ်အုပ်စုကတော့ ကြာမြင့်စွာကတည်းက လူအများမျှော်လင့်ထားသလို့ ဘာတခုမှ မလုပ်ခဲ့ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ရန်ကုန်သံတမန်အသိုင်းအဝိုင်းက အခုလိုအကောင်းမြင်ပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်က ဆွေးနွေးဝိုင်းမှာ အထက်စီးရထားတယ်။"

မြန်မာပြည်ဆိုင်ရာ လူ့ခွင့်အရေးကုလသမဂ္ဂကိုယ်စားလှယ် မစ္စတာပေါလိုပင်နဲရိုးတယောက်လည်း မြန်မာပြည်ကိုတတိယအကြိမ်ရောက်ခဲ့ပြန်ပါပြီ။ လွန်ခဲ့တဲ့ခြောက်လက ကျန်းမာရေးမကောင်းလို့ ရုတ်တရက်ပြန်ထွက်ရာမှာ မပြီးဆုံးသေးတဲ့အချက်အလက်ရှာဖွေရေးကို ဆက်လက်လုပ်ဆောင်ဖို့ ဖြစ်ပါတယ်။

သူဟာ နိုင်ငံရေးအကျဉ်းသားများကိစ္စကို အတိအကျအာရုံစိုက်မှာဖြစ်ပါတယ်။ ကုလသမဂ္ဂကိုယ်စားလှယ်အနေနဲ့ နိုင်ငံရေးအကျဉ်းသားအများအပြားကို လွှတ်ငြိမ်းချမ်းသာခွင့်ပေးဖို့ စစ်အစိုးရကိုတိုက်တွန်းမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ထိန်းသိမ်းထားတဲ့လွှတ်တော်အမတ်(၁၇)ဦးကို ဖြစ်နိုင်ရင် အမြန်ဆုံးလွှတ်ပေးဖို့၊ ဒေါ်အောင်ဆန်းစုကြည်ကိုအိမ်အကျယ်ချုပ်ကနေ ချက်ချင်းလွှတ်ပေးဖို့သာ သေသေချာချာတိုက်တွန်းနိုင်တာပါ။

ကုလသမဂ္ဂအသိုင်းအဝိုင်းတွေအဆိုအရ မစ္စတာပီနဲရိုးဟာ မြန်မာပြည်ဒီမိုကရေစီအပြောင်းအလဲအတွက် နိုင်ငံတကာမိသားစုရဲ့ ကြိုးပမ်းမှုတစိတ်တဒေသအဖြစ် နိုင်ငံရေးအကျဉ်းသားများကိစ္စပါဝင်တယ်လို့ စစ်အုပ်စုကိုပြောကြားမှာဖြစ်ကြောင်း သိရပါတယ်။

မစ္စတာပီနဲရိုးနဲ့ မစ္စတာရာဇာလီတို့ဟာ နီးနီးကပ်ကပ်အတူတကွ အလုပ်လုပ်နေကြတာပါ။ သူ့တို့ဟာ သူတို့ရဲ့ကြိုးပမ်းချက်တွေအပေါ် အပြန်အလှန်ဖလှယ်ကြပါတယ်။

ရန်ကုန်ထွက်တဲ့ခရီးမှာ မစ္စတာပီနဲရိုးဟာကွာလာလမ်ပူကိုဝင်ပြီး မစ္စတာရာဇာလီနဲ့အချိန်တော်တော်ကြာတွေ့ခဲ့ပါတယ်။ သူတို့ရဲ့ ဘုံရည်မှန်းချက်တွေအတွက် ဆွေးနွေးတိုင်ပင်ကြပါတယ်။ မြန်မာစစ်အုပ်စုဟာ သူတို့နှစ်ယောက်ကြားခလောက်ဆံဖို့ ကြိုးစားကောင်းကြိုးစားမယ်ဆိုတဲ့ စိုးရိမ်ချက်တွေရှိခဲ့ပါတယ်။ ကုလသမဂ္ဂအနေနဲ့ကတော့ ဒါဟာ ကိစ္စမဟုတ်ဘူးဆိုတာသေချာစေဖို့ စိတ်စောနေပါတယ်။ ကုလသမဂ္ဂရဲ့ ကိုယ်စားလှယ်နှစ်ဦးလုံးဟာ အရပ်ဘက်ကအဖွဲ့အစည်းတွေအင်အားတောင့်တင်းလာစေဖို့နဲ့ အပြုသဘောဆောင်တဲ့ စကားဝိုင်းကနေ ဒီမိုကရေစီရေးပြုပြင်ပြောင်းလဲမှုလုပ်ကြဖို့၊ ဒါတွေကို တိုက်တွန်းအားပေးဖို့ ဆန္ဒပြင်းပြနေကြပါတယ်။

မစ္စတာရာဇာလီအနေနဲ့ လူသားချင်းစာနာမှုအထောက်အပံ့ကိစ္စကို တိုက်တွန်းအားပေးမှုလုပ်ငန်းစဉ်ရဲ့ အဓိကအစိတ်အပိုင်းအဖြစ်ရှုမြင်ဆဲပါပဲ။ ဩစတြေးလျနဲ့ဂျပန်တို့က သူတို့ရဲ့အစီအစဉ်တွေနဲ့ သူတို့ငွေကြေးအထောက်အပံ့တွေ ပို့ပေးခဲ့ကြပါတယ်။ ဥရောပသမဂ္ဂအနေနဲ့လည်း တကယ်လို့စကားဝိုင်းကနေ နိုင်ငံရေးတိုးတက်မှု ကြီးကြီးမားမားရလဒ်ဖြစ်လာခဲ့ရင် လူမှုအထောက်အပံ့တွေပြန်ပေးဖို့ ဆန္ဒရှိကြောင်းအချက်ပြခဲ့ပါတယ်။ အမေရိကန်အစိုးရရဲ့ မြန်မာပြည်အရေးနောက်ဆုံးတင်သွင်းတဲ့အစီရင်ခံစာမှာလည်း ဒီလိုအလားတူမက်လုံးတွေကို ကမ်းလှမ်းထားပါတယ်။

အမည်မဖော်လိုတဲ့ အမေရိကန်အစိုးရတာဝန်ခံတဦးက အခုလိုပြောပါတယ်။

"ဒီတွေ့ဆုံဆွေးနွေးရေး စကားဝိုင်းကနေ လက်ဆုပ်လက်ကိုင်ပြနိုင်တဲ့ရလဒ်တွေ ထွက်ပေါ်လာရင် ကျနော်တို့အမေရိကန်တွေ ပိတ်ဆို့အရေးယူမှုကို လျှော့ချပစ်ဖို့ဆန္ဒရှိနေပါတယ်။"

ရန်ကုန်က သတင်းစာဆရာတဦးကတော့ စိတ်ဝင်စားဖို့ကောင်းလောက်အောင် မြန်မာစစ်အစိုးရ နှုတ်ဆိတ်နေတယ်လို့ဆိုပါတယ်။

"အပေါ်ယံငြိမ်သက်နေပေမယ့် မျက်နှာပြင်အောက်မှာတခုခုဖြစ်ကောင်း ဖြစ်နေနိုင်ပါတယ်။ ဒါကိုနောက်ပိုင်းမှာ ကျနော်တို့တွေ့လာရမှာပါ။

မကြာခင်တစုံတရာ အပြောင်းအလဲကြီးကြီးမားမားဖြစ်လာနိုင်တယ်ဆိုတဲ့ ခံစားမျှော်လင့်မှုတွေ ရန်ကုန်ကသံတမန်တွေနဲ့ ကုလသမဂ္ဂအရာရှိတွေကြားမှာ ကြီးထွားလာနေတာသိပ်သေချာလွန်းနေပါတယ်။ အဲဒီအချိန်ဟာ ဒေါ်အောင်ဆန်းစုကြည်အကျယ်ချုပ်ကလွတ်မြောက်တဲ့ရက်ဖြစ်မယ်လို့ တွက်ဆနေကြပါတယ်။"

နိဂုံးချုပ်ရရင် မြန်မာနိုင်ငံဆင်းရဲဒုက္ခတွင်းထဲက ရုန်းထွက်နိုင်ဖို့၊ ဒီမိုကရေစီရေး အပြောင်းအလဲတွေလုပ်ဖို့ အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဆွေးနွေးရေး စားပွဲဝိုင်း အမှန်တကယ်အကောင်အထည်ဖော်ဖို့ စစ်အစိုးရအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိလွှတ်ပေးရမှာဖြစ်ပါတယ်။ ဒါကိုရှောင်လွှဲနေလို့တော့မရပါဘူး။ ဆိုတော့ စစ်အုပ်စုဘာလဲ၊ ဘယ်လိုလဲလို့ပဲ မေးရပါတော့မယ်။

ရည်ညွှန်း။ ။

Larry Jagan . UN starts to sose prtience with slow-moving junta ဆောင်းပါးကို ဘာသာပြန်ဆိုပါသည်။

# မြန်မာ့ဒီမိုကရေစီအရေးတော်ပုံစာမျက်နှာ

BINA
Burma Independent News Agency
မြန်မာနိုင်ငံ လွတ်လပ်သည့် သတင်းအေဂျင်စီ

မိုးကြိုး သတင်းစဉ် အမှတ် (၂၈)


## ၂၀၀၂ ခုနှစ်တွင် ကျရောက်သော (၅၅)မြောက် ပြည်ထောင်စုနေ့တွင် ထုတ်ပြန်သော ယနေ့မြန်မာ့နိုင်ငံရေးအခြေအနေနှင့် ဆက်လက် ဆောက်ရွက်သင့်သည်ဟု ခံယူသောကျွန်ုပ်တို့၏သဘောထား

၁။ ၂၀၀၂ခုနှစ်ဖေဖေါ်ဝါရီလ (၁၂) ရက်နေ့သည်(၅၅)နှစ်မြောက်ဟူသော ဂုဏ်ထူးဝိသေသနှင့်ပြည့်စုံသော ပြည်ထောင်စုနေ့ ဖြစ်ပါသည်။ လွန်ခဲ့သော(၅၅)နှစ်ကအမျိုးသား ခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်ကြီးများ က သဘောထားကြီးစွာဖြင့်တည်ဆောက်နိုင်ခဲ့သော "ပြည်ထောင်စုမြန်မာနိုင်ငံတော်"၏ လွတ်လပ်ရေးသက်တမ်းသည်လည်း (၅၄)နှစ် ကျော်ခဲ့ပြီဖြစ်ပါသည်။

၂။ လွတ်လပ်ရေးရပြီး(၁၄)နှစ်ကျော်ကာလကလေးတွင် ပြည်ထောင်စုမပြိုကွဲရေးဟူသောအကြောင်းပြချက်ဖြင့် တပ်မတော်မှ အာဏာသိမ်းခဲ့ပြီး မြန်မာ့ဆိုရှယ်လစ်စနစ်ကို တပါတီ တည်းကဦးဆောင်စနစ်ဖြင့်တည်ဆောက်ခဲ့ပါသည်။ ထိုစဉ်ကဖွဲ့စည်းထားသော ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့်ချင်းဝိသေသတိုင်းတို့ရရှိခဲ့သော လုပ်ပိုင်ခွင့်များနှင့် ရှိသမျှသောပြည်ထောင်စု လက္ခဏာများပျောက်ကွယ်ခဲ့ရသည်မှာ ယနေ့တိုင်အောင်ဖြစ်ပါသည်။

၃။ ကမ္ဘာ့သမိုင်းတွင် ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းထူထောင်ထားသောနိုင်ငံများအနက် အမေရိကန်ပြည်ထောင်စုသမ္မတ နိုင်ငံဆိုလျှင်လွန်ခဲ့သောနှစ်ပေါင်း (၂၀၀)ကျော်က (၁၃)ပြည်နယ်ဖြင့်ဖွဲ့စည်းထူထောင်ခဲ့ပြီး ယနေ့ဆိုလျှင်ပြည်နယ်ပေါင်း (၅၀)အထိ တိုးပွားလာသည်ကို တွေ့မြင်နိုင်မည်ဖြစ်ပါသည်။ ထို့ပြင်ပြည်ထောင်စုမူဖြင့်ဖွဲ့စည်းထားသော ဒီမိုကရေစီနိုင်ငံများဖြစ်ကြသည့် ကနေဒါ၊ ဩစတေးလျ၊ ဆွိဇာလန် စသော နိုင်ငံများတွင် ပြည်ထောင်စုပြိုကွဲရေးဟူသောအန္တရယ်မကျရောက်ခဲ့သည်ကို တွေ့မြင်နိုင်ပါ သည်။ တပါတီစနစ်ဖြင့်ချုပ်ကိုင်ထား သောဆိုဗီယက်ပြည်ထောင်စုနှင့် ယူကိုဆလားဗီးယားတို့သာလျှင်ပြိုကွဲသွားသည်ကိုသင်ခန်းစာ ယူသင့်ပါသည်။ တပါတီစနစ်အရှေ့ဂျာမဏီသည် ယခုအခါ ဖက်ဒရယ်ဂျာမဏီပြည်ထောင်စုနှင့်လာရောက်ပူးပေါင်းသည်ကိုလည်း မမေ့ အပ်ပေ။

၄။ ထို့ကြောင့်ပြည်ထောင်စုမပြိုကွဲရေး အတွက်တပ်မတော်အင်အားဖြင့် ထိန်းသိမ်းထားသည်ထက် စစ်မှန်သောပြည်ထောင်စုမူကို ကျင့်သုံးရေးသည်သာ ပြည်ထောင်စုမပြိုကွဲရေးအတွက် အဓိကဖြစ်ကြောင်း ကျွန်ုပ်တို့ရိုးသားစွာယုံကြည်ကြပါသည်။ ပြည်ထောင်စုမူဖြင့် ပြည်ထောင်စု တခုမတည်ဆောက်ရသေးဘဲ ပြည်ထောင်စုမပြိုကွဲရေးဟု ကြွေးကြော်နေမည့်အစား စစ်မှန်သော ပြည်ထောင်စု တည်ဆောက်ရေးအတွက်ကိုယ်သာ ရှေ့ရှုဆောင်ရွက်သင့်ပါသည်။

၅။ ယနေ့ ကျွန်ုပ်တို့နိုင်ငံတော်သည် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊လူမှုရေးအကြပ်အတည်းများကိုရင်ဆိုင်နေရ ပြီး အမျိုးသားသွေးစည်းညီညွတ်ရေးကို ပြန်လည်ကြိုးစားနေရသည့် ကာလဖြစ်ပါသည်။ အမျိုးသားသွေးစည်းညီညွတ်ရေးကို မဖြစ်မနေတည်ဆောက်ရမည်ဟူသော သဘောထားကိုအခြေခံလျက် အောက်ပါအတိုင်း ဆောင်ရွက်သင့်သည်ဟု ယုံကြည်ပါသည်။

၅–၁။ နိုင်ငံတော်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီနှင့်အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အကြားပြုလုပ်နေသော နှစ်ဦးနှစ်ဖက်ဆွေးနွေးမှုများကို အရှိန်အဟုန်မြှင့်တင်ပြီး နိုင်ငံရေးသဘောတူညီချက်တရပ် ပေါ်ထွက်လာရေးအတွက် အလျင်အမြန် ဆောင်ရွက်ကြပါရန်။

၅–၂။ အကျဉ်းချခံထားရသော နိုင်ငံရေးအကျဉ်းသားများကို ပြန်လည်လွှတ်ပေးရန်။

၅–၃။ လူမျိုးစုနိုင်ငံရေးပါတီများ၊ လူမျိုးစုလက်နက်ကိုင်အဖွဲ့အစည်းများအား အမျိုးသားသွေးစည်းညီညွတ်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လွတ်လပ်စွာတွေ့ဆုံဆွေးနွေးညှိနှိုင်းရန်အတွက် လက်ရှိအစိုးရမှ အပစ်အခတ် ရပ်စဲရေးနှင့် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ကို ထုတ်ပြန်ဆောင်ရွက်ပေးရန်။

၅–၄။ လူမျိုးစုအဖွဲ့အစည်းများပါဝင်ခြင်းမရှိသော တွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းသည် တမျိုးသားလုံးပေါင်းစည်း ညီညွတ်ရေးဟူသော ရည်မှန်းချက်ကို အကောင်အထည်ဖော်ရန် အခက်အခဲနှင့်ရင်ဆိုင်ရမည်ဖြစ်သောကြောင့် နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ နှစ်ဦးနှစ်ဖက်ရရှိထားသော နိုင်ငံရေးသဘောတူညီချက်ကို အခြေခံ၍ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံမှချမှတ်ထားသောဆုံးဖြတ်ချက်များနှင့်အညီ ကျွန်ုပ်တို့အပါအဝင်ဖြစ်သော တိုင်းရင်းသားလူမျိုးစု အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ နိုင်ငံရေးသဘောတူညီချက်တရပ်ကို ရယူဆုံးဖြတ်ရန်။

၆။ အထက်ပါအတိုင်း အဆင့်ဆင့်ဆောင်ရွက်သွားပါက အေးချမ်းတည်ငြိမ်ပြီးတည်တံ့ခိုင်မြဲသည့် ပြည်ထောင်စုကြီး ပေါ်ထွန်း လာမည်ဟု ကျွန်ုပ်တို့အလေးအနက်ယုံကြည်ပါသည်။

၇။ ကျွန်ုပ်တို့ အခက်အခဲများကိုအလေးထားပြီး ကူညီဆောင်ရွက်ပေးနေသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းကြီးနှင့် အထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာကိုဖီအာနန်နှင့် ယင်း၏ကိုယ်စားလှယ်မစ္စတာရာဇာလီအစ္စမေးလ်နှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများကို အထူးကျေးဇူးတင်ရှိပါကြောင်းကိုလည်း အထူးဖော်ပြအပ်ပါကြောင်း။

–ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်။
–ရှမ်းပြည်ကိုးကန့်ဒီမိုကရေစီအဖွဲ့ချုပ်။
–မွန်အမျိုးသားဒီမိုကရေစီအဖွဲ့။
–ဇိုမီးအမျိုးသားကွန်ကရက်။
–ကရင်အမျိုးသားဒီမိုကရေစီကွန်ကရက်။
–ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်။

၂၀၀၂ ခုနှစ်၊ ဖေဖေါ်ဝါရီလ (၁၂) ရက်နေ့။

## ခါတကောင် ခံတပင်

အဘွားရွာဟာ ကဗျာမဟုတ်
ခံ့ငုတ်ကိုင်းစွန် ခါကျိုးတွန်လျက်
ပိုက်ကွန်ညွှတ်ကွင်း တောကြက်နင်းမှ
သားဟင်းတခွက် သွေးပွက်ပွက်ကို
ချက်ပြုတ်စားရ ဘဝစရိုက်
တိုက်ခိုက်ကြမ်းတမ်း ဆူးလမ်းမြေရိုင်း
သံမှုန်တိုင်း။

ဒီရွာစပ်မှာ သနပ်ခါးမြစ်
ကျောက်စရစ်ကို ကုတ်ခြစ်သက်ပြင်း
မွှေးနံ့သင်းလျက်....။
ရွာနီးပန်းပဲ ဖားဖိုဆွဲလျက်....
မီးရဲရဲတွင် ဆေးသားတင်တဲ့
စိမ်းလွင်သဲပြောင် ငှက်ခါးတောင်လို
ဓါးရောင်ဝင်းပြက် လွန်ထက်မြက်တယ်
ဒီရွာကန္တား အသွားလဲမြန်
အားလဲသန်တယ် ရန်းကန်ကုန်းကြိုး
ထမ်းပိုးတုန်းက မီးဟုန်းဟုန်းတောက်
သင်မကြောက်တယ် သံမှုန်ကိုစား
ဒီရွာသားတို့ ခွန်အားကိုထုတ်
ဓါးကိုခုတ်က ရှားငုတ်နှစ်က
မီးလျှံထလိမ့်။

အမွှေးဆုံးသနပ်ခါး ပေါက်ရောက်ရာ
အထက်ဆုံးဓါး....ထုလုပ်ရာ
အသွားဆုံးနွား....မွေးဖွားရာ
အသန်ဆုံးအား....လှုပ်ရှားရာ
ဒီရွာဒီရွာ....အဘွားရွာ။

သြော်....အဘွားရွာဟာ ကဗျာမဟုတ်
"ခံ့ငုတ်ကိုင်းမွန်....ခါကျိုးတွန်လျက်"
အဘွားစကား နားကကြားယောင်
"ငါ့မြေးသတ္တိကောင်းတဲ့ခါငှက်ဟာ
ပေါင်ကျိုးပေမယ့်
တွန်သံမပျက် တွန်မြဲတွန်တယ်...."

"အပွင့်အခူးခံရ အသီးအဆွတ်ခံရ
ခံရတဲ့ဘက်ကချည့် အမြဲနေရတဲ့
ခံပင်ဟာ....ဆူးကိုအမြဲချွန်ထားတယ်"

အဘွားရွာမှာ
ခါပေါင်ကျိုးလဲ....တွန်မြဲတွန်လျက်
တွန်နေတယ်
ခံပင်ဆူးလဲ....ချွန်မြဲချွန်လျက်
ချွန်နေတယ်။

ကြည်အောင်

# မြန်မာ့ဒီမိုကရေစီအရေးတော်ပုံစာမျက်နှာ

BINA
Burma Independent News Agency
မြန်မာနိုင်ငံ လွတ်လပ်သည့်
သတင်း အေဂျင်စီ

မိုးကြိုး သတင်းစဉ် အမှတ် (၂၈)



## ပင်လုံစိတ်ဓာတ်

ပင်လုံစိတ်ဓာတ်ဟာဘာလဲ။ ပင်လုံစိတ်ဓာတ်ဟာ တဦးကိုတဦးယုံကြည်တဲ့စိတ်ပဲ။ ဘယ်သူကမှ ဘယ်သူကို အပေါ်ကနေ ဖိုလ်ကျနေတာ မဟုတ်ဘူး။ အားလုံးတန်းတူရည်တူ ညီတူဆိုတဲ့စိတ်ဓာတ်ဘဲ၊ ဗမာတွေ ဖိုလ်ကျမယ်ဆိုတဲ့ စိတ်မထားခဲ့ဘူး၊ ဗမာတွေဟာ လူများစုကြီးဖြစ်တယ်၊ လူများစုကြီးဖြစ်နေတဲ့အတွက် လူနည်းစုတွေကို ပိုပြီးတော့ ညာတာရမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့လုပ်ခဲ့တယ်။ လူနည်းစုဖြစ်တဲ့ တိုင်းရင်းသားများကလည်း ဒါကိုသဘောကျမှာပေါ့။ ငါတို့ဟာ လူများစုဖြစ်လို့ ငါတို့အားရှိလို့ ငါတို့ဟာထိပ်ဆုံးကနေမယ် ဆိုတဲ့စိတ်ဓာတ် ကျမတို့လွတ်လပ်ရေး ခေါင်းဆောင်များဟာ လုပ်ခဲ့လို့ရှိရင် ကျမတို့ရဲ့ တိုင်းရင်းသားများဟာ ဒါကိုလက်ခံ နိုင်မှာမဟုတ်ဘူး။ ခင်ဗျားတို့က အင်အားကြီးလို့ ခင်ဗျားတို့က လူများစုမို့လို့ ဒို့ကိုထိခိုက်မှာလားဆိုတဲ့ စိတ်ဓာတ်တွေဖြစ်လာမှာပေါ့။ ပင်လုံစိတ်ဓာတ်ဆိုတာ အားလုံးကိုတန်းတူရည်တူ ဆက်ဆံတဲ့စိတ်ဓာတ်ပဲ။ အားလုံးဟာ သူ့ရဲ့တန်ဖိုးရှိတယ်ဆိုတဲ့ စိတ်ဓာတ်ပဲ။ လူများစုမို့လို့ ပိုပြီးတော့ အင်အားရှိတယ်ဆိုတာကိုလည်း ကျမတို့လက်မခံဘူး။ လူနည်းမို့လို့ အရေးမပါဘူးဆိုတာကိုလည်း ကျမတို့လက်မခံဘူး။ ပြည်ထောင်စုသားအားလုံးဟာတန်း တူညီတူရှိရမယ်ဆိုတဲ့မူပေါ်မှာ အခြေခံပြီးတော့ ဒီပင်လုံစိတ်ဟာပေါ်လာတာဘဲဖြစ်ပါတယ်။

## ဟိုဆေးရာမို့စ်နှင့် FeatureMagazine မှသတင်းထောက်တဦးတို့ တွေ့ဆုံမေးမြန်းခန်း

၁၉၉၆ ခုနှစ်အတွက် ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် အရှေ့တီမောခေါင်းဆောင် ဟိုဆေးရာမို့စ်ဟော်တာ နှင့် Feature Magazine သတင်းထောက်တဦးတွေ့ဆုံ မေးမြန်းခန်းကို ကောက်နုတ်ဘာသာပြန်ဆိုသည်။



**နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင်
မစ္စတာ ဟိုဆေးရာမို့စ်ဟော်တာ**

မေး– ငြိမ်းချမ်းရေးနိုဘယ်လ်ဆု အပ်နှင်းခြင်းခံရကြောင်းကြားသိရချိန်မှာ ဘယ်လိုခံစားရပါသလဲ။

ဖြေ– ဝမ်းမြောက်ဝမ်းသာဖြစ်မိပါတယ်။ သို့သော်ဒီဆုဟာကျနော်တို့ရဲ့ခေါင်းဆောင် ဇာနာနာဂတ်စမာအိုနဲ့ပဲထိုက်တန်ပါတယ်။ဘာကြောင့်လည်းဆိုတော့ဂတ်စမာအိုဟာသည်းခံခြင်းအသိရှိသူဖြစ်တယ်။ကျနော်တို့နှစ်ယောက်ဟာ အသိဉာဏ်အကြံစည်ခြင်းအားလုံးတူညီတယ်။ ပြောရရင်ဂတ်စမာအိုသာလျှင်ဒီဆုနဲ့ထိုက်တန်ပါတယ်။ ကျနော်နဲ့မထိုက်တန်ပါဘူး။ ဒါပေမယ့် တချိန်တည်းမှာပဲအရှေ့တီမောကို ပြောင်းလဲမှု ဖြစ်ပေါ်စေခဲ့ပါတယ်၊မတွေ့ဘူး၊ မမြင်းဘူးတဲ့ လူတွေကအစသမတတွေ၊ ဧကရာဇ်ဘုရင်တွေအဆုံး ကမ္ဘာပြည်သူတရပ်လုံးကအရှေ့တီမောကိုသိလာတယ်၊ ကျနော်တို့ကိုတွေ့ချင်လာကြပါတယ်။ ဒါ့အပြင် ကမ္ဘာ့သတင်းစာဆရာတို့ကလည်း အရှေ့တီမောပြဿနာအဖြစ်သနစ်အပေါ် အာရုံစိုက်လာကြပါတယ်။

ဒါကြောင့်ဒီငြိမ်းချမ်းရေးနိုဘယ်လ်ဆုဟာအရှေ့တီမောအောင်ပွဲရဲ့အရင်းမူလအဓိကဖြစ်ပါတယ်။ တကယ်လို့ဒီဆုသာမဖြစ်ခဲ့ရင် ဆုဟာတိုဟာထိုင်ခုံပေါ်က ဆင်းပေးပေမယ့် နောက်တက်လာတဲ့အစိုးရသစ်က အရှေ့တီမောအပေါ်ပြောင်းလဲပေးမယ့် ပေါ်လစီရှိမှာမဟုတ်ဘူးလို့ကျနော်ယုံကြည်ပါတယ်။ ခုတော့ဒီနိုဘယ်လ်ဆုက ကမ္ဘာပြည်သူတရပ်လုံးကိုအာရုံစိုက်လာစေပြီး ကမ္ဘာ့အတိုင်းအတာပြဿနာအဆင့်ထိမြှင့်တင်ပေးနိုင်ခဲ့လို့ နိုင်ငံတကာက အင်ဒိုနီးရှားအပေါ် ဖိအားပေးလာပါတယ်၊ အင်ဒိုနီးရှားမှာလည်း စီးပွားရေးကပ်ဆိုက်နေချိန်ဖြစ်တဲ့အတွက် နိုင်ငံတကာအကူအညီလိုအပ်နေပါတယ်။ ဒါကြောင့်နိုင်ငံတကာရဲ့ အကူအညီလိုရင် နိုင်ငံတကာအမြင်ကောင်းလာအောင် နည်းလမ်းသစ်တွေ ဖန်တီးပြုပြင်ပေးရတယ်။ တကယ်လို့ အင်ဒိုနီးရှားသာ စီးပွားရေးပြဿနာ ကပ်မဆိုက်ခဲ့ရင် အရှေ့တီမောရဲ့လွတ်လပ်ရေး စာချုပ်ကိုလက်လှတ်ပေးမှာမဟုတ်ဘူး။

မေး– ဆန်းစစ်ကြည့်မယ်ဆိုရင်ဒီနိုဘယ်လ်ဆုဟာ အင်မတန်မှအရေးကြီးတယ်လို့ဆိုရမှာပါ။ ဒါပေမယ့် ဘယ်လိုတဲ ဒေါ်အောင်ဆန်းစုကြည်လည်း နိုဘယ်လ်ဆုရခဲ့ပေမယ့် မြန်မာပြည်မှာအပြောင်းအလဲတွေဘာကြောင့်မပေါ်ပေါက်လာခဲ့တာလဲ။

ဖြေ– အမှန်ကိုပြောရရင်မြန်မာပြည်က ဆုဟာတိုတို့ထက်စီးပွားရေးနိမ့်ကျပါတယ်။ ဒါပေမယ့် မြန်မာပြည်အခြေအနေကို ကြည့်ရင် တိုက်ပွဲဟာရပ်တန့်နေသလိုဖြစ်နေပြီး ကျနော်အနေနဲ့ပြောရရင်တိုင်းရင်းသားခေါင်းဆောင် အချင်းချင်းအခြေခံညီညွတ်မှုကင်းမဲ့နေတာကြောင့် အောင်ပွဲကနှေးကွေးနေရတာ ဖြစ်ပါတယ်။ (SLORC-ယခု SPDC)အပေါ်မှာသူတို့အမြင် တူကြပေမယ့် အချင်းချင်းမှာ ညီညွတ်မှုမရှိကြပါဘူး။ အချို့အဖွဲ့တွေကတော့ဖြိုခွင်းခံခဲ့ရတယ်။ အချို့အဖွဲ့တွေကအပစ်အခတ်ရပ်စဲထားတယ်။ အချို့အဖွဲ့တွေက အဖော်မဲ့တကိုယ်တော်တော်လှန်တိုက်ခိုက်နေတယ်။ အချို့အဖွဲ့တွေက ယိုးဒယား၊ ဥရောပ၊ အမေရိကရောက်နေတယ်။ အောင်ဆန်းစုကြည်တယောက်တည်း အိမ်မှာအကျယ်ချုပ်အထိန်းသိမ်းခံနေရတယ်။

ဂတ်စမာအိုဟာတောခိုသွားခဲ့ပြီး နောက်တောင်ပေါ်မှာ တပ်ဖွဲ့စုစည်းပြီး၊အရှေ့တီမောရဲ့ခေါင်းဆောင်အဖြစ်တော်လှန်တိုက်ပွဲဆင်နွဲတဲ့အခါ အရှေ့တီမောပြည်သူတွေကညီညွတ်ကြတယ်။ သူတို့လွတ်လပ်ရေးအတွက်သူတို့စုစည်းညီညွတ်ခဲ့ကြတယ်။ ဒါ့အပြင် ခရစ်ယာန်ခေါင်းဆောင်များရဲ့ အားပေးမှုကိုအပြည့်အဝရယူနိုင်ခဲ့တယ်။ ခရစ်ယာန်ခေါင်းဆောင်တွေက အင်ဒိုနီးရှားအစိုးရကိုအကြိမ်ကြိမ်အခါခါ ပြင်းပြင်းထန်ထန် ဝေဖန်ပြောဆိုခဲ့ကြတယ်။

ဒါပေမယ့်မြန်မာပြည်မှာရှိကြတဲ့ ရဟန်းသံဃာတော်များနိုင်ငံရေးမှာပါဝင်လှုပ်ရှားနေတာကိုကျနော်မကြားခဲ့ဘူးပါ။ ဒေါ်အောင်ဆန်းစုကြည်ဟာ နိုင်ငံတကာကအကူအညီရပေမယ့်လည်း မိမိပြည်သူများရဲ့အားပေးမှု အပြည့်အဝမရရှိတာကြောင့်လည်းဖြစ်တယ်။ ကျနော်တို့နဲ့မတူပါ။ ကျနော်တို့က အတွင်းအပြင် နိုင်ငံတကာအကူအညီတွေလည်းရခဲ့တယ်။ ■

(Excerpt From Feature Magazine)

## မိတ်ဆွေများသို့ မေတ္တာစာ

ငါတို့ဘာလုပ်ကြမလဲ။

ပင်လယ်လိုငိုညည်းနေကြမှာလား....
မုန်တိုင်းလို
ရမ်းကားရှူးသွပ်မှာလား....
ခန့်မှန်းရခက်တဲ့ မိုးတိမ်တွေလို
မတည်မငြိမ်
ရွှေ့လျားနေကြမှာလား....
မီးတောင်လို
အချိန်စောင့်ပြီးမှ
ပေါက်ကွဲရမှာလား ။

တချို့က
အတိတ်ကို လှလှပပပြန်ရေး
ကိုယ်ရည်သွေးတီးလုံးတွေနဲ့ မွမ်းမံ
ပြတိုက်နံရံမှာ ချိတ်ဆွဲကျန်ရစ်ခဲ့....

တချို့က
ပညာရှိဝတ်ရုံခြုံလွှမ်း
ကျမ်းတွေ၊ နှီးနှောဖလှယ်ပွဲတွေ
စက္ကူပေါ်က စီမံကိန်းတွေနဲ့
လိုက်လို့မမှီအောင်
ချီတက်သွားကြပြီ....

တချို့လည်း
နာကျည်းဆဲ၊ ငိုကျွေးဆဲ
အလွမ်းတွေထဲမှာ နေသားတကျ
ဖန်ဆင်းခံရတဲ့ ဘဝတခုလို....

ငါ့ စပယ်ရုံလေးကတော့
အပွင့်တွေ ဝေလိုက်
အပွင့်တွေ ကြွေလိုက်
အရာခပ်သိမ်းကို
နားလည်ပေးလိုက်နဲ့
မိုက်မိုက်မဲမဲ၊ သင်းပျံ့ဆဲ.... ။

မိတ်ဆွေတို့ရေ
ဆောင်းပီသအောင်
နှင်းတွေကျလိုက်ကြပါစို့.... ။ ။

အောင်ဒင်
ဇန်နဝါရီ ၂၀၊ ၂၀၀၂
ညနေ (၆း၅၅)နာရီ